ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ တနင်္လာနေ့၊ (21-3-2016) (၈၅၁၂)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှံ့မမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# နေပြည်တော် သတ္တသတ္တာဟ မဟာဗောဓိစေတီတော် ပရိဝုဏ်တွင်ထားရှိသည့် သန္တိသဒ္ဒမဟာဃဏ္ဍငြိမ်းချမ်းရေးခေါင်းလောင်းတော် ရေစက်ချအောင်ပွဲ ကျင်းပ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဖဲကြိုးဖြတ်ဖွင့်လှစ်

**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ရည်ရွယ်၍ လှူဒါန်းသည့် သန္တိသဒ္ဒမဟာဃဏ္ဍ ငြိမ်းချမ်းရေး ခေါင်းလောင်းတော် ရေစက်ချအောင်ပွဲ မင်္ဂလာအခမ်းအနားကို နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် ပရိဝုဏ်တွင် ယနေ့နံနက် ၇ နာရီက ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မဟာဗောဓိရုပ်ရှင်တော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းတို့ကို ကပ်လှူပူဇော်သည်။

ထို့နောက် သန္တိသဒ္ဒမဟာဃဏ္ဍ ငြိမ်းချမ်းရေး ခေါင်းလောင်းတော် ရေစက်ချ မဟာမင်္ဂလာအခမ်းအနားကိုကျင်းပရာ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်ကြီးထံ သန္တိသဒ္ဒမဟာဃဏ္ဍငြိမ်းချမ်းရေးခေါင်းလောင်းတော်နှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းစဉ်။ (မြဝတီ)

အကောင်းဆုံး ထွန်းသစ်စနိုင်ငံ
စာမျက်နှာ - ၂

ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ မြောက်ကိုရီးယားလိုက်နာရန် ဘန်ကီမွန်းတိုက်တွန်း
စာမျက်နှာ - ၄

ကျေးလက်နေပြည်သူများ နွေရာသီတွင် သောက်သုံးရေအခက်အခဲမရှိစေရန် စက်ရေတွင်းတူးဖော်ဆောင်ရွက်
စာမျက်နှာ - ၁၆



ကြေးမုံ စာ တည်း ရှု ထောင့် ၂၁-၃-၂၀၁၆၊ တနင်္လာနေ့

# အကောင်းဆုံးထွန်းသစ်စနိုင်ငံ

**“အခွင့်အလမ်းအသစ်တွေနဲ့ စိန်ခေါ်မှုအသစ်တွေအတွက် အဆင်သင့်ဖြစ်နေကြဖို့”** စစ်ကိုင်းမြို့ ရွာသစ်ကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အနာဂတ်အတွက်အသိပေးပြောကြားခဲ့သည်။

မျက်မှောက်ကာလ နိုင်ငံတကာမဟာဗျူဟာအပြောင်းအလဲများနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများဖြစ်ပေါ်နေချိန်တွင် ပေါ်ထွက်လာသည့် အခွင့်အလမ်းသစ်များ၊ စိန်ခေါ်မှုအသစ်များအား သတိပြုမိစေရန် နိုင်ငံတော်သမ္မတကြီးက အသိပေးပြောကြားခဲ့ခြင်းဖြစ်သည်။ တစ်ဆက်တည်းတွင် အသိပညာခေတ်တွင် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးကိုလည်း တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတကြီးက မျိုးဆက်သစ်လူငယ်လူရွယ်များ အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့်သူများဖြစ်အောင် မွန်မြတ်သည့်စေတနာဖြင့် ပြောကြားခဲ့ခြင်းဖြစ်သည်။ မျက်မှောက်ကာလ မိုဘိုင်းဖုန်းယဉ်ကျေးမှုပေါ်ပေါက်လာချိန်တွင် လူငယ်လူရွယ်များနှင့် ကမ္ဘာကြီးကြားရွာကြီးသဖွယ်ဖြစ်လာသည်။ တစ်နေရာနှင့်တစ်နေရာ တိုးလျှိုပေါက် ဆက်သွယ်ဆက်ဆံနိုင်ကြပြီဖြစ်သည်။

ထိုအချိန်ကာလတွင် အခွင့်အလမ်းသစ်၊ အခွင့်အလမ်းကောင်းများကို အမိအရ ရယူနိုင်ရေး အဆင်သင့်ဖြစ်နေကြရန်လိုသကဲ့သို့ ထိုအခြေအနေကောင်းများနှင့်အတူ ဒွန်တွဲပါရှိလာမည့် လွဲမှားသောအသိအမြင်များ၊ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ဖြေရှင်းကျော်ဖြတ်နိုင်ရေးအတွက် အသင့်ဖြစ်နေအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ နောက်တစ်နေ့တွင် ကြုံတွေ့ရမည့်အရာတိုင်းအတွက် အဆင်သင့်ဖြစ်နေစေရန် ယနေ့ကြိုတင်ပြင်ဆင်အားထုတ်ထားရမည်ဖြစ်သည်။

မည်သည့်အကြောင်းကိစ္စတွင်မဆို မျှော်မှန်းသည့်အတိုင်း ဖြစ်လာနိုင်သကဲ့သို့ ဖြစ်မလာသည်များလည်းရှိသည်။ မျှော်မှန်းရခက်ခဲသောအရာများအတွက် ကြုံတွေ့ရမည့်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်မှာ အရာရာအဆင်သင့်ဖြစ်အောင် မိမိကိုယ်ကိုမိမိ အစဉ်အမြဲပျိုးထောင်ပြုပြင်နေခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်သည်။

မြန်မာ့နိုင်ငံရေးတွင်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေး ပထမငါးနှစ်တာကာလအတွင်း အကောင်းဆုံးဟုမဆိုနိုင်သော်လည်း အဘက်ဘက်တွင် မျှော်လင့်စရာအကောင်းဆုံးအဖြစ် ကြိုးပမ်းတည်ဆောက်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။ ထိုကဲ့သို့ အခြေအနေကောင်းများကို တည်ဆောက်နိုင်ခဲ့သောကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာနိုင်ငံအား လာမည့်ဆယ်နှစ်တာကာလအတွင်း အကောင်းဆုံးထွန်းသစ်စ နိုင်ငံတစ်နိုင်ငံအဖြစ် စောင့်ကြည့်နေကြပြီဖြစ်သည်။

တကယ်တမ်းတွင်လည်း မြန်မာနိုင်ငံသည် ၂၁ ရာစုအတွင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံတကာအလယ်၌ အတုယူစရာအကောင်းဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေသည်မှာ အမှန်ဖြစ်သည်။ ထိုသို့ဖြစ်လာအောင်လည်း လမ်းခင်းပုံဖော်ပေးခဲ့သူတာဝန်ရှိသူများနှင့်တကွ ပြည်သူပြည်သားအားလုံးတို့အား ကျေးဇူးတင်ရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် တိုင်းသူပြည်သားများ နိုင်ငံအတွက်ကြိုးပမ်းအားထုတ်နေရမည်ဖြစ်သလို စည်းလုံးညီညွတ်ကြမှသာ အင်အားတောင့်တင်းသောနိုင်ငံဖြစ်လာမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာကလည်း တလေးတစားနှင့် အလေးထားလာမည်ဖြစ်သည်။ ယုံကြည်ချက်များ မည်မျှပင်ကွဲလွဲစေကာမူ ဘုံရည်မှန်းချက်များကို ရှာဖွေနိုင်ရမည်ဖြစ်သည်။

အားလုံးအတွက် ပြီးပြည့်စုံသောအနေအထား၊ မျှော်မှန်းထားသည့်အနေအထားကို အပြည့်အဝရောက်နိုင်မည်မဟုတ်သေးသော်လည်း ရရှိလာသည့်အခွင့်အလမ်းကောင်းများအပေါ် မူတည်၍ အကောင်းဆုံးဆက်လက်ကြိုးပမ်းစွမ်းဆောင်ကြရမည်ဖြစ်သည်။ ။



## ပူပြင်းသည့်ရာသီအချိန်ဖြစ်သော်လည်း ပုဂံ၊ ညောင်ဦးမြို့သို့ ဘုရားဖူးဧည့်သည် အများအပြားလာရောက်ဖူးမြော်

**ညောင်ဦး မတ် ၂၀**

ယခုအချိန် ရာသီဥတုပူပြင်းသည့်ကာလဖြစ်သော်လည်း ယဉ်ကျေးမှုအမွေအနှစ်များစွာ ပေါကြွယ်ဝသည့် ပုဂံ၊ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် အများအပြား လာရောက်ဖူးမြော်နေကြ၍ တန်ခိုးကြီးဘုရားများနှင့် နေရာအနှံ့အပြားမှ ဘုရားစေတီ၊ ပုထိုးများတွင် ဘုရားဖူးဧည့်သည်များဖြင့် အထူးပင်စည်ကားနေသည်ကို တွေ့မြင်ရသည်။

ဘုရားဖူးဧည့်သည်များမှာ နံနက်ပိုင်းမှ နေဝင်မိုးချုပ်အထိ ဘုရားဖူးလည်ပတ်နေခြင်းကြောင့် ယခုရက်ပိုင်းအတွင်း ပုဂံ၊ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသတွင် ဘုရားဖူးဧည့်သည်များဖြင့် အထူးပင်စည်ကားနေကြောင်း သိရသည်။

“ကျွန်မတို့ ပုဂံ၊ညောင်ဦးမြို့ကို အခုရက်ပိုင်းအတွင်း ပြည်တွင်း ပြည်ပဘုရားဖူးဧည့်သည်များ တစ်ရက်နဲ့တစ်ရက် ပိုပိုများလာပါတယ်။ စောစောပိုင်းက ဘုရားဖူးဧည့်သည်တွေများတယ်ဆိုပေမယ့် ဒီလောက်သိပ်မများပါဘူး။ အခုလို ဘုရားဖူးဧည့်သည်တွေများနေတာကလည်း ကျွန်မစိတ်အထင်တော့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးချိန်ဖြစ်လို့ ဘုရားဖူးဧည့်သည်တွေ ပိုများလာတာထင်ပါတယ်။”

“ဒီအချိန်က အယ်နီညိုကြောင့် ရာသီဥတုက အလွန်ပူပြင်းပါတယ်။ ဒီလို ရာသီပူပြင်းတာတောင် ဘုရားဖူးဧည့်သည်တွေ အလွန်များနေတဲ့အတွက် ကျွန်မတို့ ပုဂံ၊ညောင်ဦးမြို့မှာရှိတဲ့ တန်ခိုးကြီးဘုရားတွေနဲ့ နေရာအနှံ့မှာရှိတဲ့ ဘုရားစေတီ၊ ပုထိုးတွေမှာ နေဝင်မိုးချုပ်အထိ ဘုရားဖူးဧည့်သည်တွေနဲ့ စည်ကားနေပါတယ်”ဟု ဒေသခံတစ်ဦးက ပြောသည်။

ရွှေဆံတော်ဘုရားအနီးမှ ဈေးသည်တစ်ဦးကလည်း “ဘုရားဖူးဧည့်သည်တွေများတော့ ဘုရားတိုင်းမှာရှိတဲ့ ကျွန်မတို့လို အမှတ်တရပစ္စည်းအရောင်းဆိုင်တွေနဲ့ အခြားစားသောက်ဆိုင်လုပ်ငန်းရှင်တွေအတွက်လည်း ဈေးရောင်းရလို့ အဆင်ပြေနေကြပါတယ်။ ဒါ့အပြင် ပြည်တွင်းဘုရားဖူးဧည့်သည်တွေကတော့ ကျွန်မတို့မြို့မှာ စွယ်တော်လေးဆူနဲ့ ပြည့်ငါးပြည့်ဘုရားတွေကို အဓိကထားဖူးမြော်ကြပါတယ်။ ပြည်ပနိုင်ငံခြားသားဧည့်သည်တွေကတော့ နေရာအနှံ့မှာရှိတဲ့ ဘုရားစုံကိုလည်ပတ်ကြပြီး အမှတ်တရမှတ်တမ်းဓာတ်ပုံတွေ ရိုက်ကူးကြပါတယ်။

“ဒါကြောင့် ကျွန်မတို့ ပုဂံ၊ညောင်ဦးမြို့မှာ ဘုရားဖူးဧည့်သည်တွေအလွန်များနေလို့ ဘုန်းကြီးကျောင်းတွေမှာ ခဏတည်းခိုနေထိုင်ရန်အတွက်ကို နေရာရဖို့မလွယ်ပါဘူး။ ဒီရက်ပိုင်းမှာ ဘုရားဖူးဧည့်သည်တွေများနေတာကြောင့် ကျွန်မတို့ ပုဂံညောင်ဦးမြို့က ဘုရားတွေမှာ အလွန်ကိုစည်ကားနေပါတယ်”ဟု ပြောသည်။

အယ်နီညိုဖြစ်စဉ်ကြောင့် ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိပြီဖြစ်သော်လည်း ပုဂံ၊ညောင်ဦးမြို့များသို့ ပြည်တွင်း ပြည်ပဘုရားဖူးဧည့်သည် အများအပြားလာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ဘော်ကြိုဘုရားပွဲတော်တွင် အခမဲ့ကျန်းမာရေးစမ်းသပ်ကုသပေး

**သီပေါ မတ် ၂၀**

သီပေါမြို့နယ် သမိုင်းဝင်ဘော်ကြိုဘုရားပွဲတော်တွင် လားရှိုးမြို့အခြေစိုက် Healthy Happy shop မှ ကျန်းမာရေးပညာရှင်များသည် ရဟန်းရှင်လူ၊ ပြည်သူများအား အခမဲ့ကျန်းမာရေး စမ်းသပ်ကုသပေးခြင်းကို မတ် ၁၇ ရက်မှစ၍ မတ် ၂၃ ရက် (တပေါင်းလပြည့်နေ့)အထိ ဘော်ကြိုကျောင်း တိုက်ဝင်းအတွင်း၌ ဆေးခန်းဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မျက်စိ၊ ဆီးချို၊ သွေးတိုး၊လေဖြတ်၊ ကျီးပေါင်း၊ ခါးနာခါးစောင်းနှင့် အကြောရောဂါဝေဒနာများကို ခေတ်မီဂျပန်စက်ကိရိယာများဖြင့် စမ်းသပ်ကုသပေးပြီး မတ် ၂၃ ရက် ညပိုင်းအထိ ဆက်လက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။**(သီပေါကိုလတ်)**



## မန္တလေး၌ ကျင်းပမည့် Job Fair 2016 တွင် အလုပ်အကိုင်အခွင့်အလမ်းများစွာပါဝင်မည်

**မန္တလေး မတ် ၂၀**

အလုပ်အကိုင်အခွင့်အလမ်း များစွာပါဝင်မည့် Job Fair 2016 အလုပ်အကိုင် အခွင့်အလမ်းများပြပွဲကို Mandalay Consultant Group (MCG)မှ တတိယအကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲကို မတ် ၂၃ ရက်တွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၇၈)လမ်း (၃၇) နှင့် (၃၈)လမ်းကြားရှိ Hotel Mandalay မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အလုပ်အကိုင်ရှာဖွေလိုသူများ လာရောက်လေ့လာကာ အလုပ်လျှောက်နိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ပူးပေါင်းပါဝင်သွားမည်ဖြစ်ပြီး အလုပ်သမားကတ်များကိုလည်း အခမဲ့ပြုလုပ်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတကာကုမ္ပဏီ စုစုပေါင်း ၁၅ ခု အပါအဝင် အလုပ်အကိုင်ကောင်းပြီး လစာများများရရှိနိုင်မည့် ပြည်တွင်းနာမည်ကျော် ကုမ္ပဏီများလည်း ပါဝင်မည်ဖြစ်သည်။ Blue Ocean Operating Management၊ Interpan Myanmar Online Gold Trading၊ Willmar၊ ဝေလီလှိုင်း၊ Triple Circle Industry Co., Ltd. DKSH (မြန်မာ) ဆေးကုမ္ပဏီ၊ အားမာန်သစ်ကုမ္ပဏီ (ကြံ့နှစ်ကောင်ဘီလပ်မြေ)၊ Call Center ကုမ္ပဏီတို့မှ ဝန်ထမ်း ၃၅၀ ခန့်အလုပ်ခေါ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုယ်ရေးအကျဉ်း၊ လျှောက်လွှာတင်ရာမှာစတင်ပြီး လိုအပ်သည့် မိတ္တူကူးခြင်း၊ အလုပ်သမားကတ်စသည့်လိုအပ်သည်များကို MCG က ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး အင်တာဗျူးရန် အခန်းများကိုလည်း စီစဉ်ပေးထားသည်။ တစ်နေ့တည်းသာကျင်းပမည့် JOB FAIR-MCG 2016 တွင် အလုပ်အကိုင်မရရှိခဲ့သော လျှောက်လွှာရှင်များကို MCG (Mandalay Consultant Group) မှ အလုပ်ရရှိသည်အထိ ဝန်ဆောင်ခအခမဲ့ဖြင့် ဆက်လက်၍ အလုပ်ရှာဖွေပေးမည်ဖြစ်ကြောင်း သိရသည်။

**(ဘဦး)**




ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ

**❁ နေပြည်တော်မှ**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

၎င်းနောက် ဆရာတော်ကြီးထံ သန္တိသဒ္ဒ မဟာယဏ္ဍ ငြိမ်းချမ်းရေးခေါင်းလောင်းတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြကာ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ရေစက်ချတရားနာယူကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က သန္တိသဒ္ဒ မဟာယဏ္ဍ ငြိမ်းချမ်းရေးခေါင်းလောင်းတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(ယာပုံ)** ခေါင်းလောင်းတော်အား ကိုးချက်ထိုး၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယနေ့ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် ပရိဝုဏ်၏အရှေ့ဘက်အရပ်တွင် တည်ထားလှူဒါန်းပူဇော်ခဲ့သော သန္တိသဒ္ဒမဟာယဏ္ဍ ငြိမ်းချမ်းရေးခေါင်းလောင်းတော်ကြီးသည် အမြင့် ငါးပေ၊ ထိပ်ဝအကျယ် လေးပေ တစ်လက်မနှင့် ကြေးအလေးချိန် ၆၁၂ ပိဿာရှိကြောင်း သိရသည်။

**(မြဝတီ)**



**❖ ကျောဖုံးမှ**

၂၀၁၀-၂၀၁၁ ခုနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု စုစုပေါင်း ၃၄၁၃ မဂ္ဂါဝပ်ရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် နိုင်ငံတစ်ဝန်း ဓာတ်အားပေးစက်ရုံများဖြစ်သည့် ရေအား ၃၁၈၅ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့ ၁၈၂၉ မဂ္ဂါဝပ်၊ ကျောက်မီးသွေး ၁၂၀ မဂ္ဂါဝပ်၊ ဒီဇယ် ၁၀၁ မဂ္ဂါဝပ်တို့မှ စုစုပေါင်း စက်တပ်ဆင်အင်အား ၅၂၃၅ မဂ္ဂါဝပ် ရှိလာပြီဖြစ်သည့်အတွက် လက်ရှိအစိုးရ တာဝန်ယူစဉ်ကာလအတွင်း လျှပ်စစ်ဓာတ်အား ၁၈၂၂ မဂ္ဂါဝပ်ခန့် တိုးချဲ့ထုတ်လုပ်နိုင်ခဲ့ကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရေအားလျှပ်စစ်စီမံကိန်းများဖြစ်သည့် အလယ်ပေါင်းလောင်း ၁၀၀ မဂ္ဂါဝပ်၊ ရွှေလီ-၃ ၁၀၅၀ မဂ္ဂါဝပ်၊ အထက်ရဲရွာ ၂၈၀ မဂ္ဂါဝပ်၊ သူဋ္ဌေး ၁၁၁ မဂ္ဂါဝပ်၊ အထက်ကျိုင်းတောင်း ၅၁ မဂ္ဂါဝပ်၊ အထက်နမ့်ထွမ် ၃ဒသမ၂ မဂ္ဂါဝပ်၊ ဒီးဒုတ် ၆၆ မဂ္ဂါဝပ်၊ သီလဝါ ၅၀ မဂ္ဂါဝပ်၊ မွန်ပြည်နယ် သထုံ ၁၀၆ မဂ္ဂါဝပ်နှင့် မြင်းခြံတွင် ၂၂၅ မဂ္ဂါဝပ်တို့အား တည်ဆောက်လျက်ရှိရာ စုစုပေါင်း ၂၀၄၂ ဒသမ ၂ မဂ္ဂါဝပ်ကို လျာထားနှစ်ထက် ဆောလျင်စွာပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိုင်းနိုင်ငံတွင် တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၄၀၀၀ ရှိသည့်အနက် မဂ္ဂါဝပ် ၂၇၀၀၀ သုံးစွဲနေကြောင်း၊ ၇၀၀၀ မဂ္ဂါဝပ်ခန့် အရန်ထားနိုင်ကြောင်း၊ ထိုင်းနိုင်ငံသည် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိပြီးဖြစ်သည့်အတွက် စက်မှုနှင့်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၇၀၀ မဂ္ဂါဝပ်ခန့်သာ သုံးစွဲနိုင်သေးသည့်အခြေအနေတွင် စီမံကိန်းအသစ်များကို မဆောင်ရွက်ခဲ့ပါက ဖွံ့ဖြိုးတိုးတက်ရန် နှောင့်နှေးမည်ဖြစ်ကြောင်း၊ ရေအားနှင့် ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့ စက်ရုံများတည်ဆောက်ပြီး ဓာတ်အားထုတ်လုပ်နိုင်မှသာ ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိနိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော်ဓာတ်အားစနစ်၏ ၂၀၁၅ ခုနှစ်အတွက် အမြင့်ဆုံးသော နွေရာသီဝန်အားသုံးစွဲမှုမှာ ၂၄၃၀ မဂ္ဂါဝပ်ခန့်ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးက ၁၀၅၀ မဂ္ဂါဝပ်ခန့် သုံးစွဲနေကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးက ၁၂၅၀ မဂ္ဂါဝပ်ခန့်အထိ တိုးတက်သုံးစွဲလာသည့်အတွက် ပြည်သူများနှင့် စက်မှုလုပ်ငန်းများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများအား စီမံကိန်းများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ သီလဝါ အထူးစီးပွားရေးဇုန်ကိုလည်း ဓာတ်အားလုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဓာတ်အားလိုအပ်ချက် မြင့်မားသည့် ရန်ကုန်တိုင်းဒေသကြီးကို အဓိကဓာတ်အားဖြည့်ဆည်းပေးနိုင်ရေးအတွက် သီလဝါဓာတ်အားပေးစက်ရုံကို အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi HIGUCHI က သီလဝါ ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်မှုနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သီလဝါ ၅၀ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ဖွင့်လှစ်လိုက်သည့်အပေါ် ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ဘက်စုံပညာထူးချွန်လူငယ်၊ ကင်းထောက်လူငယ်၊ ကြက်ခြေနီလူငယ်တို့က ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သီလဝါ ၅၀ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ကမ္ပည်းမော်ကွန်းအား ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးပြီး ဓာတ်အားပေးစက်ရုံအတွင်း စက်များတပ်ဆင်ထားမှုအား လိုက်လံကြည့်ရှုကြသည်။**(အောက်ပုံ)**

ယခုအစိုးရလက်ထက်တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ထိုင်းနိုင်ငံမှ ကူညီမှုဖြင့် ၁၂၀ မဂ္ဂါဝပ် ဓာတ်ငွေ့တာဘိုင် စက်နှစ်လုံးဖြင့် ၂၄၀ မဂ္ဂါဝပ် တပ်ဆင်အင်အားရှိသည့် ဓာတ်အားပေးစက်ရုံကို ပထမဆုံးအကြိမ် အကောင်အထည်ဖော်ခဲ့ပြီး ယနေ့ဖွင့်လှစ်လိုက်သည့် သီလဝါ ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသည် ဒုတိယမြောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သီလဝါ ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို Sumitomo Corporation ၏ နည်းပညာပိုင်းဆိုင်ရာကူညီမှုဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ (ODA) ချေးငွေ ဂျပန်ယန်း ၃၇၈၉ သန်းကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းမှထွက်ရှိသည့် ဇောတိကကမ်းလွန်သဘာဝဓာတ်ငွေ့ကို တစ်နေ့လျှင် ကုဗပေ ၁၅ သန်း အသုံးပြုပြီး ဓာတ်အားထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



သီလဝါ ၅၀ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို သီလဝါအထူးစီးပွားရေးဇုန်(အဆင့်က)၏ အရှေ့ဘက် မြေဧရိယာ (၃ ဒသမ ၂)ဟက်တာ (၇ ဒသမ ၉၁)ဧက အတွင်း တည်ဆောက်ထားပြီး လောင်စာနှင့် ဓာတ်ငွေ့နှစ်မျိုးသုံး ၂၅ မဂ္ဂါဝပ် ဓာတ်အားပေးစက် နှစ်လုံး တပ်ဆင်ထားပြီး စက်ရုံအတွက် ၂၄ ဒသမ ၈၅ မိုင်အရှည် သဘာဝဓာတ်ငွေ့ ၂၀ လက်မ ပိုက်လိုင်းကို တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်များမှ မဂ္ဂါဝပ် တစ်သိန်းခန့် ထုတ်လုပ်နိုင်သော်လည်း လက်ရှိမဂ္ဂါဝပ် ၃၀၀၀ ခန့်သာ ထုတ်လုပ်နိုင်သေးကြောင်း၊ ရေစီးသန်သည့် သံလွင်မြစ်ကိုအသုံးချပြီး အဆင့်ဆင့်ဆောင်ရွက်မည့် စီမံကိန်းများဖြစ်သည့် အထက်သံလွင် (ကွမ်းလုံ) ၁၄၀၀ မဂ္ဂါဝပ်၊ နောင်ဖ ၁၂၀၀ မဂ္ဂါဝပ်၊ မန်တောင်း ၂၂၅ မဂ္ဂါဝပ်၊ မိုင်းတုံ ၇၀၀၀ မဂ္ဂါဝပ် စီမံကိန်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် တမံအနိမ့် နည်းပညာများဖြင့်တည်ဆောက်၍ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက မြန်မာနိုင်ငံတစ်ဝန်း လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာမှ အမေရိကန်ဒေါ်လာ ၁၆၉၂ သန်းကို ချေးငွေအဖြစ်ရယူခဲ့ပြီး ၎င်းထဲမှ ယခုအစိုးရကာလတွင် ဒေါ်လာ ၁၀၃ ဒသမ ၉၀၂ သန်းကိုသာ သုံးစွဲခဲ့ပြီး ဒေါ်လာ ၁၅၈၈ သန်း ကျန်ရှိနေကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ရေနည်းရာသီတွင် မုံရွာ-ဟုမ္မလင်း-ခန္တီးနှင့်ဆက်စပ်နေရာများတွင် အနိမ့်ဆုံးရေမြင့်မှတ်အောက် လျော့နည်းနိုင်

**မုံရွာ မတ် ၂၀**

၁၉၉၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ၁၇ နှစ်တာ နှစ်စဉ်တိုင်းတာရရှိသော မြစ်ရေမှတ်အရ နွေရာသီရေနည်းကာလဖြစ်သော ဖေဖော်ဝါရီလမှ မေလအတွင်းသက်ဆိုင်ရာမြို့များ၏ အနိမ့်ဆုံးရေမြင့်မှတ်များအောက်သို့ရောက်လေ့ရှိသည်ကိုတွေ့ရသောကြောင့် ၂၀၁၆ ခုနှစ် ရေနည်းရာသီတွင်လည်း မုံရွာ-ဟုမ္မလင်း-ခန္တီးမြို့များနှင့်ဆက်စပ်နေရာများတွင် အနိမ့်ဆုံးရေမြင့်မှတ်အောက် လျော့နည်းလာဖွယ်ရှိသောကြောင့် ရေကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးထံမှ သိရသည်။

"ချင်းတွင်းမြစ်တစ်လျှောက် ချင်းတွင်းဝကနေ ခန္တီးမြို့အထိ ၈၁၇ ကီလိုမီတာရှည်လျားတဲ့ရေလမ်းကြောင်းအတွင်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာလနဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းဖြစ်ပေါ်ခဲ့တဲ့ ရေလမ်းကြောင်းအခြေအနေများအပေါ် အခြေခံပြီး ၂၀၁၆ ခုနှစ် ရေနည်းရာသီမှာ ချင်းတွင်းမြစ်အတွင်း ခုနစ်နေရာ ရေကြောင်းကျပ်တာနဲ့ကြုံတွေ့နိုင်ပါတယ်။ ကျောက်မျက်-မုံရွာရေလမ်း၊ အလုံအဆင်းရေလမ်းက နီပန်းဆိုင်းရေလမ်း၊ မဲဒင်အထက်ရေလမ်း၊ မင်းကင်းရေလမ်း၊ မော်လိုက်-ရှားပင်အဆင်းရေလမ်း၊ ဖောင်းပြင်နတ်စက်ရေလမ်းတို့ပဲဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဦးစီးမှူးက ပြောပြသည်။ ချင်းတွင်းမြစ်ရေလမ်းတစ်လျှောက် ရေလမ်းအသုံးပြုနေသူရေယာဉ်များအနေဖြင့် ခရီးလမ်းလုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် ၂၀၁၅ ခုနှစ် ဧပြီလမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ ရေပေါ်ပြအမှတ်အသား ၁၁၀၀ ခုနှင့် ကမ်းပေါ်ပြ အမှတ်အသား ၁၁၂၅ ခုတို့အား သတ်မှတ်ပြသပေးနိုင်ခဲ့ကြောင်း သိရသည်။ ချင်းတွင်းမြစ်ရေလမ်းကောင်းမွန်ရေးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဟုမ္မလင်းမြို့အဝင်ရေလမ်းရှိ အလျား ပေ ၂၅၀ နွေရေကာနှစ်ခုနှင့် အလျားပေ ၃၃၀ ရှိ သဲစုပ်သောင်တူးဖော်ခြင်း၊ ရိုးလာ-တပ်ကုန်းရေလမ်းရှိ အလျား ၄၉၂ ပေ ရေကာတာတည်ဆောက်ခြင်း၊ ကနီမြို့နယ် ပန်းဆိုင်းရေလမ်းတွင် အလျား ၁၇၇ ပေရှိ သဲစုပ်သောင်နှင့် အလုံရေလမ်းရှိ အလျား ပေ ၁၈၀ သဲစုပ်သောင်များကို သာမန်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ချင်းတွင်းဝ-မုံရွာရေလမ်းတွင် ပေ ၆၆၀ နှစ်တန်းသွားကျောက်ဖြည့်ရေကာနှင့် ၃၀၂ ပေရှိ ရေကာဟောင်းကို စွမ်းအားမြှင့်တင်နေသလို မင်းကင်းရေလမ်းတွင် ၁၂၇၄၀၁ ကုဗမီတာ သောင်တူးဖော်ခြင်း၊ မတောရေလမ်းတွင် ပေ ၃၄၀ ရှိရေကာဟောင်းကို စွမ်းအားမြှင့်တင်နေသလို အလုံရေလမ်းရှိပေ ၂၅၀ ရှိ နှစ်တန်းသွား မျောတိုင်တန်းကျောက်ဖြည့်ရေကာကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ရှားပင်ရေလမ်းကောင်းမွန်ရေးအတွက် အလျား ၃၂၈ ပေ သဲသောင်စုပ်ခြင်းကို ဆောင်ရွက်နေသလို မော်လိုက်ရေလမ်းတွင် အလျား ၉၈၄ ပေရှိ သဲသောင်စုပ်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**

# အမေရိကန်သမ္မတ အိုဘားမား ကျူးဘားခရီးစဉ် စတင်ပြီ

**ဟာဗားနား မတ် ၂၀**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ကျူးဘားနိုင်ငံသို့ မတ် ၂၀ ရက်တွင် ရောက်ရှိလာမည်ဖြစ်သည်။ ကျူးဘားကျွန်းနိုင်ငံသို့ အမေရိကန်သမ္မတတစ်ဦး အလည်အပတ်လာရောက်ခြင်းမှာ နှစ်ပေါင်း ၉၀ ခန့်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့် ကျူးဘားနိုင်ငံအကြား သံတမန်ရေးဆက်ဆံမှု ပြန်လည်ထူထောင်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ၁၅ လ အကြာတွင် သမ္မတအိုဘားမား၏ ကျူးဘားခရီးစဉ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်အတွင်း အမေရိကန်နှင့် ကျူးဘားနိုင်ငံတို့ သံရုံးများကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြသည်။ ၎င်းအပြင် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းခရီးစဉ်များ ပို့သန်းရေးအပါအဝင် သဘောတူညီချက်အများအပြားကို ရရှိခဲ့ကြသည်။

သမ္မတအိုဘားမားသည် ကျူးဘားနိုင်ငံ၌ နှစ်ရက်ခွဲကြာနေထိုင်မည်ဖြစ်သည်။ သမ္မတ အိုဘားမားသည် ကျူးဘားသမ္မတ ရာအူးလ် ကက်စထရိုနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ကက်စထရို တည်ခင်းမည့် နိုင်ငံတော် ညစာစားပွဲသို့ တက်ရောက်မည်ဖြစ်သည်။ သမ္မတအိုဘားမားသည် ကျူးဘားနိုင်ငံ၌ ရှိနေစဉ် စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

သမ္မတ အိုဘားမားသည် မတ် ၂၂ ရက်တွင် သမိုင်းဝင် မိန့်ခွန်းတစ်ရပ်အဖြစ် ကျူးဘားပြည်သူတို့အား တိုက်ရိုက်မိန့်ခွန်းပြောကြားရန်လည်း စီစဉ်ထားသည်။ သမ္မတ အိုဘားမားသည် မြို့တော် ဟာဗားနားရှိ နာမည်ကျော် သမိုင်းဝင် နေရာဌာနများသို့လည်း သွားရောက် ကြည့်ရှုလေ့လာမည်ဖြစ်သည်။

ကျူးဘားနိုင်ငံသို့ သမ္မတ အိုဘားမား အလည်အပတ်သွားရောက်ခြင်းနှင့်ပတ်သက်၍ ကျူးဘားနွယ်ဖွား အမေရိကန်နိုင်ငံသား ဒီမိုကရက်များနှင့် ရီပတ်ဘလီကန်အမတ်တို့က ကန့်ကွက်ခဲ့ကြသည်။ **ရိုက်တာ။**



အိုဘားမားနှင့် ကျူးဘားသမ္မတ ရာအူးလ် ကက်စထရိုတို့၏ ပိုစတာနှင့်အတူ ကမ္ဘာလှည့်ခရီးသည်များ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။

# တရုတ်ကုန်တင်ကားတစ်စီး ပေါက်ကွဲမှုကြောင့် လူငါးဦး သေဆုံး

**ပေကျင်း မတ် ၂၀**

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်ရှိ အဝေးပြေးလမ်းမတစ်ခုတွင် ကုန်တင်ကားတစ်စီး ပေါက်ကွဲမှုကြောင့် အနည်းဆုံး လူငါးဦးသေဆုံးပြီး ၂၀ ခန့် ဒဏ်ရာရရှိခဲ့သည်။

မီးလောင်လွယ်သည့် ကုန်ပစ္စည်းများ တင်ဆောင်လာသည်ဟု ယူဆရသည့် ကုန်တင်ကားတစ်စီး မတ် ၁၉ ရက်ညတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ပြောကြားသည်။ ယင်းပေါက်ကွဲမှုအတွင်း ယာဉ်ခုနစ်စီး မီးကူးစက်လောင်ကျွမ်းသွားခဲ့သည်။

ဗီဒီယိုပြကွက်များတွင် ပေါက်ကွဲသည့်နေရာတွင် ယာဉ်အပိုင်းအစများ မီးလောင်နေသည်ကို တွေ့ရှိရပြီး လမ်းမပေါ်တွင် အပျက်အစီးအပိုင်းအစများကိုလည်း တွေ့ရသည်။ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာတွင် စင်တီမီတာ ၆၀ ခန့် နက်သည့် တွင်းကြီးတစ်ခုတွေ့ရသည်ဟု ဒေသခံသတင်းမီဒီယာများက ဖော်ပြကြသည်။ တာဝန်ရှိသူများက ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**




# နယူးယောက်မြို့တွင် ဒေါ်နယ်ထရမ့်ကို ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်

**နယူးယောက် မတ် ၂၀**

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကန်သမ္မတလောင်းဖြစ်ရန် ဝင်ရောက်ယှဉ်ပြိုင်နေသူ ဒေါ်နယ်ထရမ့်ကို ၎င်း၏ဇာတိ နယူးယောက်မြို့တွင် မလိုလားသူများက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ယင်းဆန္ဒပြကန့်ကွက်မှုကို လူမှုအဖွဲ့အစည်းတစ်ခုက စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြသူ လူ ၂၀၀၀ ခန့်က မတ် ၁၉ ရက်တွင် ဒေါ်နယ်ထရမ့်ဟု အမည်ပေးထားသည့် ဟိုတယ်တစ်ခုရှေ့တွင် စုဝေး၍ ဆန္ဒပြခဲ့ခြင်းဖြစ်သည်။ ဆန္ဒပြသူများက ဒေါ်နယ်ထရမ့်ကို ဆန့်ကျင်ရှုတ်ချသည့် ဆိုင်းဘုတ်များကိုင်ဆောင်ကာ “ဒေါ်နယ်ထရမ့် ထွက်သွား” ဟု အော်ဟစ်ကြွေးကြော်ခဲ့ကြသည်။ ယင်းနောက်ဆန္ဒပြသူများသည် ဒေါ်နယ်ထရမ့်၏ နေအိမ်နှင့် ရုံးခန်းတည်ရှိသည့် ထရမ့်တာဝါသို့ ချီတက်ခဲ့ကြသည်။

ပြည်ပနိုင်ငံများစွာမှ အခြေချနေထိုင်သူအများအပြားရှိသည့် နယူးယောက်မြို့ကို ဒေါ်နယ်ထရမ့်ကိုယ်စားပြုနိုင်မည်မဟုတ်ကြောင်းနှင့် ထရမ့်သည် မလိုမုန်းထားဘက်လိုက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်း၏ သင်္ကေတဖြစ်ပြီး မိမိအနေဖြင့် ထရမ့်ကို ဆန့်ကျင်ကန့်ကွက်သွားမည်ဖြစ်ကြောင်း ဆန္ဒပြပွဲတွင်ပါဝင်သူ အစ္စလာမ်ဘာသာဝင် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ရီပတ်ဘလီကန်သမ္မတလောင်းရွေးချယ်ပြိုင်ပွဲများတွင် ဒေါ်နယ်ထရမ့်သည် အငြင်းပွားဖွယ်မှတ်ချက်စကားများ မကြာခဏပြောကြားခဲ့သူဖြစ်ပြီး ရီပတ်ဘလီကန်ပြိုင်ဘက်သမ္မတလောင်းများကို အသာစီးရထားသူဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# နာတူနာပင်လယ်အတွင်း တရုတ်ငါးဖမ်းရေယာဉ် ဝင်ရောက်မှုကိစ္စ အင်ဒိုနီးရှား ကန့်ကွက်မည်

**ဂျကာတာ မတ် ၂၀**

နာတူနာပင်လယ်အတွင်း တရုတ်ငါးဖမ်းရေယာဉ်တစ်စင်း ပါဝင်ပတ်သက်နေသော ဖြစ်စဉ်နှင့်ပတ်သက်၍ အင်ဒိုနီးရှားအစိုးရက မြို့တော်ဂျကာတာရှိ တရုတ်သံအမတ်ကြီးကို ဆင့်ခေါ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားရေလုပ်ငန်းဝန်ကြီး ဆူစီ ပူဂျီယာစတူတီက မတ် ၂၀ ရက်တွင် ပြောကြားသည်။

တောင်တရုတ်ပင်လယ်အတွင်း ရေပိုင်နက် အငြင်းပွားနေသော နေရာအနီး၌ ဥပဒေမဲ့ ငါးဖမ်းမှုဖြင့် တရုတ်ငါးဖမ်းရေယာဉ် တစ်စင်းကို ထိန်းသိမ်းနိုင်ရန် အင်ဒိုနီးရှားနိုင်ငံက ကြိုးပမ်းခဲ့ကြောင်း၊ သို့ရာတွင် တရုတ်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ ရေယာဉ်တစ်စင်းက ကြားဝင်နှောင့်ယှက်ခဲ့ကြောင်း အင်ဒိုနီးရှားရေလုပ်ငန်းဝန်ကြီးက သတင်းထောက်များအား ပြောကြားသည်။

နာတူနာ ပင်လယ်အတွင်း ၎င်း၏ ပင်လယ်ရေကြောင်း နယ်နိမိတ်အဖြစ် တရုတ်နိုင်ငံက သတ်မှတ်ထားခြင်းမရှိသောနေရာတွင် တရုတ်နိုင်ငံက ဥပဒေမဲ့ ငါးဖမ်းမှုများ ပြုလုပ်နေခြင်းနှင့်ပတ်သက်၍ မိမိတို့က မေးမြန်းလိုကြောင်း အင်ဒိုနီးရှားဝန်ကြီးက ပြောကြားသည်။

အရင်းအမြစ်ကြွယ်ဝသော နာတူနာ ကျွန်းစုဒေသသည် တောင်တရုတ်ပင်လယ်အတွင်း တည်ရှိသည်။ ဘော်နီယို အနောက်မြောက်ဘက် ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်တွင် ယင်းကျွန်းစုတည်ရှိသည်။

တောင်တရုတ်ပင်လယ်ပြင်အတွင်း ပိုင်နက်နယ်မြေ အငြင်းပွားမှုတွင် အင်ဒိုနီးရှားနိုင်ငံ ပါဝင်ပတ်သက်ခြင်းမရှိသော်လည်း နာတူနာကျွန်းစု ရေပြင်အတွင်းသို့ တရုတ်ငါးဖမ်းရေယာဉ်များ နယ်ကျူံဝင်ရောက်မှုနှင့်ပတ်သက်၍ စိုးရိမ်မကင်း ဖြစ်လျက်ရှိသည်။

**ရိုက်တာ။**

# ဖလိုင်းဒူဘိုင်းလေကြောင်းလိုင်း လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့သူများအတွက် တစ်ဦးလျှင် ဒေါ်လာ ၂၀၀၀၀ ပေးမည်

**ဒူဘိုင်း မတ် ၂၀**

ဒူဘိုင်းမြို့အခြေစိုက် ဖလိုင်းဒူဘိုင်းလေကြောင်းလိုင်းက ၎င်းတို့၏ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသူများအတွက် တစ်ဦးလျှင် ဒေါ်လာ ၂၀၀၀၀ စီကို ကျန်ရစ်သူမိသားစုဝင်ဆွေမျိုးများသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း မတ် ၂၀ ရက်တွင် ပြောကြားသည်။ ဖလိုင်းဒူဘိုင်းလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဒူဘိုင်းမြို့မှ ရုရှားနိုင်ငံတောင်ပိုင်းသို့ ပျံသန်းသွားစဉ် မတ် ၁၉ ရက်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်မတော်တဆပျက်မှုကြောင့် သေဆုံးခဲ့ရသူများ၏ မိသားစုဝင်ဆွေမျိုးများကို ဆက်သွယ်အကြောင်းကြားရန်မှာ မိမိတို့၏ ဦးစားပေးလုပ်ငန်းဖြစ်ကြောင်းနှင့် ထောက်ပံ့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းက ထုတ်ပြန်ကြေညာခဲ့သည်။ ခရီးသည် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀၀ စီ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။ ဖလိုင်းဒူဘိုင်းလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဒူဘိုင်းမြို့မှထွက်ခွာလာပြီး ရုရှားနိုင်ငံတောင်ပိုင်း ရိုစတော့ဗ်အွန်ဒွန်မြို့လေဆိပ်သို့ ဆင်းသက်ရန်ကြိုးပမ်းစဉ် လေယာဉ်ပြေးလမ်းကြောင်းနှင့်လွဲချော်ကာ ပျက်ကျခဲ့ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်လျက်ရှိပြီး သေဆုံးသွားသည့် ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ၏ ကျန်ရစ်သူမိသားစုဝင်ဆွေမျိုးများအတွက် အထူးပင်ဝမ်းနည်းကြေကွဲရပါသည်ဟု ဖလိုင်းဒူဘိုင်းလေကြောင်းလိုင်းအမှုဆောင်အရာရှိချုပ် ဂါသအယ်လ်ဂါသက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ဆင်ဟွာ။**

# ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ မြောက်ကိုရီးယားလိုက်နာရန် ဘန်ကီမွန်းတိုက်တွန်း



**ကုလသမဂ္ဂ မတ် ၂၀**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာရန်နှင့် တင်းမာမှုဖြစ်ပေါ်ရန် လှုံ့ဆော်ရာရောက်သော လှုပ်ရှားမှုများ ရပ်တန့်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည် ပစ်လွှတ်မှုအပါအဝင် စစ်ရေးလှုပ်ရှားမှုများကြောင့် တင်းမာမှုများဖြစ်ပေါ်နေရခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင် ဒူဂျာရစ်က အထက်ပါအတိုင်း ဖော်ပြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ အပါအဝင် နိုင်ငံတကာက လိုက်နာရမည့် တာဝန်ဝတ္တရားများကို လေးစားလိုက်နာရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်တွန်းကြောင်း စတီဖင်ဒူဂျာရစ်က ပြောကြားသည်။

**ဆင်ဟွာ။**

# သမိုင်းဝင် ရန်အောင်မြင် ရွှေလက်လှစေတီတော်မြတ်ကြီး (၈၄)ကြိမ်မြောက် သံဃဒါနဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**နေပြည်တော် မတ် ၂၀**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သမိုင်းဝင် ရန်အောင်မြင်ရွှေလက်လှစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းဆန်တော်လောင်းလှူပွဲကို (၈၄)ကြိမ်မြောက်အဖြစ် ယနေ့မွန်းလွဲ ၂ နာရီက အဆိုပါစေတီပရိဝုဏ်အတွင်း၌ကျင်းပသည်။ **(ယာပုံ)**

အဆိုပါဆွမ်းဆန်တော်လောင်းလှူပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်းရှိ အဖွဲ့အစည်းအသီးသီးမှ ဆွမ်းဆန်တော်လောင်းလှူကြသူများက ဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော်၊ သာမဏေနှင့် သီလရှင်များကို ဆွမ်းဆန်တော်များ လောင်းလှူကြသည်။

သမိုင်းဝင် ရန်အောင်မြင် ရွှေလက်လှစေတီတော်မြတ်ကြီး (၈၄)ကြိမ်မြောက် သံဃဒါန ဆွမ်းဆန်တော်လောင်းလှူပွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ ဘုန်းတော်ကြီးကျောင်း ၉၀၊ သီလရှင်ကျောင်း ခုနစ်ကျောင်းတို့မှ ဘုရားအမှူးပြုသော ရဟန်း သံဃာ ၄၁၁ ပါး၊ သာမဏေ ၁၀၈ ပါး၊ သီလရှင်အပါး ၈၀ တို့အား ဆွမ်းဆန်တော် လောင်းလှူသည့်အဖွဲ့ပေါင်း ၁၂၅ ဖွဲ့က ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။



ယနေ့လောင်းလှူသည့် ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုစုစုပေါင်းတန်ဖိုးမှာ ခန့်မှန်းငွေကျပ် ၇၁၆ သိန်းကျော်ဖြစ်ကြောင်း သိရသည်။ ဆွမ်းဆန်တော်လောင်းလှူပွဲကို တပေါင်းလတွင် နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်ပြီး (၈၄)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရှားငံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းဖွင့်လှစ်

**နေပြည်တော် မတ် ၂၀**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် မတ် ၁၈ ရက်တွင် ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့သို့ ရောက်ရှိပြီး ဝန်ကြီးဌာနမှ ငွေကျပ် သိန်း ၂၀၀၊ ဦးအောင်ဇော်မြင့်နှင့် ပြည်ထောင်စုဝန်ကြီးမိသားစုက ငွေကျပ် ၁၀ သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သည့် ဓနုမြေဘိုးဘွားရိပ်သာ၊ ဓမ္မာရုံ၌ အဘိုး အဘွားများအား အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ကန်တော့ပြီး သက်ဆိုင်သူများထံ မိသားစုသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးဌာနမှ ငွေကျပ် သိန်း ၃၀၀ ဖြင့် လှူဒါန်းထားသည့် ဘိုးဘွားရိပ်သာဆောင်ကို လှည့်လည်ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၁၉ ရက်တွင် ရှားငံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးဥက္ကဋ္ဌ ဦးထူးကိုကိုနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပြီး**(အောက်ပုံ)** နံ့သာရည်ပက်ဖျန်းပေးသည်။

ထို့နောက် စက်ချုပ်ပညာသင်တန်းပို့ချနေမှုကို အားပေးပြီး အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်တွင်းမှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ ၁၀ နှစ် စီမံကိန်း (၂၀၁၃-၂၀၂၂)၏အဓိကလုပ်ငန်းစဉ်(၁၂)ရပ်ပါ အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ အကြောင်း ရှင်းလင်းပြောကြားပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် သက်ဆိုင်သူများထံ မိသားစုသုံးပစ္စည်းများ ထောက်ပံ့ပေးပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**







# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၌ ဗုဒ္ဓဘာသာအဆုံးအမခံယူပွဲနှင့် ရှင်အပါး ၁၀၀ ရှင်ပြုအလှူပွဲကျင်းပ

**မိုင်းပျဉ်း မတ် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းဆရာတော် အရှင်သိရီဓမ္မ ဦးဆောင်၍ မန္တလေးမြို့ ရန်ကင်းအေးငြိမ်းရိပ်သာ သာသနာအကျိုးတော်ဆောင်အဖွဲ့မှ လှူဒါန်းမှုပြုသော ဗုဒ္ဓဘာသာ အဆုံးအမခံယူပွဲနှင့် ရှင်အပါး ၁၀၀ ရှင်ပြုအလှူမင်္ဂလာပွဲအခမ်းအနားကို မတ် ၁၉ ရက်က မိုင်းပျဉ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါပွဲတွင် မိုင်းပျဉ်းမြို့နယ် ဖာခမ်းအုပ်စုနှင့် ထန်ယျန်းအုပ်စုတို့မှ လားဟူတိုင်းရင်းသားအိမ်ထောင်စု ၄၁ စု၊ လူဦးရေ ၂၄၇ ဦးတို့သည် မိမိတို့၏ဆန္ဒအလျောက် နတ်ကိုးကွယ်မှုမှ မြတ်ဗုဒ္ဓ၏ အဆုံးအမကိုခံယူကာ ဗုဒ္ဓဘာသာသို့ကူးပြောင်းကြပြီး ၎င်းတို့၏ ရင်သွေးငယ်ကလေး ၁၀၀ တို့ကို ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# အသည်းရောင် စီပိုး ပပျောက်အောင် လက်တွဲဆောင်ရွက်သင့်

**မုံရွာ မတ် ၂၀**

လူထုလက်လှမ်းမီသော ပိုးစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းများကို လက်တွဲဆောင်ရွက်ခြင်းများဖြင့် အသည်းရောင်စီပိုး ပပျောက်အောင် တိုက်ဖျက်ရန်လိုကြောင်း မတ် ၂၀ ရက် နံနက်ပိုင်းက မုံရွာမြို့ တင်ဝင်းထွန်း သာသနာ့ဗိမာန်တော်ကြီးအတွင်း မြန်မာနိုင်ငံဆရာဝန်အသင်း(မုံရွာ)နှင့် အသည်းဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသော အသည်းနှင့်ပတ်သက်သည့် လူထုပညာပေးဟောပြောပွဲတွင် အသည်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ပြုံးကြည်ထံမှ သိရသည်။ "ကမ္ဘာပေါ်မှာ အသည်းရောင်စီပိုးရှိတဲ့သူ သန်း ၁၇၀ လောက်ရှိပြီး အသည်းရောင်စီပိုးဟာ ရောဂါလက္ခဏာမပြဘဲ လူအများမှာ ဖြစ်တဲ့ရောဂါပါ။ မြန်မာနိုင်ငံမှာ စီပိုးရှိသူ နှစ်ရာခိုင်နှုန်းကနေငါးရာခိုင်နှုန်းအတွင်းရှိပါတယ်။ လူထုလက်လှမ်းမီတဲ့ ပိုးစစ်ဆေးတာ၊ ဆေးကုသတာတွေကို လက်တွဲဆောင်ရွက်ရင်း အသည်းရောင်စီပိုးကို ပပျောက်အောင် တိုက်ဖို့လိုပါတယ်။ အသည်းဖောင်ဒေးရှင်းကိုလည်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က စတင်ဖွဲ့စည်းပြီး အသည်းရောင်အသားဝါရောဂါနဲ့ပတ်သက်ပြီး လူထုအသိပညာပေးဟောပြောတာတွေ၊ စမ်းသပ်စစ်ဆေးတာတွေနဲ့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ကုသတာနဲ့အတူ မြန်မာနိုင်ငံတစ်ဝန်း အသင်းခွဲပေါင်း ၃၀ ကျော်ဖွဲ့ပြီး ဆောင်ရွက်နေပါတယ်"ဟု ဒေါက်တာဒေါ်ခင်ပြုံးကြည်က ပြောပြသည်။

အသည်းရောင်စီပိုးကို ကုသသော လက်ရှိကုထုံး(PEG-IFN);RBV နှင့် ပေါင်း၍ ရက်တိုတိုနှင့်ကုသော ကုထုံးအသစ်ကို နှစ်အနည်းငယ်အတွင်း ရရှိနိုင်တော့မည်ဖြစ်ရာ ကုသရမည့်ကာလမှာ ရက်သတ္တ ရှစ်ပတ်၊ ၁၂ ပတ်၊ ၁၆ ပတ်နှင့် ၂၄ ပတ် စသည်ဖြင့်သာ ကြာတော့မည်ဖြစ်ကြောင်း အသည်းဖောင်ဒေးရှင်း၏ အသည်းရောင်အသားဝါစီပိုးရောဂါအကြောင်း လက်ကမ်းစာစောင်မှသိရသည်။ ကြာရှည်စွာ အသည်းရောင်ရမ်းနေသော Chronic Hepatitis ခံစားနေရသူများ၏ ၂၅ ရာခိုင်နှုန်းသည် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာရောဂါများ ဖြစ်ပွားနိုင်သော်လည်း အသည်းရောင်အသားဝါရောဂါ ဘီပိုးကို ထိရောက်စွာ ကုသနိုင်သော ဆေးသစ်များနှင့် နည်းလမ်းများ ပေါ်ပေါက်နေပြီဖြစ်ကြောင်း ဒေါက်တာဒေါ်ခင်ပြုံးကြည်ထံမှ သိရသည်။ **(မျိုးဝင်းထွန်း)**



# သက်ကြီးစာရေးဆရာကြီးများ ပူဇော်ကန်တော့ပွဲနှင့် အမှုဆောင်သစ် ပြန်လည်ရွေးချယ်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အင်းစိန်မြို့နယ် စာရေးဆရာအသင်း သက်ကြီးစာရေးဆရာကြီးများ ပူဇော်ကန်တော့ပွဲနှင့် နှစ်ပတ်လည်အမှုဆောင်သစ် ပြန်လည်ရွေးချယ်ပွဲကို မတ် ၁၂ ရက်က ကျင်းပရာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒါရိုက်တာဘုန်းဝေက အမှာစကားပြောကြားသည်။ ထို့နောက် သက်ကြီးစာရေးဆရာကြီးများအား ပူဇော်ကန်တော့ကြပြီးနောက် ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဒေါက်တာသန်းဦးက ဆုံးမဩဝါဒစကားပြောကြားသည်။

ထို့နောက် အမှုဆောင်သစ် ပြန်လည်ရွေးချယ်ပွဲကျင်းပရာ အင်းစိန်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌအဖြစ် ဦးဝင်းမြင့်(မောင်မောင်ဝင်းမြင့်-မှူခင်း)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးစိုးနိုင်(လှမိုးနိုင်)၊ အတွင်းရေးမှူးအဖြစ် ဦးအောင်မြင့် (မောင်နွယ်မြင့်-စာပေဗိမာန်ဆုရ)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် မောင်စိုးနွေ (သုံးဆယ်)၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်မြင့်မြင့်သိန်း(တက္ကသိုလ်မြမဥ္ဇူ)၊ စာရင်းစစ်အဖြစ် တော်မြင့်(ငှက်ဖျား)၊ အမှုဆောင်အဖွဲ့ဝင်များအဖြစ် ဦးသန်းစိုး(မြတ်လွမ်းနောင်-ပုတီးကုန်း)၊ ဆရာရန်မိုးအောင်(အင်းစိန်)၊ မောင်မောင်ကြီး (လှိုင်နယ်မြေ)တို့ကို ရွေးချယ်ခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာရေးဆရာအသင်းညီလာခံကိုယ်စားလှယ်အဖြစ် ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း)နှင့် ဦးစိုးနိုင် (လှမိုးနိုင်)တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# လူမှုအခြေပြု စာကြည့်တိုက်များ

## မြတ်စန်းငြိမ်း

Information Center for Every Youth စာကြည့်တိုက်ရဲ့ နှစ်ပတ်လည်နေ့ (ဩဂုတ် ၂၀၁၅) မှာ ဒီစာကြည့်တိုက်လေးဖြစ်တည်လာခဲ့ပုံကို ပြန်ပြောင်းအမှတ်ရမိပါတယ်။ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာတဲ့ မီးရှူးတိုင်တစ်ခုလိုပါပဲ။ စတင်မီးညှိလိုက်ကတည်းက မှန်ကန်တဲ့စနစ်တစ်ခုပေါ်မှာအခြေချလိုက်တယ်ဆိုတာ ဒီစာကြည့်တိုက်ရဲ့ သမိုင်းက သက်သေပြနေပါတယ်။ လွန်ခဲ့တဲ့ ၁၄ နှစ်က သန္ဓေတည်ခဲ့တာ အခုအချိန်ထိ ဆက်လက်ရှင်သန်အားပြည့်နေဆဲဖြစ်ပါတယ်။

ICE Youth ဆိုတာက လွန်ခဲ့တဲ့ ၁၄ နှစ်လောက်ကတည်းက Community Center အဆင့်ကို မျှော်မှန်းခဲ့ကြတာဖြစ်ပါတယ်။ For every Youth ဆိုတာကလည်း အားလုံးပူးပေါင်းပါဝင်တယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုပေါ်လွင်စေပါတယ်။ ICE Youth ကို စတင်တည်ထောင်သူများဟာ Senior Youth ကနေ အခုဆို Senior ICE Man တွေ ဖြစ်ကုန်ကြပါပြီ။

ကျွန်မရဲ့ စာကြည့်တိုက်မှူးသက်တမ်း နှစ် ၃၀ အတွင်းမှာ ဒီ ICE Youth စာကြည့်တိုက်ကို မျိုးဆက်တွေ တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းလာကြပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြတာ အခုဆိုရင် မျိုးဆက်လေးဆက်၊ ငါးဆက်လောက်အထိရောက်ခဲ့ပါပြီ။ ဆက်လက်လည်း ပူးပေါင်းဆောင်ရွက်နေဆဲပါ။

ဒီစာကြည့်တိုက်လေးဟာ ရန်ပုံငွေမရှိ၊ စာကြည့်တိုက်မှူးမရှိပေမယ့် စိတ်အားထက်သန်ပြီး တီထွင်ဖန်တီးလိုစိတ်ရှိတဲ့၊ စေတနာမှန်တဲ့ စေတနာ့ဝန်ထမ်းကျောင်းသားလူငယ်လေးများ ချမှတ်ထားတဲ့စနစ်က မှန်ကန်နေတဲ့အတွက်ကြောင့် အခုအချိန်ထိ ရေရှည်တည်တံ့အောင်မြင်နေတာဖြစ်ပါတယ်။ ဒီစေတနာမှန်တဲ့ Resource Person လူငယ်စေတနာ့ဝန်ထမ်းတွေရယ်၊ တစ်ဦးနှင့်တစ်ဦး ထိန်းကျောင်းပံ့ပိုးနေတာတွေရယ်ကြောင့် ရပ်ကွက်၊ လူမှုအဖွဲ့အစည်းတွေ၊ ပြည်သူတွေရဲ့ လိုအပ်ချက်ကို ပညာဒါနနဲ့ ဖြည့်ဆည်းပေးနိုင်ခဲ့ကြပါတယ်။

လူမှုအဖွဲ့အစည်းအတွက် လူငယ်စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်တွေဟာ စာဖတ်သူ၊ စာတတ်သူတိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ နေရာတစ်ခုဖြစ်ပါတယ်။ နိုင်ငံတကာက ပြည်သူ့စာကြည့်တိုက်တွေအများစုကိုတော့ သက်ဆိုင်ရာ မြူနီစီပယ်(စည်ပင်သာယာ) တွေက ရန်ပုံငွေချပေးပါတယ်။ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် အုပ်ချုပ်ရေးအပိုင်းတွေက ရန်ပုံငွေချပေးနိုင်တဲ့ Public Library Law တွေရှိပါတယ်။ စာကြည့်တိုက်၏မိတ်ဆွေများအုပ်စု၊ အသင်းအဖွဲ့နှင့် ဖောင်ဒေးရှင်းတွေကတော့ အစိုးရဘတ်ဂျက်ရဲ့ နောက်ဆက်တွဲရန်ပုံငွေတွေ ဖြစ်ပါတယ်။

စာကြည့်တိုက်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းအပြင် စာကြည့်တိုက်ရဲ့ မိတ်ဖက်အဖွဲ့အစည်းတွေကိုလည်း ရှာဖွေပူးပေါင်းဆောင်ရွက်ကြရပါတယ်။ Public-Private - Partnership ကို စာကြည့်တိုက်အသိုင်းအဝိုင်းများမှာလည်း အကောင်အထည်ဖော်နေကြပြီ ဖြစ်ပါတယ်။

ICE Youth စာကြည့်တိုက်လေးဟာလည်း အသွင်သစ်၊ အကြံဉာဏ်အသစ်များနှင့်အတူ မိတ်ဖက်အသစ်၊ အဟောင်းများနဲ့လက်တွဲပြီး ကလေးစာဖတ်ခန်း၊ တက်ဘလက် (Tablet) နှင့် အင်တာနက်၊ စာအုပ်သစ်များကို ဖြည့်ဆည်းရင်း Discover / Connect /Get Inspire ဆိုတဲ့ မီးရှူးတိုင်များနှင့်အတူ ရှေ့သို့လှမ်းချီလျက်ရှိပါတယ်။

ယနေ့ခေတ် လူမှုအခြေပြုစာကြည့်တိုက်၊ ရပ်ရွာအခြေပြုစာကြည့်တိုက်များမှာ အရည်အချင်းပြည့်ဝသော၊ စေတနာထက်သန်သော စာကြည့်တိုက်မှူးများ၊ စေတနာ့ဝန်ထမ်းလုပ်အားပေးများ၊ စာအုပ်စာတမ်းသတင်းအချက်အလက်များ၊ Mobile devices၊ အင်တာနက်များနဲ့ စာဖတ်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ စာဖတ်သူတွေရဲ့ ဖန်တီးနိုင်မှုစွမ်းအား၊ တွေးခေါ်မှုစွမ်းရည်တွေကို အထောက်အကူပြုနိုင်တဲ့ community center and library တွေအဖြစ်သို့ ပြောင်းလဲရပ်တည်နိုင်ဖို့ ကြိုးပမ်းအားထုတ်နေကြပြီဖြစ်ပါတယ်။ အဲ့ဒီလို ပြောင်းလဲရာမှာ စာကြည့်တိုက်ချစ်သူများအဖွဲ့၊ စာကြည့်တိုက်ထောက်ခံသူများအဖွဲ့တွေရဲ့ ပူးပေါင်းပါဝင်မှုတွေ၊ အစိုးရရဲ့စာကြည့်တိုက်များအတွက် ရန်ပုံငွေတွေဟာ အလွန်အရေးကြီးတယ်ဆိုတာ တင်ပြလိုပါတယ်။

လူမှုအခြေပြုစာကြည့်တိုက်၊ ရပ်ရွာစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်များ အောင်မြင်တိုးတက်စေဖို့ စာအုပ်အသစ်များ၊ စာကြည့်တိုက်ဝန်ဆောင်မှုအသစ်များကို စာဖတ်သူများနှင့် မိတ်ဆက်ပေးခြင်းအပြင် စာကြည့်တိုက်မှူးများက စာဖတ်သူများစာကြည့်တိုက်အသုံးပြုရာတွင်ဖြစ်စေ၊ သတင်းအချက်အလက်ရှာဖွေရာတွင်ဖြစ်စေ၊ အလုပ်အကိုင် ရှာဖွေရာတွင်ဖြစ်စေ အတတ်နိုင်ဆုံး ကူညီပံ့ပိုးသူများဖြစ်ဖို့ လိုအပ်ပါတယ်။

၂၀ ရာစု စာကြည့်တိုက်များဟာ ပြည်သူများအတွက် ဉာဏ်အလင်းရောင်ထွန်းညှိပေးရာနေရာဖြစ်တဲ့အပြင် ခေတ်နှင့်အညီ နည်းပညာဆိုင်ရာကိရိယာများကို လေ့လာအသုံးပြုနိုင်အောင် စီစဉ်ပေးထားရန်လည်း လိုအပ်ပါတယ်။ ဒါကြောင့် လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် နည်းပညာဆိုင်ရာအခြေခံအဆောက်အအုံများလည်း ပြည့်စုံဖို့လိုအပ်ပါတယ်။ နည်းပညာဆိုတာ ကျွန်မတို့ရဲ့ လက်တစ်ကမ်းမှာတင် မဟုတ်တော့ပါဘူး။ ကျွန်မတို့ရဲ့လက်ဖဝါးပေါ်မှာ လေ့လာစရာဗဟုသုတများ၊ e-library များက ကမ္ဘာနဲ့ရင်ပေါင်တန်းအောင် ရောက်ရှိနေပြီဖြစ်ပါတယ်။ အကျိုးရှိစွာအသုံးချနိုင်ရန်နှင့် အသုံးပြုနိုင်အောင် စာကြည့်တိုက်မှူးများ၏ အရည်အချင်းမြှင့်တင်ရေးကိုလည်း ကြိုးစားနေကြပြီဖြစ်ပါတယ်။

ICE Youth စာကြည့်တိုက်လို မြို့နယ်၊ ရပ်ရွာ၊ ကျေးရွာတွေမှာစာဖတ်သူတွေအတွက် ဝန်ဆောင်မှုများပေးနေတဲ့ စေတနာ့ဝန်ထမ်းစာကြည့်တိုက်မှူးများဟာ တိုင်းပြည်အတွက် အရေးကြီးတဲ့အခန်းကဏ္ဍကို မှန်ကန်တဲ့ယုံကြည်ချက်နဲ့ ပံ့ပိုးကူညီပခုံးထမ်းပေးနေကြသူများဖြစ်တဲ့အတွက် အသိအမှတ်ပြု ဂုဏ်ယူချီးကျူးမှတ်တမ်းတင်အပ်ပါတယ်။

နောက်ဆုံးအနေနဲ့ အစိုးရအဖွဲ့အစည်းများနဲ့ လုပ်ငန်းရှင်များကို အလေးအနက်တိုက်တွန်းချင်တာကတော့ တက္ကသိုလ်စာကြည့်တိုက်များ၊ ပြည်သူ့စာကြည့်တိုက်၊ ရပ်ကွက်စာကြည့်တိုက်နှင့် ကျောင်းစာကြည့်တိုက်တို့တွင် ရင်းနှီးမြှုပ်နှံခြင်းဟာ ပြည်သူလူထုအားလုံးအတွက် ရင်းနှီးမြှုပ်နှံပေးခြင်းဖြစ်ပါကြောင်း တင်ပြဆွေးနွေးလိုက်ရပါတယ်။ ။

**စာဖတ်သူတွေရဲ့ ဖန်တီးနိုင်မှုစွမ်းအား၊ တွေးခေါ်မှုစွမ်းရည်တွေကို အထောက်အကူပြုနိုင်တဲ့ community center and library တွေအဖြစ်သို့ ပြောင်းလဲရပ်တည်နိုင်ဖို့ ကြိုးပမ်းအားထုတ်နေကြပြီဖြစ်ပါတယ်။ အဲ့ဒီလိုပြောင်းလဲရာမှာ စာကြည့်တိုက်ချစ်သူများအဖွဲ့၊ စာကြည့်တိုက်ထောက်ခံသူများအဖွဲ့တွေရဲ့ ပူးပေါင်းပါဝင်မှုတွေ၊ အစိုးရရဲ့စာကြည့်တိုက်များအတွက် ရန်ပုံငွေတွေဟာ အလွန်အရေးကြီး....**



## တောင်သမန်အင်းနှင့် ဦးပိန်တံတားအလှအား နိုင်ငံခြားသားခရီးသွားများ နေ့စဉ်လာရောက်ဓာတ်ပုံရိုက်ကူး

**မိတ္ထီလာ မတ် ၂၀**

တောင်သမန်အင်းနှင့် ဦးပိန်တံတားအလှအား ပြည်တွင်းခရီးသွားဧည့်သည်များအပြင် နိုင်ငံခြားခရီးသွားဧည့်သည်အများအပြား နေ့စဉ်လာရောက် ဓာတ်ပုံရိုက်ကူးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်က အခြားနှစ်တွေထက် တောင်သမန်အင်းကို လာရောက်ပြီး ဓာတ်ပုံရိုက်ကူးတဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေ ပိုမိုများပြားလာတာ သတိထားမိတယ်။ ပြည်တွင်းခရီးသွားဧည့်သည်တွေနဲ့ ဒေသခံဓာတ်ပုံဆရာတွေလည်း ဦးပိန်တံတားအနီး ဓာတ်ပုံများ လာရောက်ရိုက်ကူးလေ့ရှိပါတယ်။ အချို့က အပျော်တမ်းမှတ်တမ်းလောက်သာ ရိုက်ကူးကြပေမယ့် အများစုက ပြိုင်ပွဲဝင်ဓာတ်ပုံတွေရိုက်ကူးကြတယ်။

"နိုင်ငံခြား ခရီးသွားတွေထဲမှာ ဂျာမနီ၊ ပြင်သစ်၊ ဩစတြေးလျ၊ ရုရှားနိုင်ငံသားတွေနဲ့ အများစုက တရုတ်နိုင်ငံသားတွေ ဖြစ်ကြပါတယ်။ မနက် နေထွက်ချိန်နဲ့ ညနေ နေဝင်ချိန်တွေမှာ ဓာတ်ပုံရိုက်ကူးလေ့ရှိပြီး နိုင်ငံခြား ခရီးသွားဧည့်သည်အများစုက တောင်သမန်အင်းအတွင်းက တံငါတွေ ငါးဖမ်းတာ၊ ဆောင်းခိုငှက်တွေနဲ့ ဦးပိန်တံတားအလှ၊ တောင်သမန်အင်းအနီး ပတ်ဝန်းကျင်က နေ့စဉ် လူနေမှုဘဝတွေကို ရိုက်ကူးကြတယ်"ဟု မန္တလေးဒေသခံ ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

တောင်သမန်အင်းနှင့် ဦးပိန်တံတားအလှကို ရိုက်ကူးရန် အကောင်းဆုံးရာသီမှာ ဆောင်းရာသီနှင့် မိုးရာသီတို့ဖြစ်ပြီး နွေရာသီတွင် ဓာတ်ပုံကောင်းရိုက်ကူး ရရှိရန် ခက်ခဲကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

◆

## စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

**မဘိမ်း မတ် ၂၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာကြည့်တိုက် ဝန်ဆောင်မှုများ မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မိုးမိတ်ခရိုင် မဘိမ်းမြို့ မြို့နယ်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးက အမှာစကားပြောကြားပြီး မိုးမိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေမျိုးပိုင်က အလုပ်ရုံဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မဘိမ်းမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှစာကြည့်တိုက်မှူးများ၊ စာသင်ကျောင်းများမှ စာကြည့်တိုက်မှူးများက စာကြည့်တိုက်များတွင် စာဖတ်သူတိုးပွားလာရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက် ဝန်ဆောင်မှုကဏ္ဍ၊ စာကြည့်တိုက်မှူးများ၏ အရည်အသွေးမြင့်မားရေးစသည့် ခေါင်းစဉ်များကို အုပ်စုဖွဲ့ဆွေးနွေး၍ ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ထိန်လင်းဦး)**

## ပြည်သူများ သောက်သုံးရေအခက်အခဲမဖြစ်ပေါ်စေရေး မီးသတ်ဦးစီးဌာနမှ သောက်သုံးရေများလှူဒါန်း

**ကျိုက်ထို မတ် ၂၀**

အပူချိန်မြင့်မားသည့် နွေရာသီကာလတွင် ပြည်သူများ သောက်သုံးရေရှားပါးမှု၊ ပြတ်လပ်မှုမရှိစေရေးအတွက် ကျိုက်ထိုမြို့နယ်မီးသတ်ဦးစီးဌာနမှ တောင်ပိုင်းရပ်ကွက် ကန်သာယာတိုးချဲ့ပိုင်းနေ ပြည်သူများအား သောက်သုံးရေလှူဒါန်းခြင်းကို မတ် ၁၉ ရက် နံနက် ၈ နာရီတွင် ကန်သာယာတိုးချဲ့ပိုင်း၌ ဆောင်ရွက်ခဲ့ကြသည်။

သောက်သုံးရေ လှူဒါန်းမှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်နှင့် မီးသတ်ဦးစီးမှူး ဦးတင်ထွေးတို့က ကြီးကြပ်၍ မီးသတ်တပ်ဖွဲ့ပိုင် မီးသတ်ယာဉ်နှစ်စီး၊ တောင်ပိုင်းရပ်ကွက်မှ ရေသယ်ယာဉ်တစ်စီးနှင့် မြောက်ပိုင်းရပ်ကွက်မှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် စုစုပေါင်း ရေဂါလန် ၃၂၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သန်းသန်းမော်)**



# သွားနှင့်ခံတွင်းရောဂါဝေဒနာ ခံစားနေရသူများ ကမ္ဘာ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းရှိသော်လည်း ၆၀ ရာခိုင်နှုန်းသာ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု ရရှိနေ




**ရန်ကုန် မတ် ၂၀**

သွားနှင့်ခံတွင်း ကျန်းမာခြင်းသည် ခန္ဓာကိုယ်အတွက်သာမက စိတ်ချမ်းသာခြင်း အတွက်လည်း အရေးကြီးပါကြောင်း၊ ယခုအခါ သုတေသနပညာရှင်များ၏ စမ်းသပ်လေ့လာချက်များအရ သွားနှင့်ခံတွင်းရောဂါများသည် အခြားရောဂါများနှင့် ဆက်စပ်နေကာ ရောဂါဖြစ်ပွားစေတတ်သော အဓိကအကြောင်းအရင်း ဖြစ်နေပါကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလုံလမ်းရှိ ဆန်းမစ်ပက်ခ်ဗျူးဟိုတယ်၌ ကျင်းပသည့် ကမ္ဘာ့သွားနှင့်ခံတွင်းကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည်။

သွားနှင့်ခံတွင်း ရောဂါဝေဒနာ ခံစားရလျှင် ရုပ်ပိုင်းဆိုင်ရာရောဂါများသာမက စိတ်ခံစားမှု ပြင်းထန်စွာ ခံစားရသည်ကို တွေ့ရှိပါကြောင်း၊ သွားဖုံးရောဂါကို ဖြစ်ပွားစေတတ်သောပိုးမွှားများသည် နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ ကိုယ်ဝန်ဆောင်များ လမစေ့ဘဲ မွေးဖွားခြင်း၊ ပေါင်ချိန်မပြည့်သော ကလေးမွေးခြင်းစသည့် ကျန်းမာရေးပြဿနာများနှင့် ဆက်စပ်နေသည်ကိုတွေ့ရှိရပါကြောင်း၊ သွားနှင့်ခံတွင်း ရောဂါဆိုရာတွင် အဖြစ်များသည့် သွားပိုးစားခြင်းနှင့် သွားဖုံးရောဂါများမှသည် အသက်အန္တရာယ်ကို ထိပါးနေသည့် ခံတွင်းကင်ဆာရောဂါအထိဖြစ်လာနိုင်ပါကြောင်း၊ ခံတွင်းကင်ဆာရောဂါသည် ကွမ်းစားခြင်းနှင့်ဆက်စပ်နေပြီး ကွမ်းသီးတွင် အေရီကိုလင်းကဲ့သို့ ကင်ဆာဖြစ်စေနိုင်သည့် ဓာတ်ပစ္စည်းများပါဝင်နေပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအတွင်း သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာများ တိုးပွားကာ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို အလေးထားခြင်းဖြင့် သွားနှင့်ခံတွင်းရောဂါများ ကင်းစင်သည့် လူမှုဘဝ ပိုင်ရှင်များဖြစ်လာနိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ပြည်သူလူထုအတွင်း ကျန်းမာရေးအသိများတိုးပွားပြီး ကမ္ဘာပေါ်တွင် သွားနှင့်ခံတွင်းရောဂါ ကင်းစင်ကာ ပြုံးပျော်ရွှင်လန်းသည့် လူမှုဘဝပိုင်ရှင်များဖြစ်စေရန်ရည်ရွယ်၍ ကမ္ဘာ့သွားနှင့်ခံတွင်းအဖွဲ့ချုပ်က မတ် ၂၀ ရက်နေ့ကို ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ်ကျင်းပခဲ့ကြောင်း သိရသည်။ ယခု ၂၀၁၆ ခုနှစ်ဆောင်ပုဒ်မှာ **"နေ့ညမှန်စွာ သွားတိုက်ကာ ခံတွင်းကျန်းမာကိုယ်လန်းဖြာ"**ဟု သတ်မှတ်ထားကြောင်းသိရသည်။ သွားနှင့်ခံတွင်း ကျန်းမာရေးနှင့် သန့်ရှင်းရေး၏ အရေးကြီးပုံများကို ကမ္ဘာနှင့်အဝှမ်း အသိပညာပေး မြှင့်တင်လုပ်ဆောင်နေသော နိုင်ငံတကာဆိုင်ရာနေ့ဖြစ်ကြောင်းသိရသည်။ သွားနှင့်ခံတွင်း ရောဂါဝေဒနာ ခံစားနေရသူများသည် ကမ္ဘာ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းရှိသော်လည်း ၆၀ ရာခိုင်နှုန်းသာ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုရရှိနေရကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

ယနေ့ အခမ်းအနားတွင် ရန်ကုန်နှင့်မန္တလေး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့အထိမ်းအမှတ် ပြုံးအလှပိုင်ရှင်ဆုဖြင့် စာစီစာကုံးပြိုင်ပွဲများမှ ဆုရရှိကြသူများအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် အဓိကကျသော အချက်မှာ စနစ်မှန်၊ အချိန်မှန် သွားတိုက်ခြင်းနှင့် သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးမှုကို ပုံမှန်ခံယူသင့်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ဧက သုံးသိန်းကျော် စိုက်ပျိုးနိုင်သည့် ကာဘိုးရေလွှဲဆည်

**ရွှေဘို မတ် ၂၀**

ကာဘိုးဆည်သည် မူးမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော ရေလွှဲဆည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာအနီးတွင်ရှိသည်။

မူးမြစ်သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ရွှေကျောင်းကျေးရွာအနီးတွင် မြစ်ဖျားခံ၍ မြောက်မှတောင်သို့ ဧရာဝတီမြစ်နှင့်အပြိုင် ၂၈၅ မိုင်ခန့်စီးဆင်း၍ ဧရာဝတီမြစ်အတွင်းသို့ မြင်းမူမြို့အနီးတွင် ဝင်ရောက်စီးဆင်းသွားသည်။

ကာဘိုးဆည်ကို ဗဟိုပြု၍ လက်ယာဘက်တွင် ရေဦးတူးမြောင်းနှင့် လက်ဝဲဘက်တွင် ရွှေဘို တူးမြောင်း တည်ဆောက်ထားသည်။ ကာဘိုးဆည်နှင့် ရွှေဘိုတူးမြောင်းတို့ကို ၁၉၀၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၀၅ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ၁၉၀၆ ခုနှစ်တွင် ရေစတင်ပေးဝေနိုင်ခဲ့သည်။

ထိုနည်းတူ ရေဦးတူးမြောင်းကိုလည်း ၁၉၁၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၁၈ ခုနှစ်တွင် ပြီးစီး၍ ရေစတင်ပေးဝေခဲ့သည်။ ကာဘိုးရေလွှဲဆည်နှင့် ရွှေဘိုတူးမြောင်း ကုန်ကျစရိတ်မှာ ၇၆ ဒသမ ၀၉ သိန်းဖြစ်ပြီး ရေဦးတူးမြောင်းကုန်ကျစရိတ်မှာ ၆၂ ဒသမ ၁၉ သိန်း ဖြစ်သည်။

ရွှေဘိုတူးမြောင်း အသစ်တည်ဆောက်ရာတွင် မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ် (အေဒီ ၁၇၅၃) ကုန်းဘောင်ခေတ်အလောင်းမင်းတရားကြီး ဦးအောင်ဇေယျတည်ဆောက်ခဲ့သော ကင်းကျေးရွာအနီးတွင် မူးမြစ်ကိုဖြတ်၍ ဆည်တည်ဆောက်ခဲ့သည့် တူးမြောင်းဟောင်း(မဟာနန္ဒာကန်တူးမြောင်း)၏ အူကြောင်းကို နမူနာယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မူလက ယင်းတူးမြောင်းအဟောင်း၏ အူကြောင်းအတိုင်းတည်ဆောက်ရန် ရည်ရွယ်ခဲ့သော်လည်း ချောင်းပေါင်းများစွာကို ဖြတ်ရမည်ဖြစ်သဖြင့် ကုန်ကျစရိတ် အလွန်များမည်ဖြစ်သောကြောင့် အူကြောင်းပြောင်း၍ တည်ဆောက်ခဲ့ကြောင်း သိရသည်။

၁၉၅၆ ခုနှစ် အောက်တိုဘာလတွင် ထူးကဲရေကြီးမှုကြောင့် ရေလွှဲဆည်တစ်ဝက်၊ ရေဦးတူးမြောင်းဘက်ရေထိန်းတံခါးလေးခု၊ ရွှေဘိုတူးမြောင်း ရေထိန်းတံခါး အားလုံးပျက်စီးခဲ့၍ ပြင်ဆင်ခဲ့ရသည်။

တစ်ဖန် ၁၉၇၁ ခုနှစ် ဩဂုတ်လတွင် တစ်ကြိမ်ထူးကဲရေကြီးမှုကြောင့် ရေလွှဲဆည်၏ဝဲဘက်၊ ရွှေဘိုဘက်ကမ်းရှိ ရေထိန်းတာရိုးကြီး ပျက်စီး၍ ပြင်ဆင်ခဲ့ရသည်။

ကာဘိုးဆည်ကြီး တည်ဆောက်ပြီးစအချိန်က ရွှေဘိုတူးမြောင်းရေသောက်ဧရိယာ ၂၂၉၈၁၅ ဧကနှင့် ရေဦးတူးမြောင်းရေသောက်ဧရိယာ ဧက ၁၂၈၉၀၀ စုစုပေါင်းဧရိယာ ၃၅၈၇၁၅ ဧကကိုရေပေးဝေနိုင်ခဲ့သည်။ သို့သော် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ အကြောင်းအမျိုးမျိုးကြောင့် ရေသောက်ဧရိယာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရသည်။

၂၀၀၇ ခုနှစ်တွင် ပြန်လည်စိစစ်ချက်အရ ရွှေဘိုတူးမြောင်းရေသောက်ဧရိယာ ၂၂၃၂၉၃ ဧကနှင့် ရေဦးတူးမြောင်းရေသောက်ဧရိယာ ၁၁၅၇၄၉ ဧက စုစုပေါင်း ၃၃၉၀၄၂ ဧကသာ ကျန်ရှိတော့ကြောင်း တွေ့ရှိရသည်။

ကာဘိုးဆည်သည် ယခင်က ရေလျှောင်၍ ထိန်းထားနိုင်ခြင်းမရှိဘဲ မူးမြစ်အတွင်း ရေစီးဆင်းမှုများနေစဉ်အချိန်သာ တူးမြောင်းများသို့ ရေအာဏာအပြည့် ရေပေးဝေနိုင်ပြီး မူးမြစ်အတွင်း ရေနည်းနေချိန်တွင် တူးမြောင်းများအတွင်းသို့ ရေအပြည့် ပေးဝေနိုင်ခြင်းမရှိပါ။

၁၉၉၆-၁၉၉၇ ခုနှစ်တွင် ကင်းတပ်ရေလွှဲတမံနှင့် ၂၀၀၁-၂၀၀၂ ခုနှစ်တွင် သဖန်းဆိပ်ရေလှောင်တမံတို့ တည်ဆောက်ပြီးစီးသွားသဖြင့် ကာဘိုးဆည်မှ နှစ်စဉ်မိုးစပါးနှင့် နွေစပါးများကို တိုးချဲ့စိုက်ပျိုးလာနိုင်ပြီး အောင်မြင်စွာ ရေပေးဝေနိုင်ခဲ့သည်။

ကာဘိုးဆည်သည် မြန်မာနိုင်ငံတွင် ဧကသုံးသိန်းကျော်အထိ ရေပေးဝေနိုင်သည့်တစ်ခုတည်းသော ရေလွှဲဆည်ဖြစ်ပြီး ဆည်၏သက်တမ်းသည် နှစ်ပေါင်း ၁၀၀ ကျော်ရှိခဲ့သည်။

ယခင်က မိုးခေါင်ခဲ့သည့်နှစ်များတွင် မိုးစပါးရေလုံလောက်စွာ မရရှိမှုကြောင့် ပျက်စီးဆုံးရှုံးမှုများလည်း ရှိခဲ့ဖူးသည်။

ယခုအချိန်တွင် ကင်းတပ်ရေလွှဲတမံနှင့် သဖန်းဆိပ်ရေလှောင်တမံတို့၏ကျေးဇူးများကြောင့် ယခင်တွေ့ကြုံခဲ့ရသော ပျက်စီးဆုံးရှုံးမှုများ မရှိတော့ဘဲ နှစ်စဉ်သီးထပ်များ စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသအတွင်း စားသုံးသီးနှံများ ဖူလုံပြီးလျှင် ဒေသတစ်ခုလုံး စီးပွားရေး၊ လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာနေပြီ ဖြစ်တော့သည်။ **(ရောင်နီတင်ဝင်း)**




# အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေး စီမံချက်ရေးဆွဲ

၂၀၁၅ ခုနှစ် နိုဝင်ဘာလ၊ ဒီဇင်ဘာလတို့အတွင်း အယ်နီညိုဖြစ်စဉ်အားအကောင်းဆုံးအဆင့်ရောက်အောင် ပူနွေးခဲ့သည့် တောင်အမေရိကတိုက် အနောက်ဘက် ပီရူးနိုင်ငံကမ်းခြေမှ အီကွေတာလေပူများ ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာမျက်နှာပြင်ပေါ်တွင် ဖြတ်သန်းတိုက်ခတ်မှုကြောင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်၍ အားအလွန်ကောင်းသည့် အယ်နီညိုအဆင့်၌ ဆက်လက်တည်ရှိနေပြီး ၂၀၁၆ ခုနှစ် ဇွန်လနောက်ပိုင်းမှသာ ပုံမှန်အခြေအနေသို့ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း နိုင်ငံတကာမိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေးဗဟိုဌာနများက ထုတ်ပြန်အသိပေးထားကြောင်း သိရသည်။

အားကောင်းသောအယ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုများကို အီကွေတာရပ်ဝန်းရှိ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်(အလယ်ပိုင်း)၊ ထိုင်း(အနောက်မြောက်ပိုင်း)၊ ပါပူဝါနယူးဂီနီ၊ ဩစတြေးလျ၊ မြန်မာနှင့် ပစိဖိတ်သမုဒ္ဒရာဒေသတွင်း ကျွန်းနိုင်ငံများမှ ခံစားရမည်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ်တွင် အသင့်အတင့်ရှိသော အယ်နီညိုဖြစ်ပွားခဲ့ကာ အပူချိန်မြင့်မားမှုစံချိန်သစ်များရှိခဲ့ပြီး ယခု ၂၀၁၆ ခုနှစ်တွင် အားအလွန်ကောင်းသော အယ်နီညိုဖြစ်စဉ်ဖြစ်ပွားလျက်ရှိနေသဖြင့် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယင်းအယ်နီညိုအကျိုးသက်ရောက်မှုကြောင့် ကြုံတွေ့လာနိုင်သည့် ထိခိုက်ပျက်စီးမှုများကို တတ်နိုင်သမျှ လျော့ကျနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို စီမံဆောင်ရွက်ထားကြောင်း သိရသည်။

အယ်နီညိုအကျိုးသက်ရောက်မှုကြောင့် အပူဒဏ်ခံစားရနိုင်မှုနှင့် ကျန်းမာရေးဆိုင်ရာအန္တရာယ်များ၊ သောက်သုံးရေရှားပါးမှုနှင့် မီးလောင်မှုအန္တရာယ်တို့ ဖြစ်ပွားလာနိုင်သည့်အတွက် အကျိုးသက်ရောက်မှုအပေါ် လျော့နည်းသက်သာစေရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အရေးပေါ်ကုသခြင်းနှင့် စောင့်ရှောက်ကုသခြင်းတို့ကို အင်းစိန်မြို့နယ် (၂၁)ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက အကြောင်းကြားထားသည်။

အယ်နီညိုဖြစ်စဉ်ကြောင့် သာမန်ထက်အပူချိန်မြင့်မားခြင်းနှင့်အတူ ပူပြင်းခြောက်သွေ့မှုကြောင့် မိုးရွာသွန်းမှုနောက်ကျခြင်း၊ မိုးနည်းပါးခြင်းများဖြစ်ပေါ်ပြီး သောက်သုံးရေရှားပါးပြတ်လပ်မှုများ မဖြစ်ပေါ်စေရေးအတွက်လည်း ရေအရင်းအမြစ်နေရာများ ရှာဖွေဖော်ထုတ်ခြင်း၊ ရေအရင်းအမြစ်နေရာများ ပိုမိုကောင်းမွန်စေရေးပြုပြင်ထိန်းသိမ်းခြင်း၊ သောက်သုံးရေရှားပါးပြတ်လပ်မှုဖြစ်ပွားနိုင်သည့် နေရာများ၌ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားခြင်း၊ သောက်သုံးရေရှားပါးပြတ်လပ်မှုဖြစ်ပွားသော နေရာများသို့ သောက်သုံးရေဖြန့်ဝေစေရေး ဆောင်ရွက်ခြင်းအစရှိသည့် ရေရှားပါးမှုအန္တရာယ်မှကင်းဝေးရန်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်စီစဉ်ညွှန်ကြားမှုဖြင့် (၂၁)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများက စီစဉ်ဆောင်ရွက်ထားကြောင်းသိရသည်။

အယ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပူပြင်းခြောက်သွေ့ပြီး မီးဘေးအန္တရာယ်ကျရောက်မှုမဖြစ်ပေါ်စေရေးအတွက်လည်း ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကြိုတင်အသိပေးခြင်းနှင့် စစ်ဆေးမှုများဆောင်ရွက်ခြင်း၊ အရေးပေါ်အခြေအနေတွင် ထိရောက်လျင်မြန်စွာ ငြိမ်းသတ်နိုင်ရေးတို့ကိုလည်း စီစဉ်ဆောင်ရွက်ထားပြီး အပူချိန်မြင့်မားသဖြင့် အပူလျှပ်ခြင်းအန္တရာယ်၊ ခြင်ပေါက်ပွားမှုပိုမိုမြန်ဆန်လာပြီး ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများဖြစ်သည့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါစသည့် ကူးစက်တတ်သော ရောဂါများအန္တရာယ်၊ သောက်သုံးရေရှားပါးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ ကာလဝမ်းရောဂါ၊ ဝမ်းနှင့်ပတ်သက်သည့် ရောဂါအန္တရာယ်များ ဖြစ်ပွားမှုမရှိစေရေးအတွက်လည်း အသေးစိတ်စီမံဆောင်ရွက်ထားကြောင်း သိရသည်။

အယ်နီညိုဖြစ်စဉ်ကြောင့် မြို့နယ်အတွင်းဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများအနက် အပူချိန်မြင့်မားပြီး ပူပြင်းခြောက်သွေ့မှုကြောင့် မိုးရွာသွန်းမှုနောက်ကျခြင်း၊ မိုးရေချိန်လျော့နည်းခြင်းများ ဖြစ်ပေါ်ပြီး သောက်သုံးရေရှားပါးပြတ်လပ်မှုများ ဖြစ်ပွားလာနိုင်သဖြင့် ယင်းသက်ရောက်မှုများ လျော့နည်းစေရေးတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပြီး အသေးစိတ်စီမံချက်များဖြင့် အယ်နီညိုဖြစ်စဉ်ကြောင့် မြို့နယ်အတွင်းဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများ လျော့နည်းစေရေးတို့ကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ထားကြောင်းသိရသည်။

**ဉာဏ်ဟိန်း(အင်းစိန်)**

# မျှတသည့် ပြင်ဆင်မှုများနှင့် ရှေ့ဆက်ကြမည့် မြန်မာ့ရုပ်သံလွှင့်မီဒီယာဥပဒေညီလာခံ

သတင်းဆောင်းပါး - ရဲခေါင်ညွန့်၊ မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ - ရဲထွဋ် (သတင်းစဉ်)



မြန်မာ့ရုပ်သံလွှင့်မီဒီယာ ဥပဒေနှင့်ပတ်သက်သည့် ညီလာခံကို ရန်ကုန်မြို့ Park Royal Hotel ၌ မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကျင်းပသည်။

အဆိုပါ နှစ်ရက်တာကျင်းပခဲ့သော မြန်မာ့ရုပ်သံလွှင့်မီဒီယာဥပဒေညီလာခံတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုကော်မတီဝင် ပြန်ကြားရေးတာဝန်ခံ ဦးအောင်ရှင်၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေနှင့် အများဝန်ဆောင်မှုအသံလွှင့် ဥပဒေရေးဆွဲရာတွင်ပါဝင်ခဲ့သော ပြည်တွင်း ပြည်ပ ပညာရှင်များ၊ လွှတ်တော်၏ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံတကာနှင့်ဒေသတွင်း ရုပ်သံလွှင့်မီဒီယာ ကျွမ်းကျင်သူများ၊ ပြည်တွင်း ပြည်ပသတင်းမီဒီယာများ၊ သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ညီလာခံတက်ရောက်လာသူများက လက်ရှိအသံလွှင့်မီဒီယာ ထုတ်လုပ်မှုအခြေအနေ၊ အများပြည်သူဝန်ဆောင်မှု အသံလွှင့်လုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများ၊ ပုဂ္ဂလိက အသံလွှင့်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ အသံလွှင့်လုပ်ငန်းကို စီမံခန့်ခွဲမည့် ဖွဲ့စည်းမှုဆိုင်ရာကိစ္စရပ်များကို ကဏ္ဍလေးရပ်ခွဲပြီး ဆွေးနွေးခဲ့ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က နှစ်ရက်တာပြုလုပ်ခဲ့သည့် ညီလာခံနှင့်ပတ်သက်၍ "အနာဂတ်မှာ ပြန်ကြားရေးနဲ့ ဆက်သွယ်ရေး မဖြစ်မနေပေါင်းစည်းသင့်တယ်လို့ မြင်ပါတယ်။ အသံလွှင့်ဥပဒေမှာ ပြင်ဆင်စရာတွေ ရှိတယ်ဆိုတာ သဘောတူပါတယ်။ Cross Ownership ကန့်သက်ချက်ကို ဖယ်ရှားသင့်တယ်ဆိုတဲ့အချက်နဲ့ Community Radio နဲ့ Public Service နဲ့ အတူတူထားသင့်တယ်ဆိုတဲ့ ကိစ္စကတော့ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတကာစံတွေနဲ့ လွဲတဲ့အတွက် သဘောမတူပါဘူး။ ကျန်တဲ့ဥပဒေပါ ကိစ္စရပ်တွေကိုတော့ အားလုံးဝိုင်းစဉ်းစားသင့်တယ်ဆိုတာကြောင့် ကန့်ကွက်စရာမရှိဘူး။ မီဒီယာနဲ့ပတ်သက်ရင် မျှတတဲ့ပြိုင်ဆိုင်မှု ရှိရမယ်"ဟု ကောက်ချက်ချသည်။

လက်ရှိအစိုးရသည် မီဒီယာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် ဆင်ဆာစနစ်ကို ရုပ်သိမ်းခြင်း၊ ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေခွင့်ပြုခြင်း၊ လွတ်လပ်သည့် သတင်းမီဒီယာအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ပြုခြင်း၊ နိုင်ငံတကာ သတင်းမီယာများအား မြန်မာနိုင်ငံတွင် အခြေစိုက်သတင်းယူခွင့်ပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည့်အပြင် ရုပ်မြင်သံကြား အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကိုလည်း ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ပြဋ္ဌာန်းပေးနိုင်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ဦးအောင်ရှင်က မြန်မာ့ရုပ်သံလွှင့်မီဒီယာဥပဒေညီလာခံ ကျင်းပနိုင်ခဲ့မှုအပေါ် "ဒီညီလာခံကနေပြီး ပြုပြင်စရာရှိတဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေရရှိတယ်။ ပြည်သူအတွက် အကျိုးရှိစေတဲ့ဆွေးနွေးပွဲတွေ၊ ပြောဆိုမှုတွေ ပြုလုပ်တာဟာ ရှေ့ဆက်မယ့်လုပ်ငန်းတွေအတွက် အများကြီး အထောက်အကူဖြစ်စေပါတယ်"ဟု ပြောသည်။

နှစ်ရက်တာပြုလုပ်ခဲ့သည့် ညီလာခံတွင် အသံလွှင့်ဥပဒေနှင့်ပတ်သက်၍ အကြံပြုချက်ပေါင်း (၁၆) ချက်ကို ဆွေးနွေးခဲ့ကြပြီး အသံလွှင့်မီဒီယာကဏ္ဍအပေါ် လိုအပ်သည့် ပြင်ဆင်မှုများ လုပ်ဆောင်သွားကြရန် အကြံပြုခဲ့ကြသည်။

ABC ရုပ်/သံ International Development မှ ဒေါ်ခင်မာဝင်းက "ABC က ဩစတြေးလျနိုင်ငံ ပြည်သူ့ဝန်ဆောင်မှုရုပ်သံဌာန(PSB) တစ်ခုပါ။ မြန်မာ့အသံ(ရုပ်/သံ) က နိုင်ငံပိုင်ကနေ ပြည်သူ့ဝန်ဆောင်မှု ရုပ်သံဌာန (PSB) ကို ပြောင်းမှာဖြစ်တဲ့အတွက် ပံ့ပိုးမှုတွေ လာလုပ်ပေးတာပါ။ ပြောင်းလဲမှုအလားအလာကတော့ ပြည်သူများအပေါ်မှာ မူတည်တယ်။ ပြည်သူ့ဝန်ဆောင်မှုဆိုတဲ့အတွက် ပြည်သူတွေအသံနဲ့ လိုလားချက်ဖြစ်တဲ့ ပြည်သူတွေဘာဖြစ်နေသလဲ၊ ဘာတွေနစ်နာနေသလဲ၊ ဘာတွေလိုအပ်နေသလဲဆိုတာတွေကို ဘယ်အစိုးရပဲဖြစ်ဖြစ် သိရှိပြီး မူဘောင်တွေချမှတ်ပေးရလိမ့်မယ်"ဟု နိုင်ငံပိုင် ရုပ်/သံမီဒီယာမှ ပြည်သူ့ဝန်ဆောင်မှု ရုပ်သံဌာန (PSB)သို့ မြန်မာ့အသံ ပြောင်းလဲလုပ်ကိုင်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ပြောသည်။

မြန်မာ့အသံသည် ပုံမှန်အသံထုတ်လွှင့်မှုအား ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့သည်။ ရုပ်မြင်သံကြားဝန်ဆောင်မှုအနေဖြင့် ၁၉၇၉ ခုနှစ်တွင် စတင်စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ် ဇွန် ၃ ရက်တွင် နိုင်ငံပိုင်အနေဖြင့် ယနေ့တိုင် ပြည်တွင်း၊ ပြည်ပသတင်းတင်ဆက်မှု၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပေးမှုများ၊ ပြည်သူအတွက် အသိပညာပေးအစီအစဉ်များနှင့် ဖျော်ဖြေမှုများကို တင်ဆက်ထုတ်လွှင့်ပေးလျက်ရှိသည်။

အသံလွှင့်မီဒီယာများ ကြုံတွေ့ရနိုင်သည့် စိန်ခေါ်မှုအပေါ် ချယ်ရီ FM အထွေထွေမန်နေဂျာ ဦးသန်းထွေးဇော်က "ဒီဥပဒေနဲ့ ပတ်သက်ပြီး ကျွန်တော့်အမြင်ကတော့ အားလုံး တန်းတူလိုင်စင်လျှောက်ရမယ်။ လျှောက်တဲ့အခါမှာ လိုင်စင်မရခဲ့ရင် အဖြုတ်ခံရမှာပဲ။ ကျွန်တော်တို့ကို အသစ်ဝင်လာမယ့်သူတွေက နည်းပညာ၊ အစီအစဉ်ဖန်တီးမှုဆိုင်ရာ၊ ဝန်ထမ်းတွေရှိနေနှင့်တယ်လို့ ပြောချင်ပြောမယ်။ သေချာတာကတော့ ကျွန်တော်တို့ဆီက ဝန်ထမ်းတွေလည်း အသစ်ခေါ်တဲ့သူတွေဆီသွားနိုင်တယ်"ဟုဆိုသည်။

အသံလွှင့်မီဒီယာဥပဒေတွင် ပါဝင်သည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအပေါ် "ဒီဥပဒေမှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကို ၃၀ ရာခိုင်နှုန်း သတ်မှတ်ထားတယ်။ ဒါက လိုအပ်တယ်လို့ ကျွန်တော်မြင်တယ်။ ကိုယ့်နိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေ လုပ်ကိုင်နိုင်ဖို့လိုတယ်။ အခုလက်ရှိမှာလည်း အပြင်ကနေ (နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအတွက်) အောက်လမ်းနဲ့ဝင်လာမယ်။ ပြည်တွင်းက တစ်ယောက်ယောက်ကို ထူထောင်ဆိုပြီး ပြည်တွင်းအမည်ခံ ထူထောင်တဲ့ပုံစံမျိုးတွေလည်း ရှိနေတယ်ဆိုတော့ ဒီလုပ်ငန်းကို တကယ်ဆောင်ရွက်လိုတဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေ နစ်နာတယ်။ ဒါမျိုးမဖြစ်သင့်ဘူး။ ကိုယ့်နိုင်ငံ အကျိုးစီးပွားအတွက် ကာကွယ်မှုအနေနဲ့ စစ်ဆေးမှုတွေလုပ်သင့်တယ်"ဟု ဦးသန်းထွေးဇော်က ဆက်လက်ပြောကြားသည်။

မြန်မာ့ရုပ်သံလွှင့်မီဒီယာဥပဒေနှင့် ပတ်သက်သည့် ညီလာခံအပြီးတွင် "မြန်မာ့ရုပ်သံလွှင့် မီဒီယာဥပဒေ ဘယ်လိုပုံစံမျိုးဖြစ်သင့်လဲ" ခေါင်းစဉ်ဖြင့် လွတ်လပ်စွာသဘောကွဲလွဲခွင့် (DVB DEBATE) ကို ပြုလုပ်ခဲ့သည်။ ခေါင်းစဉ်အောက်တွင် ဒီဗွီဘီသတင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ ဦးအောင်သန်းစိုး (ညွှန်ကြားရေးမှူး-ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ သတင်းစာဆရာ ဦးစည်သူအောင်မြင့်၊ ဦးသန်းထွေးဇော် (အထွေထွေမန်နေဂျာ)ချယ်ရီ FM တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

# ၁၃၇၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း သင်္ကြန်အထူးရထားများအား ယခင်နှစ်များအတိုင်း ပြေးဆွဲပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၂၀**

မြန်မာ့မီးရထားမှ သင်္ကြန်အထူးရထားများအား နှစ်စဉ်သင်္ကြန်ကာလအတွင်း ပြေးဆွဲပေးလျက်ရှိရာ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် သင်္ကြန်ကာလတွင်လည်း ယခင်နှစ်များအတိုင်း ပြေးဆွဲပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရထားပြေးဆွဲပေးမည့်ရက်နှင့်အချိန်စာရင်းကို မကြာမီထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ယနေ့ထုတ်ပြန်သည်။

မြန်မာ့မီးရထား ဒုတိယအထွေထွေမန်နေဂျာ (ခရီးသည်) စီးပွားရေးဌာနမှ ဦးကျော်ကျော်မျိုးက "ကျွန်တော်တို့က သင်္ကြန်ကာလ နီးကပ်လာတာနဲ့အမျှ သင်္ကြန်အထူးရထားများကို ခါတိုင်းနှစ်တွေလိုပဲ ပြေးဆွဲပေးသွားဖို့ စီစဉ်နေပါပြီ။ သင်္ကြန်ကာလနီးကပ်လာတဲ့ အခုရက်ပိုင်းများအတွင်းဆို ရထားစီးခရီးသည် များပြားလာပါပြီ။ အဲဒီတော့ ခရီးသည်တွေ လက်မှတ်ဝယ်ယူရာမှာ အခက်အခဲတွေဖြစ်တယ်ဆိုပြီး သတင်းတွေကြားရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာ့မီးရထားက အဓိကရထားစီးခရီးသည်များ စီးနင်းနေကြတဲ့ ရန်ကုန်ဘူတာကြီးနဲ့ မန္တလေးဘူတာဘက်တို့မှာ ရထားလက်မှတ်မှောင်ခိုမဖြစ်ပွားစေဖို့နဲ့ လက်မှတ်ခ အပိုကြေးမပေးရစေရေးအတွက်ကို သက်ဆိုင်ရာ တိုင်းမန်နေဂျာဦးစီးတဲ့ ကြီးကြပ်အဖွဲ့များ ဦးစီးကြီးကြပ်ပြီး ခရီးသည်များကို သင်္ကြန်ကာလပြီးဆုံးရက်များထိ ရောင်းချပေးသွားမှာပါ၊ လက်ရှိလည်း ရောင်းချပေးနေပါပြီ"ဟုရှင်းပြသည်။

အကယ်၍ ရထားစီးခရီးသည်များမှ လက်မှတ်မှောင်ခိုပေးဝယ်မှုများရှိလာပြီး လက်မှတ်ခအပိုကြေးငွေများ ပေးရပါက သက်ဆိုင်ရာ တိုင်းမန်နေဂျာများထံ ချက်ချင်းသတင်းပေးပို့ ဆက်သွယ်တိုင်ကြားနိုင်ကြကြောင်း သိရသည်။

"လက်ရှိ အထက်တန်းကျောင်းတွေလည်း ပိတ်နေပြီဆိုတော့ ကျောင်းပိတ်ကာလမှာ ရထားစီးခရီးသည်တွေ ပိုမိုများပြားလာပါတယ်။ ရထားစီးခရီးသည်များ စီးနင်းမှုဟာလည်း ယခင်ထက်ပိုမိုများပြားလာပါတယ်။ အဓိကတော့ မြို့ပတ်ရထား လက်မှတ်ခနှုန်းထားဆိုတာဟာ ခရီးသည်တင်ယာဉ်လက်မှတ်ထက်စာရင် ပိုသက်သာပါတယ်။ ၁၅ မိုင်စီးနင်းလိုက်ပါမှ ငွေကျပ် ၅၀ ပဲကျတာပါ။ အဲဒီထက်ကျော်မှ ငွေကျပ် ၁၀၀ ကျတာပါ။ ဒါကြောင့်ခရီးသည်တွေကလည်း မြန်မာ့မီးရထားကို ကူညီတဲ့အနေနဲ့ ရထားစီးနင်းတဲ့ ဘူတာခရီးစဉ်တိုင်းမှာ ရထားလက်မှတ်ဝယ်ယူစီးနင်းကြစေချင်ပါတယ်။ ပြီးတော့ မိမိစီးနင်းတဲ့လက်မှတ်ကို လက်ပြောင်းလက်လွှဲမလုပ်ကြစေချင်ပါဘူး။ ကိုယ်ဆင်းတဲ့ဘူတာမှာ လက်မှတ်များကို ပြန်ပေးအပ်ခဲ့စေချင်ပါတယ်။ ပြီးတော့စက်ရုံ၊ အလုပ်ရုံက ဝန်ထမ်းများကို လသုံးလက်မှတ်ဝယ်ယူစီးနင်းကြစေချင်ပါတယ်။ အဲဒီလိုဝယ်ယူစီးနင်းကြရင် တစ်ဦးကို တစ်လမှ ငွေကျပ် ၁၇၀၀ ပဲ ကျသင့်မှာဖြစ်ပြီး နေ့စဉ်အသွားအပြန် ဝယ်ယူတဲ့လက်မှတ်ခ ငွေကျပ် ၃၀၀၀ ထက်စာရင် အများကြီးသက်သာစေတာမို့ပါ။ အဲဒီလိုလသုံးလက်မှတ်ဝယ်ယူထားကြမယ်ဆိုရင် နေ့စဉ်စိတ်ကြိုက်စီးနင်းကြလို့ရပါပြီ။ မနက် ညနေ လက်မှတ်ဝယ်ယူရတဲ့အချိန်၊ ငွေကုန်သက်သာသွားပါတယ်။ ပြီးတော့ သတ်မှတ်ရုံးတက်၊ ရုံးဆင်းချိန်များအတွင်း ရထားစီးခရီးသည်များ အဆင်ပြေစေဖို့အတွက် ဈေးသည်များမှလည်း ကိုယ့်ကုန်ပစ္စည်းများကို မတင်ကြစေဖို့ ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်"ဟု ဆိုသည်။

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်း၌ လိုက်ပါစီးနင်းနေကြသည့် ခရီးသည်ဦးရေအမှန်ရရှိရေးနှင့် အလေအလွင့်မရှိစေရေးအတွက် နိုင်ငံအတွင်းရှိ မြန်မာ့မီးရထားလုပ်ငန်းမှ သက်ဆိုင်ရာအရာရှိများ၊ ကြီးကြပ်ရေးဝန်ထမ်းများက စုပေါင်းကာ စုစုပေါင်းဝန်ထမ်းအင်အား ၁၀၈ ဦးနှင့် ရန်ကုန်အခြေစိုက်အဖွဲ့များမှ မတ် ၁၀ ရက်မှစပြီး ၁၉ ရက်ထိ ရန်ကုန်၊ အင်းစိန်၊ တညင်းကုန်း၊ လှော်ကား၊ မင်္ဂလာဒုံ၊ တိုးကြောင်ကလေး ဘူတာများ၌ စီမံချက်ချ စာရင်းကောက်ယူဆောင်ရွက်ခဲ့ရာ တစ်ရက်လျှင် ရထားစီးခရီးသည် ဦးရေမှာ ပျမ်းမျှ ၇၃၀၀၀ ကျော်ထိရှိခဲ့ကြောင်း၊ ထို့ပြင် သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ပတ် ဆင်ခြေဖုံးလမ်းပိုင်းရထားများနှင့် အမြန်ရထားခရီးစဉ်အချို့ ယာယီရပ်နားမည့် ရထားတွဲဆိုင်းစာရင်းများကို မကြာမီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ယနေ့ထုတ်ပြန်လိုက်သည်။

**(စိုးဝင်း-MLA)**

# ဆင်ဖြူဈေးသန့်ရှင်းလှပစေရေးနှင့် မီးဘေးကာကွယ်ရေး ဆောင်ရွက်

**မူဆယ် မတ် ၂၀**

မူဆယ်မြို့ တရုတ်-မြန်မာနှစ်နိုင်ငံ ဝင်ထွက်ဂိတ်အနီးရှိ ဆင်ဖြူဈေး သန့်ရှင်းလှပစေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် မတ် ၁၈ ရက် နံနက်ပိုင်းက မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာန ဒုတိယဦးစီးမှူး(ဈေး )ဦးကျော်ကိုကို ဦးဆောင်သော စည်ပင်ဝန်ထမ်းများနှင့် သုံးဘီးယာဉ်ငယ်အသင်းသားများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ဈေးအနီးရှိ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခဲ့ပြီး ဈေးအတွင်း လောင်စာဆီ သိုလှောင်ထားရှိမှုကို စစ်ဆေးကာ မီးဘေးအန္တရာယ်ဖြစ်စေမည့် အမှိုက်များကို ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

■

# အမြင့်ဆုံး အပူချိန်စံချိန်သစ်

မတ် ၂၀ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် အမြင့်ဆုံးအပူချိန်စံချိန်သစ်မှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | စခန်းအမည် | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း | | ယခင်စံချိန် ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှ စ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁ | ထားဝယ် | ၃၉.၀ | ၁၀၂.၂ | ၃၈.၇ | ၁၀၁.၇ | ၂၆-၃-၂၀၁၀ | ၇၀ |

# အကယ်ဒမီပွဲအတွက် ရွှေကြိုရွေးချယ်

သတင်း-ခင်ဇာလီ
ဓာတ်ပုံ-မီချိုကိုဟန်

၂၀၁၄၊ ၂၀၁၅ ခုနှစ် အကယ်ဒမီအတွက် အကယ်ဒမီရွှေကြို လူတွေ့စစ်ဆေးခြင်းအခမ်းအနားကို မတ် ၂၀ ရက် ညနေပိုင်းက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအရုံးက ဦးစီးကျင်းပသည့် အဆိုပါအခမ်းအနားတွင် ဝင်ရောက်ရွေးချယ်ခံသူ ၅၀ ထဲမှ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦးကို ဒိုင်လူကြီး ၁၁ ဦးက ရွေးချယ်ပေးခဲ့ကြသည်။အမျိုးသား ၁၀ ဦးမှာ မောင်စိုင်းဝဏ္ဏအောင်၊ မောင်ထူးမြတ်၊ မောင်ထူးအုံ့လွင်၊ မောင်မင်းဇေ၊ မောင်မင်းခန့်ကို၊ မောင်မိုးသူရ၊ မောင်ထူးအောင်၊ မောင်မင်းခန့်ညီ၊ မောင်ထက်ကိုကိုလင်း၊ မောင်ဆက်နိုင်တို့ ဖြစ်သည်။ အမျိုးသမီး ၁၀ ဦးမှာ မပိုးစန္ဒာခင်၊ မရွှေသွန်းခ၊ မသီရိစိုး၊ မမိုးပွင့်ဖြူ၊ မနှင်းဦးဝေ၊ မယမုံ၊ မငုကေသာထူး၊ မဇင်္ဂြမ်းဖြူ၊ မမိချိုကို၊ မနေဇင်နှင်းထက် တို့ဖြစ်သည်။

**အကယ်ဒမီ ရန်အောင်**

"ရွှေကြိုလေးတွေအားလုံး လှကြတယ်။ တော်ကြပါတယ်။ အမှတ်တွေကလည်း ဆင်တူလေးတွေ ဖြစ်နေတော့ အစ်ကိုတို့ တော်တော်ရွေးချယ်လိုက်ရတယ်။ ပြီးတော့ ဒီနေ့မှာ အကြောင်းမကြားဘဲနဲ့ ပြန်သွားတဲ့တစ်ယောက်ကို ချက်ချင်း အခြားတစ်ယောက်နဲ့ အစားထိုးတယ်။ သူ့အတွက် စိတ်မကောင်းဖြစ်ပေမယ့် အဲလိုပဲ ဒီကာလအတွင်းမှာ စည်းကမ်းဖျက်မယ့်သူရှိရင် အစားထိုးနိုင်ဖို့ ကျန်တဲ့ ၁၅ ယောက်က အကျုံးဝင်နေမှာပါ။

**မင်းခန့်ကို**

**(ရုက္ခဗေဒ၊ ပထမနှစ်၊ အဝေးသင်)**

ပထမဦးဆုံးအကြိမ် ကျွန်တော် ပြိုင်ဖူးတာပါ။ အခုလိုရွေးချယ်ခံရမယ်လို့ မထင်ထားတဲ့အပြင် ကျွန်တော့်ကိုရော ညီညီကိုရော ရွေးချယ်လိုက်တဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ အခုလိုစီနီယာ အစ်ကို၊ အစ်မတွေရဲ့ပွဲမှာ တစ်ဖက်တစ်လမ်းက ပါဝင်ခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။

**မင်းခန့်ညီ**

**(မြန်မာစာ၊ ပထမနှစ်၊ အဝေးသင်)**

ဒီလိုရွေးချယ်ခံရမယ်လို့ မမျှော်မှန်းထားပါဘူး။ ဒိုင်တွေရှေ့မှာ ကိုယ့်ရဲ့ဟန်ပန်တွေအပြင် မေးခွန်းတွေကိုလည်း ဖြေနိုင်အောင် ကြိုးစားခဲ့ပါတယ်။ ရွှေကြိုတစ်ယောက်အနေနဲ့ အကောင်းဆုံး ကြိုးစားသွားမှာပါ။ သရုပ်ဆောင် အလုပ်ကိုလည်း အတတ်နိုင်ဆုံးအခွင့်ရရင်ရသလို လုပ်ဆောင်သွားမှာပါ။

**မနှင်းယုဝေ**

**(အင်္ဂလိပ်စာ၊ နောက်ဆုံးနှစ်)**

ဒီလိုပွဲကြီးဆိုတာ သရုပ်ဆောင်အသစ်တွေရဲ့ မျှော်မှန်းချက်ပါ။ ဒီလောက်လူတွေအများကြီးထဲမှာ မပါတော့ဘူးထင်တာ။ ပါဝင်ခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ပြီးတော့ ညီမက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသင်တန်းဆင်းဆိုတော့ သင်ပေးထားတာတွေနဲ့ အကောင်းဆုံး ကြိုးစားသွားမှာပါ။

**မမိချိုကို**

**(တတိယနှစ်၊ အင်္ဂလိပ်စာ)**

ဒီရွှေကြိုကို စလျှောက်ကတည်းက ဘုရား၊ တရား တကယ်လုပ်ခဲ့တာပါ။ ဒီပြိုင်ပွဲမှာ ပါရဖို့အတွက် သစ္စာတောင်ဆိုခဲ့မိတာပါ။ အခု သစ္စာဆိုခဲ့တာ မှန်တယ်လို့ထင်ပါတယ်။ တကယ်ကိုဝမ်းသာမိပါတယ်ရှင်။ ရွှေကြိုက သရုပ်ဆောင် အနုပညာရှင်တွေအတွက် တံခါးတစ်ချပ်ပါ။ ဒါ့ကြောင့် အခွင့်အရေးရရင်ရသလို ညီမသရုပ်ဆောင်အလုပ်ကို ဆက်လုပ်သွားမှာပါ။ ညီမ အိပ်မက်တွေ ပြည့်စုံလာမယ်လို့ ယုံကြည်ပါတယ်ရှင်။

၂၀၁၄၊ ၂၀၁၅ ခုနှစ် အကယ်ဒမီပေးပွဲကို ဧပြီ ၃ ရက်တွင် ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် ကျင်းပမည်ဖြစ်ရာ လာမည့် အကယ်ဒမီပေးပွဲအတွက် နိုင်ငံတစ်ဝန်းမှ ရွှေကြိုလျှောက်ထားသူ ၆၀၀ ကျော်ရှိခဲ့ပြီး ထိုအထဲမှ အဆင့်ဆင့်ရွေးချယ်ခဲ့ရာ ယနေ့ နောက်ဆုံးဆန်ခါတင်ရွေးချယ်ခံရသည့် ရွှေကြိုများကို မကြာမီရက်ပိုင်းအတွင်း အခြေခံမှစတင်ကာ လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးသွားမည်ဟု သိရသည်။



အကယ်ဒမီ ရန်အောင်။



မင်းခန့်ကို။



မင်းခန့်ညီ။



မနှင်းယုဝေ။



မမိချိုကို။

# မိုင်းကိုင်ဒေသမှ ရှမ်းရိုးရာပစ္စည်းများ ရှေးအစဉ်အလာမပျက် လာရောက်ရောင်းချ

**သီပေါ မတ် ၂၀**

နှစ်စဉ်ကျင်းပမြဲ သမိုင်းဝင် ဘော်ကြိုဘုရားပွဲတော်ကြီးတွင် ရှေးအခါကာလကပင် ရှမ်းပြည်နယ် (တောင်ပိုင်း)မိုင်းကိုင်မြို့နယ်မှ ရှမ်းတိုင်းရင်းသားကုန်သည်များသည် ရေတကောင်းများ၊ စဉ့်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ၊ ရှမ်းဝတ်စုံ၊ ရှမ်းလွယ်အိတ်၊ ရှမ်းခမောက်စသည့် ပစ္စည်းများကို လှည်းများဖြင့် တင်ဆောင်ကာ ရက်လချီ၍ ကြိုတင်ထွက်ခွာလာပြီး သီးသန့်ဈေးတန်းခင်းကျင်းရောင်းချခဲ့ကြသည်။

ဘော်ကြိုဘုရားပွဲ၌ ပွဲခင်း၏ အနောက်ဘက်ခြမ်း သီးသန့်နေရာချထားပေးပြီး မိုင်းကိုင်ရှမ်းဈေးတန်းဟူ၍ မိုင်းကိုင်ဒေသထွက်ကုန်ပစ္စည်းများကိုခင်းကျင်းရောင်းချခဲ့ရာ ခေတ်အဆက်ဆက်ပင် တိုင်ခဲ့ပြီဖြစ်သည်။

ယခုနှစ် ဘော်ကြိုဘုရားပွဲတော်တွင်လည်းရှေးအစဉ်အလာမပျက် မိုင်းကိုင်မြို့နယ်မှကုန်သည်များသည် ယခင်နွားလှည်းများအစား ထော်လာဂျီယာဉ်များဖြင့်လာရောက်ပြီးရှမ်းရိုးရာပစ္စည်းများရောင်းချခဲ့ကြရာ ပွဲတော်လာဘုရားဖူးများကလည်းဝယ်ယူအားပေးကြသည်။ ရှေးအခါက တပေါင်းလပြည့်နေ့ ဘော်ကြိုဘုရားပွဲပြီးလျှင် စောမွန်လှတည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် ရွှေစာရံဘုရားပွဲအဝင်ဖြစ်ခဲ့ရာ "ဘော်ကြိုအထွက် ရွှေစာရံအဝင်" ဆိုသည့်အတိုင်း ရှမ်းကုန်သည်များသည် ရွှေစာရံဘုရားပွဲသို့ ဆက်လက်သွားရောက်ပြီး ရောင်းချလေ့ရှိခဲ့ကြသည်ဟု သိရသည်။

ယင်းအတွက်ကြောင့် ရွှေစာရံဘုရားပွဲတော်တွင်လည်း ရှမ်းဈေးတန်းဟူ၍ ယခုအထိ နေရာသတ်မှတ်ပေးထားရသည်ဟု ရွှေစာရံဘုရားသမိုင်း၌ တွေ့ရှိရသည်။ ရှမ်း-မြန်မာ ချစ်ကြည်ရင်းနှီးမှုများကို ထင်ဟပ်ဖော်ဆောင်ခဲ့သော ဘော်ကြိုနှင့် ရွှေစာရံဘုရားပွဲတော်တို့သည် သမိုင်းအစဉ်အလာအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယနေ့အထိ များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**(သီပေါကိုလတ်)**



# တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ကျင်းပ

**မန္တလေး မတ် ၂၀**

ဒသမအကြိမ်မြောက် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့နံနက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိမ်းကျော်က တိုင်းရင်းဆေးပညာတိုးတက်ရေးတွက် သုတေသနပြုခြင်း၊ သက်ကြီးအတွေ့အကြုံရင့်ဆရာကြီးများ၊ ဘဝတူဆရာများနှင့် ပညာရပ်ဆိုင်ရာ အမွေခံခြင်း၊ နှီးနှောဖလှယ်ခြင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း အသင်းဝင်ပြီး အသင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ တိုင်းရင်းဆေးပညာရပ်များ စဉ်ဆက်မပြတ် ဆည်းပူးခြင်း၊ တတ်မြောက်ထားသောပညာရပ်များကို အကျိုးရှိစွာအသုံးချခြင်းတို့ကို ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

အခမ်းအနားတွင် မြန်မာ့တိုင်းရင်းဆေးပညာ မဟာဘွဲ့ရရှိသူ ရှစ်ဦး၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပုံမှန်)ရရှိသူ ၆၄ ဦး၊ မြန်မာ့တိုင်းရင်းဆေးပညာ (ပေါင်းကူး)ဘွဲ့ရရှိသူ ၂၄ ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ခုနစ်ဦးတို့အား ဘွဲ့လက်မှတ်များ အပ်နှင်းပေးခဲ့သည်။ ယခုအကြိမ်အထိ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ ၂၅ ဦးအပါအဝင် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပုံမှန်) ရရှိသူ ၁၂၀၉ ဦးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ(ပေါင်းကူး)ဘွဲ့ရရှိသူ ၁၀၅ ဦး စုစုပေါင်း ၁၃၁၄ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ကုသရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ သုံးရုံ၊ ခုတင်(၅၀)ဆံ့ ဆေးရုံ ကိုးရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံ လေးရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံ လေးရုံ၊ ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး ၅၀ နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၁၀ တို့ကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# အခြေခံမီးသတ်သင်တန်း စာတွေ့လက်တွေ့ သရုပ်ပြလေ့ကျင့်သင်ကြား

**ညောင်တုန်း မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ရုတ်တရက်ဖြစ်ပေါ်လာတတ်သော သဘာဝ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၏ အကြိုအခြေခံမီးသတ်ပညာသင်တန်း(၁/၂၀၁၆)မှ သင်တန်းသားသင်တန်းသူများသည် စာတွေ့လက်တွေ့သရုပ်ပြလေ့ကျင့်သင်ကြားခြင်းကို မတ် ၁၅ ရက် ညနေက မြို့မစည်ပင်သာယာဈေးကြီး၌ ပြုလုပ်သည်။

အဆိုပါသရုပ်ပြလေ့ကျင့်ဇာတ်တိုက်မှုတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ ပြည်သူလူထု၏အသက် အိုးအိမ် စည်းစိမ်များကို အကာအကွယ်ပေးရေး၊ မီးသတ်ပညာရေးအခြေခံ ဗဟုသုတရရှိစေရေး၊ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးနှင့် ဖြစ်ပွားလာပါက မြို့နယ်မီးသတ်တပ်ဖွဲ့နှင့်ပူးပေါင်း၍ ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်တတ်စေရေးတို့ကိုရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၏ အကြို အခြေခံမီးသတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၁၆)မှ သင်တန်းသားသင်တန်းသူ လေးဦးတို့သည် မြို့နယ်မီးသတ်ဦးစီးဌာနမှ သနွှေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အသီးသီးမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မြို့မစည်ပင်သာယာဈေးကြီးအတွင်း၌ ရေရရှိရေး၊ မီးငြိမ်းသတ်ရေးနှင့် အရေးပေါ် လူနာများ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

❑

**✱ ငမိုးရိပ်မှ**

အဆိုပါတံတားသစ်ဖွင့်လှစ်နိုင်ခြင်းကြောင့် ရန်ကုန်မြို့ပြနှင့် ဆက်စပ်နေသော ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် ရွှေပေါက်ကံမြို့သစ်တို့မှာ ယာဉ်ကြောကျပ်တည်းမှုများ အထိုက်အလျောက် လျှော့ချပေးနိုင်မည်ဖြစ်ပြီး ရွှေပေါက်ကံရှိ ပုဂံလမ်း၊ ညောင်ရမ်းလမ်း၊ မြို့ပတ်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ကျန်စစ်သားလမ်း၊ အနော်ရထာလမ်းနှင့် ပြည်ထောင်စုလမ်းမကြီးတို့ကို အချိန်တိုအတွင်း ဆက်သွယ်သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

# ရွှေမရှိ၍ဖြစ်သော်လည်း ရေမရှိ၍မဖြစ်သော ညောင်ဦးမြို့နယ်မှ စိုက်ပျိုးတောင်သူလယ်သမားများ



**ညောင်ဦး မတ် ၂၀**

မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ ခန့်၊ ကျေးရွာပေါင်း ခြောက်သောင်းကျော်ခန့်တွင် နေထိုင်ကြသော ပြည်သူအများစုသည် ကျေးလက်ဒေသများမှ တောင်သူလယ်သမားများဖြစ်ကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို အဓိကဦးစားပေးဆောင်ရွက်ခဲ့ရာတွင် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်သွားလာမှုအဆင်ပြေရေး စသည်တို့ကို ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ရေတွင်း၊ ရေကန်အသစ်တူးဖော်ပေးခဲ့ပြီး ပြုပြင်သင့်သည်များကိုပါ အထူးအလေးထားဆောင်ရွက်ပေးခဲ့သည်ကို ပြည်သူများအနေဖြင့် သိရှိပြီးဖြစ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်သည် အပူပိုင်းဇုန်ဒေသအတွင်းပါဝင်ပြီး မိုးရွာသွန်းမှုနည်းပါးသဖြင့် သောက်သုံးရေ၊ စိုက်ပျိုးရေအတွက် အခက်အခဲဖြစ်ပေါ်နေသော မြို့နယ်ဖြစ်သဖြင့် ယခုအခါတွင်သက်ဆိုင်ရာတာဝန်ရှိသူများက သောက်သုံးရေ၊ စိုက်ပျိုးရေများရရှိရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

“ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်မှာ ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၄ အုပ်စု၊ ကျေးရွာပေါင်း၂၂၀ ရှိပါတယ်။ ကျွန်တော်တို့ဒေသမှာက လယ်လုပ်ကိုင်သူနည်းပါးပြီး ယာလုပ်သူများပါတယ်။ အယ်နီညိုရာသီဥတုကာလအတွင်းမှာ သောက်သုံးရေရှားပါးမှုမဖြစ်အောင် ဌာနဆိုင်ရာတွေပူးပေါင်းပါဝင်တဲ့အဖွဲ့ ဖွဲ့ထားပါတယ်။ ညောင်ဦးမြို့နယ်က အခြားမြို့နယ်တွေလို ဆည်တွေ၊ ကန်တွေမရှိပါဘူး။ မြစ်ရေတင်စနစ်နဲ့ပေးဝေတဲ့ ရေနဲ့သာ တောင်သူတွေစိုက်ပျိုးကြရတာပါ။ သောက်သုံးရေအနေနဲ့လည်း နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်းမှ မြို့နယ်စည်ပင်သာယာပိုက်လိုင်းကတစ်ဆင့် ပိုက်တွဲတန်းစနစ်နဲ့ ညောင်ဦးမြို့ပေါ်ခုနစ်ရပ်ကွက်နဲ့ ပုဂံမြို့ခြောက်ရပ်ကွက်၊ ငါ့သရောက်မြို့ပေါ်လေးရပ်ကွက် စုစုပေါင်း ၁၇ ရပ်ကွက်ကို သောက်သုံးရေပေးဝေထားသလို ညောင်ဦးမြို့နယ်မှာရှိတဲ့ ကျေးလက်ဒေသများမှ တောင်သူလယ်သမားတွေကိုလည်း စိုက်ပျိုးရေအတွက် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက မြစ်ရေတင်စနစ်နဲ့ စိုက်ပျိုးရေအတွက် ပေးဝေနေပါတယ်။ သောက်သုံးရေအတွက်လည်း ညောင်ဦးမြို့နယ်ရှိ နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်းမှ ကျေးလက်ဒေသများမှာ နေထိုင်ကြတဲ့ ပြည်သူတွေကို ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်သုံးရေများအတွက် ရေပဒေသာပိုက်လိုင်းများမှတစ်ဆင့် ပေးဝေနေပါတယ်”ဟု ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်ကပြောသည်။

ညောင်ဦးမြို့နယ်တွင် ရေရှားပါးသည့် ကျေးရွာများမှာ စုစုပေါင်း ကျေးရွာအုပ်စု ၂၇ အုပ်စုရှိပြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာအုပ်စု ၁၇ အုပ်စုရှိသောကြောင့် နွေရာသီရေပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးထားသည်။ ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါးမြစ်ရေတင်စီမံကိန်းကျေးရွာ ၉၈ ရွာရှိသည့်အနက် စက်စက်ယိုပိုက်လိုင်းမှပေးဝေထားသည့် ကျေးရွာမှာ ၂၈ ရွာ၊ တောင်ဇင်းကျေးလက်ရေပိုက်လိုင်းမှ ၂၆ ရွာအထိ သောက်သုံးရေပေးဝေထားကြောင်း၊ ရေပဒေသာပိုက်လိုင်းမှ ရေယူသူကျေးလက်ပြည်သူများအနေဖြင့်လည်း တစ်ယူနစ် ကျပ် ၂၀၀ ပေးဆောင်ရကြောင်း၊ အယ်နီညိုရာသီဥတုမှာ ကျေးလက်နေပြည်သူများအနေဖြင့် ရေအတွက်အဆင်ပြေအောင် အထူးဆောင်ရွက်ပေးထားကြောင်း ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ရှိန်၏ ပြောပြချက်အရ သိရသည်။

“ကျွန်တော်တို့ဒေသက မိုးနည်းရပ်ဝန်းဒေသဖြစ်လို့ စိုက်ပျိုးသီးနှံတွေ စိုက်သလောက်မဖြစ်ထွန်းပါဘူး။ ဒီဒေသမှာနေထိုင်ကြတဲ့ တောင်သူလယ်သမားအများစုဟာ သောက်သုံးရေ၊ စိုက်ပျိုးရေအတွက်ပဲ စိတ်ပူနေရတာပါ။ သက်ဆိုင်ရာဌာနတွေက ကျေးလက်ဒေသတွေမှာနေထိုင်ကြတဲ့ စိုက်ပျိုးတောင်သူတွေကို ရေအတွက်လုပ်ပေးတယ်ဆိုပေမယ့်လည်း ထင်သလောက်မဟုတ်ပါဘူး။ အခုဆိုနေ့စဉ်ထုတ်သတင်းစာတွေ၊ ရုပ်မြင်သံကြားအစရှိတဲ့ မီဒီယာပေါင်းစုံမှ ပြည်သူတွေသိရှိအောင် အယ်နီညိုရာသီဥတုနဲ့ ပတ်သက်ပြီး ဖော်ပြရေးသားထားပေမယ့် ကျွန်တော်တို့လို တောင်သူလယ်သမားတွေအနေနဲ့ နေပူဒဏ်ကို ဂရုစိုက်နေရင် ဘယ်လိုစိုက်ပျိုးလို့ရပါမလဲ။ အခုလဟာ နွေပဲတီစိမ်း၊ နွေစပါးစိုက်ပျိုးရာသီဖြစ်ပါတယ်။ ရေပဒေသာ သောက်သုံးရေပိုက်လိုင်းအားကိုးနေရရင် အဆင်မပြေပါဘူး။ အခုဆိုရင် ရေပဒေသာပိုက်လိုင်းက ရေမလာတာ လေးလကြာနေပြီ။ သူကောင်းတည်မြစ်ရေတင်ကပေးနေတဲ့ သောက်သုံးရေ၊ စိုက်ပျိုးရေကိုသာ ကျွန်တော်တို့ ကျေးရွာတစ်ရွာလုံးကအားကိုးပြီး သုံးစွဲနေရတာပါ။ ဒါကြောင့် ကျွန်တော်တို့ကျေးလက်နေပြည်သူတွေအတွက် ရွှေမရှိလို့ဖြစ်ပေမယ့် ရေမရှိလို့မဖြစ်ပါဘူး”ဟု ယဉ်ဇမ်း(ခေါ်)ယမ်းဇမ်းကျေးရွာအုပ်စုနေ တောင်သူ ဦးဆန်းမြင့်က ပြောသည်။ **ကျော်ကျော်(မလှိုင်)**



## ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် အပျော်စီးရေယာဉ်ဖြင့်လည်ပတ်

**နေပြည်တော် မတ် ၂၀**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုတို့ဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မြန်မာနိုင်ငံ၏ သာယာလှပသောရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ တိုင်းရင်းသားများ၏ လူနေမှုဓလေ့စရိုက်များကို စိတ်ဝင်စား၍ ဧရာဝတီမြစ်ကြောင်း၊ ချင်းတွင်းမြစ်ကြောင်းခရီးစဉ်အား ပြည်တွင်းသွား အပျော်စီးသင်္ဘောဖြင့် လာရောက်လည်ပတ်လျက်ရှိသည်။

Royal Voyages Travels & Tours Co.,Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဗြိတိန်နိုင်ငံသား ၂၀ ပါဝင်သော ပထမအဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ ထပ်မံ၍ ဗြိတိန်နိုင်ငံသား ၂၀ ပါဝင်သော ဒုတိယအဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၂ ရက်အထိလည်းကောင်း ဧရာဝတီမြစ်ကြောင်းခရီးစဉ်အား မြစ်တွင်းသွားအပျော်စီးရေယာဉ် RV Katha Pandaw ဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မန္တလေး- စစ်ကိုင်း- မင်းကွန်း- နွယ်ငြိမ်းရွာ- မလဲ့ရွာ- ကြာညှပ်ရွာ- ထီးချိုင့်- ကသာ- အနောက်ကသာ- သစ်တောကြိုးဝိုင်း- နတ်ပေါက်ဆင်စခန်း- ကျွန်းတော်- ရွှေဂူ- ဆင်စခန်းရွာ- မိုးတားရွာ- တကောင်း- စည်ပင်ကျွန်း- စစ်ကိုင်း-ရွှေကြက်ယက်-မန္တလေးမြို့များသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် အဆိုပါဧည့်သည်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည် ထွက်ခွာသွားခဲ့ကြသည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ရွာများနှင့် ဒုတိယမြစ်ကျဉ်းသဘာဝအလှအပရှုခင်းများ၊ ရေလုပ်သားတို့၏ လူနေမှုဓလေ့စရိုက်နေထိုင်မှုပုံစံများ၊ ဆင်စခန်း၊ ရိုးရာအိုးလုပ်ငန်းနှင့် ညနေနေဝင်ဆည်းဆာအလှအပများကို ခံစားသိရှိလို၍ ဧရာဝတီမြစ်ကြောင်း၊ ချင်းတွင်းမြစ်ကြောင်း စသည့်ခရီးစဉ်များဖြင့် လာရောက်လည်ပတ်မှုမှာ ယခုနှစ်အတွင်း တိုးတက်များပြားလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ခရီးသွားဧည့်သည်များ ကော့သောင်းခရိုင် ကမ်းရိုးတန်းဒေသအတွင်းသို့ လာရောက်လည်ပတ်မှု ပိုမိုများပြား

**နေပြည်တော် မတ် ၂၀**

ခရီးသွားလုပ်ငန်းသည် ယနေ့အချိန်အခါတွင် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လျက်ရှိသော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်လာပြီး ခရီးသွားလုပ်ငန်းမှတစ်ဆင့် အခြားစီးပွားရေးလုပ်ငန်းဆောင်ရွက်မှုအသစ်များ ဖြစ်ပေါ်လာစေရန် လှုံ့ဆော်ပေးနိုင်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကဏ္ဍတစ်ခုအဖြစ် နိုင်ငံများစွာက ရှုမြင်လာကြပြီဖြစ်သည်။

ယနေ့မြန်မာနိုင်ငံသည် ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်သွားလာရေးအဆင်ပြေချောမွေ့အောင် လမ်း၊ တံတားများ တိုးချဲ့တည်ဆောက်ပြုပြင်မှုများကြောင့် လည်ပတ်ရန် ခရီးစဉ်ဒေသများသို့ လွယ်ကူစွာ သွားလာနိုင်ခြင်းနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းသွားစေရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ရယူဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ကမ္ဘာ့နိုင်ငံများအကြားတွင် အသိအမှတ်ပြုခြင်း၊ စိတ်ဝင်တစား အလေးထားခြင်းများရရှိလာသကဲ့သို့ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက် လာရောက်လည်ပတ်ရန် ဆွဲဆောင်မှုအားကောင်းသည့် ခရီးစဉ်ဒေသတစ်ခုအသွင်အဖြစ် ထင်ရှားလျက်ရှိသည်။

ခရီးသွားဧည့်သည်များသည် ပွင့်လင်းရာသီသို့ရောက်ရှိလာခြင်း၊ ညအိပ်ခရီးစဉ်များနှင့် နေ့ချင်းပြန်ခရီးစဉ်များကို မြိတ်ကျွန်းစုဒေသအတွင်း စက်တပ်ရွက်လှေများဖြင့် လှည့်လည်လည်ပတ်ကြည့်ရှုခြင်းအား ဖြေလျှော့ခွင့်ပြုပေးခဲ့ခြင်းကြောင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ပြည်ပခရီးသွားဧည့်သည်များသာမက ပြည်တွင်းခရီးသွားဧည့်သည်များပါ တစ်လထက်တစ်လ တိုးတက်ဝင်ရောက်လျက်ရှိရာ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၇၃၈၃၃ဦး ဝင်ရောက်ခဲ့ပြီး အပျော်စီးစက်တပ်ရွက်လှေ ခရီးစဉ်အနေဖြင့် ခရီးသွားဧည့်သည် ၃၂၆၀ ဝင်ရောက်လည်ပတ်ခဲ့သည်။

ပထဝီအနေအထား သတ်မှတ်ချက်အရ ဧရိယာစတုရန်းမိုင်ပေါင်း ၁၁၃၂၀ ကျယ်ဝန်းပြီး ကျွန်းကြီးရှစ်ကျွန်းနှင့် ကျွန်းလတ်၊ ကျွန်းငယ်ပေါင်း ၇၉၅ ကျွန်း စုစုပေါင်း ၈၀၃ ကျွန်းနှင့် ဖွဲ့စည်းထားကာ သွားလာလည်ပတ်ရန် အကောင်းဆုံးကျွန်းများအနေဖြင့် ကြက်မောက်ကျွန်း၊ အနောက်ကျွန်းနီကျွန်း၊ ခရင်းခွကျွန်း၊ ကျွန်းဖီလာကျွန်း၊ မြောက်တော်ဝင်ကျွန်း၊အမှတ်(၁၁၅)ကျွန်း၊ ညောင်ဝိုးကျွန်း၊ဘိုချိုကျွန်း၊ လန်ပိကျွန်း၊ ကျောက်သင်ပုန်းကျွန်း၊ ဝအလယ်ကျွန်း၊ နတ်သမီးရေတွင်းကျွန်းများဖြစ်ပြီး အဆိုပါကျွန်းများသို့ ခရီးသွားဧည့်သည်များမှ သွားရောက်ကာ ရေငုပ်ခြင်း၊ ရေအောက်ကြည့်ရှုခြင်း၊ ရွက်လွှင့်ခြင်း၊ လှေလှော်ခြင်း၊ ငှက်ကြည့်ခြင်း၊ ဆလုံလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် လမုတောများကြည့်ရှုခြင်း၊ တောတွင်းလမ်းလျှောက်ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကော့သောင်းမြို့ နယ်စပ်ဝင်ပေါက်များဖြစ်သည့် မြို့မတံတား၊ သဒ္ဒေးကျွန်းနှင့် ရတနာကျွန်းတို့မှ ကော့သောင်းမြို့သို့ ဝင်ရောက်လည်ပတ်သော ခရီးသွားဦးရေမှာ ၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံသား ၁၇၇၈၂၆ ဦးနှင့် အခြားနိုင်ငံသား ၃၉၃၂၃ ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံသား ၂၄၄၀၄၇ ဦးနှင့် အခြားနိုင်ငံသား ၂၄၁၂၉ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။ ကော့သောင်းလေဆိပ်မှ တစ်ဆင့်ဝင်ရောက်ခဲ့သော ခရီးသွားဧည့်သည်များမှာ ၂၀၁၄ ခုနှစ်တွင် ၁၉၉၃ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၂၃၉၇ ဦး ဝင်ရောက်ခဲ့ပြီး ကျွန်းများသို့ အပျော်စီးစက်တပ်ရွက်လှေဖြင့် ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၂၀၁၄ ခုနှစ်တွင် ၂၅၂၆ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၃၂၆၀ ဝင်ရောက်လည်ပတ်ခဲ့ကြသည်။ ယခု ၂၀၁၆ ခုနှစ် ဇန်နဝါရီမှ မတ် ၁၆ ရက်ထိ စက်တပ်ရွက်လှေခရီးစဉ် ၂၀၆ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ခရီးသွားဧည့်သည် စုစုပေါင်း ၁၆၂၅ ဦး လာရောက်လည်ပတ်ခဲ့သည်။

ဤသို့ သဘာဝအလှများဖြင့် ပြည့်စုံပြီး ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းတည်ရှိကာ ထူးခြားဆန်းကြယ်လှပသည့် သဘာဝတောတောင်ရှုခင်းများ၊ ရှားပါးသည့် သဘာဝအပင်များနှင့် ကျေးငှက်တိရစ္ဆာန်အမျိုးပေါင်း မြောက်မြားစွာနေထိုင်ကာ ပင်လယ်ရေအောက် သန္တာကျောက်တန်းနှင့် ရေနေသတ္တဝါများပေါများသည့် မြိတ်ကျွန်းစုဒေသ ကော့သောင်းမြို့သို့ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုမှာ တဖြည်းဖြည်းမြင့်တက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် မြင်းခြံဒေသတို့အတွက် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၈၀ ထပ်မံထုတ်လုပ်ပေးရန် သဘောတူလက်မှတ်ရေးထိုး



**နေပြည်တော် မတ် ၂၀**

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလျက်ရှိသော မြင်းခြံဒေသတို့အတွက် လျှပ်စစ်ဓာတ်အားပံ့ပိုးပေးရန် စီမံကိန်းနှစ်ခုကို မြန်မာနိုင်ငံအတွင်းရှိ ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်းအတွက် တစ်နှစ်ပတ်လုံး လျှပ်စစ်စွမ်းအင်ပံ့ပိုးပေးခဲ့သည့် VPower က တိုးချဲ့လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

စွမ်းအင်ဖြန့်ဖြူးရေး ကုမ္ပဏီတစ်ခုဖြစ်သည့် VPower အုပ်စုက မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် မတ် ၁၁ ရက်က နေပြည်တော်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးသဘောတူစာချုပ်နှစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းသည် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးလျက်ရှိသော မြင်းခြံဒေသတို့တွင် လုပ်ငန်းများဆောင်ရွက်ရန်အတွက် ယမန်နှစ် အောက်တိုဘာလအတွင်းက တင်ဒါအောင်မြင်၍ လုပ်ဆောင်ခွင့်ရရှိခဲ့ပြီးဖြစ်သည်။

ယခုအခါ ကျောက်ဖြူအဆင့် ၂ စီမံကိန်းကို တည်ဆောက်လျက်ရှိပြီး ယခုနှစ်နွေရာသီကာလအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို နှစ်ဆတိုးမြှင့်ကာ မဂ္ဂါဝပ် ၉၀ အထိ တိုးမြှင့်ထုတ်လုပ်လာနိုင်လိမ့်မည်ဖြစ်သည်။ ယခုဒုတိယအဆင့် တိုးချဲ့စက်ရုံ၏ ထုတ်လုပ်မှုမှရရှိလာသည့် လျှပ်စစ်ဓာတ်အားများကို ပထမအဆင့်စက်ရုံမှ ထုတ်လွှတ်မှုများကဲ့သို့ပင် လက်ရှိတည်ရှိနေသည့် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းကွန်ရက်အတွင်း ထည့်သွင်းပို့လွှတ်သွားမည်ဖြစ်သည်။ လက်ရှိတည်ရှိနေသည့် ဓာတ်အားပေးစက်ရုံကို ရက်ပေါင်း ၁၂၀ အတွင်း တပ်ဆင်နိုင်ခဲ့ပြီး လူဦးရေခြောက်သန်းခန့်အား လျှပ်စစ်ဓာတ်အား လုံလောက်စွာ ထုတ်လုပ်ပေးနိုင်သော စက်ရုံဖြစ်သည်။

ကျောက်ဖြူ ပထမအဆင့် ဓာတ်အားပေးစက်ရုံအတွက် ဆောင်ရွက်ပေးသော Vpower အား ၂၀၁၅ ဩဂုတ်တွင် Fast-track Power Plant of Year and Gas Power Project of the Year အဖြစ် Asia Power Awards ဆုကို အသိအမှတ်ပြု ချီးမြှင့်ပေးခဲ့သည်။ ကျောက်ဖြူဒေသသည် ရခိုင်ပြည်နယ်အတွင်းတည်ရှိသော အထူးစီးပွားရေးဇုန်ဒေသဖြစ်ပြီး ဧက ၄၀၀၀ ကျော်ကျယ်ဝန်း၍ ယင်းစီမံကိန်းသည် တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံများကို ပင်လယ်ထွက်ပေါက်မှတစ်ဆင့် ဆက်သွယ်ပေးနိုင်သည့် ဂိတ်ပေါက်ဝဖြစ်သည်။

မြင်းခြံဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးအတွင်းတည်ရှိသည်။ ထိုဓာတ်အားပေးစက်ရုံမှ အစိုးရပိုင်သံမဏိစက်ရုံသို့ ဓာတ်အားတိုက်ရိုက်ပေးမည်ဖြစ်ပြီး ပိုလျှံသောဓာတ်အားများကို မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်၍ တစ်နိုင်ငံလုံးသို့ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးမည်ဖြစ်သည်။ အဆိုပါ မြင်းခြံစီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံတွင် အကြီးဆုံးသော containerized gas plant တစ်ခု ဖြစ်လာမည်ဖြစ်သည်။

အဆိုပါ ဓာတ်အားပေးစက်ရုံနှစ်ရုံမှ သမားရိုးကျလောင်စာများအစား သဘာဝဓာတ်ငွေ့ကို အသုံးပြုခြင်းကြောင့် ကုန်ကျစရိတ်များပိုမိုသက်သာပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း လျော့ကျစေသည်။ VPower မှ ခေတ်မီ Gas Generator နည်းပညာများ သုံးကာ စွမ်းအင်ပိုမိုထုတ်လွှတ်ပေးနိုင်ပြီး ဈေးကွက်တွင် ကုန်ကျစရိတ်အသက်သာဆုံးနှင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု အများဆုံး နည်းပညာတစ်မျိုးကိုသုံးထားခြင်းဖြစ်သည်။

"အရှေ့တောင်အာရှမှာ အလျင်မြန်ဆုံးတိုးတက်လာတဲ့ နိုင်ငံတွေထဲမှာ စွမ်းအင်ဖွံ့ဖြိုးဖို့ ပံ့ပိုးမှုတွေကို ဆတက်ထမ်းပိုး ဆောင်ရွက်ခွင့်ရရှိတဲ့အတွက် ကျွန်တော်တို့ အရမ်းပဲ ဂုဏ်ယူမိပါတယ်" ဟု VPower ၏ ဒေသဆိုင်ရာ ဒါရိုက်တာ Kenny Li က ဆိုသည်။

"ကျွန်တော်တို့ရဲ့ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်တွေထဲမှာ အဆင့်မြင့်တဲ့ MTU gas engines တွေအသုံးပြုထားပြီး စွမ်းအင်ထုတ်လွှတ်ရာမှာ အထိရောက်ဆုံး စွမ်းဆောင်နိုင်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ တည်ဆောက်မှုလျင်မြန်ပြီး ကုန်ကျစရိတ်သက်သာတဲ့ စွမ်းအင်ပြဿနာဖြေရှင်းရေးနည်းလမ်းနဲ့ မြန်မာနိုင်ငံရဲ့ လျှပ်စစ်စွမ်းအင်ပြည့်မီရေး ရေတိုရည်မှန်းချက်ကို အကောင်းဆုံးပံ့ပိုးပေးနိုင်ခဲ့ပါတယ်"ဟု ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုပမာဏမှာ နိုင်ငံလူဦးရေ၏ ၃၅ ရာခိုင်နှုန်းခန့်ကိုသာ ဖြည့်ဆည်းပေးနိုင်သေးသည်။ ထိုအချိန်တွင် VPower က မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူပြုနိုင်ရန် ပါဝင်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုစီမံကိန်းများသည် VPower အတွက် မှတ်တိုင်သစ်များဖြစ်ပြီး အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်နှင့် အာဖရိကရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံများကဲ့သို့ပင် စွမ်းအင်ပံ့ပိုးမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအတွက် အခြေခံအုတ်မြစ်များဖြစ်ပြီး ဒေသတွင်းလျှပ်စစ်ဓာတ်အားဖြည့်တင်းရေးကို ပံ့ပိုးပေးလျက်ရှိသည်။ VPower အနေဖြင့် ကာလတို၊ ကာလလတ် ဓာတ်အားပေးစက်ရုံများကို ကမ္ဘာတစ်ဝန်းရှိ အရေးပါသည့် ဖွံ့ဖြိုးဆဲဒေသများတွင် တည်ဆောက်လည်ပတ်နေပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးကို ပံ့ပိုးပေးသည်။ ၂၀၀၁ ခုနှစ်က စတင်တည်ထောင်ခဲ့သော VPower သည် ဟောင်ကောင်တွင် ရုံးချုပ်ဖွင့်လှစ်ပြီး ကမ္ဘာတစ်ဝန်းတွင် ဝန်ထမ်း ၈၀၀ ကျော်ဖြင့် လုပ်ကိုင်နေသော စွမ်းအင်ဖြည့်တင်းရေးလုပ်ငန်းဖြစ်သည်။

**(ကြေးမုံ)**

# စစ်တောင်းမြစ်အတွင်း ငါးအရနည်း၍ ငါးလုပ်ငန်းလုပ်ကိုင်သူများ အခက်ကြုံ

**ရေတာရှည် မတ် ၂၀**

စစ်တောင်းမြစ်သည် စိုက်ပျိုးရေးလုပ်ငန်းများ သာမက ငါးလုပ်ငန်းလုပ်ကိုင်သူများအတွက် အားထားမှီခိုရာဖြစ်သော်လည်း ယခုလို နွေရာသီ ရေနည်းပါးချိန်တွင် သမားရိုးကျနည်းမဟုတ်သည့် ကွန်ကျဉ်စက်၊ ရှော့ခ်တိုက် ငါးဖမ်းဆီးခြင်းနှင့် ဓာတုဗေဒဆေးများချကာ ငါးဖမ်းဆီးခြင်းတို့ကြောင့် ငါးဖမ်းဆီးရမိမှုမှာ တစ်နှစ်ထက်တစ်နှစ် လျော့ကျလာကြောင်း ကိုယ်တိုင်ငါးဖမ်းဆီးသူများက ပြောပြသည်။

"ဟိုးအရင်ကဆိုရင် ကွန်ပစ်ထွက်ရင် ငါးအကောင်ကြီးတာတွေရတတ်တယ်။ ခုဆို အကောင်ကြီးတဲ့ငါးဆိုအရုပ်ရေးပြရမလို ဖြစ်ကုန်ပြီ။ ကျွန်တော်ဆို ဒီနေ့ နေကုန်အောင်ကွန်ပစ်တာတောင် ငါးနုတ်ငါးဖွဲ့ပဲရတယ်။ ရောင်းစားဖို့မပြောနဲ့ ဟင်းစားတောင် အနိုင်နိုင်ပါ"ဟု ငါးဘတ်အင်းကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။



စစ်တောင်းမြစ်အတွင်း သားငါးကဏ္ဍ လျော့ကျလာသည်မှာ ကာလရှည်လာပြီဖြစ်သည့်အတွက် တံငါလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အခြားသော လုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ကာ ဝင်ငွေရှာဖွေနေကြရကြောင်း ၎င်းက ဆက်၍ ပြောသည်။ တရားမဝင်နည်းလမ်းများဖြင့်ငါးဖမ်းဆီးသူများအား တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကွင်းဆင်းကာ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းများရှိသော်လည်း အချိန်ပြည့်ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် အခိုက်အတန့်သာ တားဆီးနိုင်ကာ မြို့နယ်အလိုက် သားငါးကဏ္ဍ ထိန်းသိမ်းနိုင်ရန် အစုအဖွဲ့များဖြင့် ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်သင့်ကြောင်း အကြံပြုသုံးသပ်မှုများလည်းရှိနေသည်။

**ကိုလွင်(ဆွာ)**

# တပ်ကြီးကျေးရွာတွင် အတာအိုးများ တွင်ကျယ်စွာထုတ်လုပ်

**မန္တလေး မတ် ၂၀**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မြေအိုးနှင့်ပတ်သက်လာလျှင် တပ်ကြီးအိုး၊ စစ်ကိုင်းအိုး၊ ထနောင်းကိုင်းအိုးတို့မှာ နာမည်ရအိုးများပင်ဖြစ်သည်။ အိုးပုံသဏ္ဌာန်ကွဲပြားပြီး အိုးကိုကြည့်သည်နှင့် မည်သည့်ရွာကအိုးဆိုသည်ကို ခွဲခြားနိုင်ကြသည်။လက်ရှိကာလ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တပ်ကြီးကျေးရွာတွင် သင်္ကြန်အတွက် အတာအိုးများကို တွင်ကျယ်စွာ ပြုလုပ်ရောင်းချလျက်ရှိသည်။

နွေရာသီ သင်္ကြန်မတိုင်ခင်တွင် အတာအိုးနှင့် သောက်ရေအိုးမှာ အရောင်းရဆုံးအိုးများပင်ဖြစ်သည်။ အိုးပြုလုပ်ရန်အတွက်မြေကို တပ်ကြီးရွာပိုင်မြေနေရာမှ ယူ၍ပြုလုပ်ကြသည်။ အိုးလုပ်ရန်အတွက် မြေကို ရောစပ်ပြုလုပ်ကြရပြီး အိုးတစ်လုံးရရန် လက်ဝင်လွန်းလှသည်။ အိုးလုပ်ရန်အတွက် ပထမဦးစွာ မြေနီနှင့်မြေနက်ကို အချိုးကျ ရောစပ်ကြရသည်။ ရောစပ်ပြီး မြေများကို သန့်စင်ကာ ဖြန့်ခင်းပြီး ဘောင်ဖြင့်ခွဲပတ်ထားကြသည်။ ထိုမြေများကို ရေဖြင့်ဖျော်ကာ အမှိုက်မပါအောင် စစ်ကာလောင်းချပြီး သမအောင်မွှေနှပ်ကာ ရွှံ့ဖြစ်အောင်ထားပေးရသည်။ ဒေသအခေါ် မြေစိမ်သည်ဟု ခေါ်သည်။

မြေစိမ်ပြီး တစ်ညအကြာတွင် မြေများကို ခြေဖြင့်နင်းကာ စေးပိုင်လာအောင်ပြုလုပ်ပေးရသည်။ ဒေသအခေါ်အားဖြင့် မြေတုံးသည်ဟုခေါ်ကာ မြေတုံးပြီးသည်နှင့် အိုးထိန်းစက်ပေါ်တင်ကာ ပုံသွင်းယူကြရသည်။ ပုံသွင်းပြီးပါက အကြမ်းထည်ရပြီး ထိုအကြမ်းထည်ကိုပင် လက်ဖြင့်ရိုက်ကာ အိုးပုံဖော်ကြရသည်။ လက်ရိုက်ရာတွင် အဝတ်ခံကာ လက်ရိုက်ဖြင့် စိတ်ရှည်စွာရိုက်ကြရသည်။

အိုးကောင်းကိုလိုချင်သမျှ နာနာရိုက်ပေးကြရသည်။ ထိုသို့အိုးပုံသွင်းပြီး အိုးတစ်လုံးရလာသည်နှင့် နေရိပ်တွင် အစီအရီချကာ လှမ်းပေးထားကြရသည်။ နေရိပ်တွင်အိုးများခြောက်သွေ့သည်အထိ လှန်းပြီးပါက မြေအိုးများကို မီးဖုတ်ကြရသည်။

အိုးဖုတ်ခြင်း လုပ်ငန်းမှာလည်း လက်ဝင်လှသည်။ အိုးဖုတ်သည့်ကျင်းအတွင်း ထင်းတစ်ထပ် အိုးတစ်ထပ်ထည့်ကာ စနစ်တကျစီပေးရသည်။ နောက်ဆုံးအထပ်တွင် ကောက်ရိုးများကိုပုံကာ ရွှံ့ဖြင့်မံပေးကြရသည်။ ထိုသို့ ရွှံ့သရွတ်ကိုင်ပြီးသည်နှင့် အောက်ခြေမှစကာ မီးရှို့ပြီး အိုးဖုတ်ကြရသည်။ တစ်နာရီကျော်ကြာလျှင် အိုးကျက်သည်။ နောက်ရက်မှသာအိုးများကို ထုတ်လေ့ရှိသည်။ တပ်ကြီးကျေးရွာတွင် မြေစုဘူး၊ ညောင်ရေအိုး၊ ဆီမီးခွက်၊ သောက်ရေအိုး၊ အတာအိုးများကို အများဆုံးပြုလုပ်ကြသည်။ လက်ရှိကာလတွင်သင်္ကြန်နားနီးသည့်အတွက် သင်္ကြန်ကြိုရာတွင် သုံးသည့် အတာအိုးများကို တွင်ကျယ်စွာထုတ်လုပ်လျက်ရှိပြီး သုံးဘီးဆိုင်ကယ်များဖြင့် ဆိုင်များကို ဖောက်သည်သွင်းကြရသည်။

**(တိမ်တမန်)**



# မြင်းခြံမြို့ပေါ် ရပ်ကွက် ၂၀ တွင် ရေသိုလှောင်ထား

**မြင်းခြံ မတ် ၂၀**

မြင်းခြံတွင် နွေရာသီရေမခက်ရန်နှင့် ရေကိုအကျိုးရှိစွာသုံးစွဲနိုင်ရန်အတွက် မြင်းခြံမြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၂၀ တွင် ရေသိုလှောင်ကန်၊ အုတ်ရေကန်များ ပြုပြင်ထိန်းသိမ်းကာ ရေသိုလှောင်လျက်ရှိကြောင်း မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ပြောသည်။

တစ်ရပ်ကွက်လျှင် ရေကန်နှစ်ကန်မှ ငါးကန်အထိ၊ ရပ်ကွက် ၂၀ ၌ ရေသိုလှောင်နေရာ ကန် ၅၀ ထက်မနည်းထားရှိကာ စုပေါင်းပြင်ဆင်ထားကြောင်းနှင့် ရေကန်ရေဖြည့်တင်းခြင်း၊ ရေကန်ဖာခြင်း၊ ရေကန်ပြုပြင်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ရေသိုလှောင်လျက်ရှိကြောင်း သိရသည်။

**(ဌေးမြင့်မောင်)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၁ - ၃ -၂၀၁၆ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၅၀ ASEAN Sport Light
၁၀း၃၅ အနုပညာသတင်းအစီအစဉ်
၁၁း၁၅ ပြောင်းလဲလာသော မြန်မာနိုင်ငံရေးလောကနှင့် အမျိုးသမီးများကဏ္ဍ
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၁၅)
၂း၀၀ ဂီတတံခါးလေးဖွင့်ပါဦး
၃း၃၅ ရွှေ့ပြောင်းအလုပ်သမား အစီအစဉ်
၄း၁၅ "ဝတ်မှုန်ကူးတဲ့ပျား"
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာပေး ရုပ်မြင်သံကြားသင်ခန်းစာ
- ဒုတိယနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
- နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၁၆)
- ကုခန်းစိတ်ပညာဆိုင်ရာ ပညာပေးဟောပြောပွဲ (အပိုင်း-၁)
- အစီအစဉ်ပြီး၏။

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၃၀ ပြည်သူ့နီတိ "မိုးခါးရေ"
၆း၅၀ တေးဂီတအစီအစဉ်
၇း၀၀ ကိုရီးယားဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုစ္ဆာ" (အပိုင်း-၅)
၇း၅၀ ကိုရီးယားဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၅)
၈း၄၀ ကာတွန်းအစီအစဉ် "BEN 10 ALIEN FORCE (Part-XV)"
၉း၀၀ တေးဂီတအစီအစဉ်
၉း၂၀ အမေရေယဉ်နတ်ပွဲ(အပိုင်း-၂)
၉း၄၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၅၀ အကပဒေသာ
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "အိပ်မက်အပိုဒ်ခွဲ (၉)" (ခန့်စည်သူ၊ နန္ဒာလှိုင်)
၁၂း၀၀ အစီအစဉ်ပြီး၏ ။

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ ရတနသုတ်
၅း၄၀ "သာသနာနဲ့ ဒါယကာ" တရားတော် (ဆရာတော် အရှင်ခေမိန္ဒ) (အပိုင်း-၈)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၁၀း၂၀ ခေတ်သစ်ပျိုမေ
၁၁း၀၅ အနုပညာမိုးကောင်းကင်
၁၁း၃၀ သွားမယ် စားမယ် (Season Resturant)
၁၁း၅၅ Forever Music Tribute ထူးအိမ်သင် (အပိုင်း-၄) (ပထမပိုင်း)
၁၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၃၇)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၄၄)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၈)
၃း၅၀ ၂၀၁၅ ခုနှစ် ရုံတင်ဇာတ်ကားများ အားပြန်လည်ခံစားခြင်း
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၉)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမွှာ" (အပိုင်း-၄၅)
၈း၂၀ Drive It
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၈)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၃၈)
၁၀း၀၅ အနုပညာမိုးကောင်းကင်
၁၀း၂၅ MRTV-4 Stage
၁၀း၅၅ World of Knowledge (Naked Science : Star Clock)

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၈း၀၅ အမျိုးသားရေးတေးကဗျာ
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၁း၀၀ English For Myanmar
၁၁း၁၅ Lucky Door
၁၁း၅၀ တစ်ပတ်အတွင်း ပြည်တွင်းသတင်း
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လမ်းသစ်ဖောက်သူ
၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသချေ (အပိုင်း-၄၅)
၂း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄း၁၅ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွမ်းစားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ချစ်သောဧကရီ (အပိုင်း-၁၁)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ပဟေဠိနန်းတော်
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- (၇၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် ငါတို့သည် (ပဥ္စမပိုင်း)
ထွန်းထွန်းဝင်း၊သိင်္ဂီထွန်းနှင့် သရုပ်ဆောင်များ
ဒါရိုက်တာ မိုးဇော်ကို

# လီဂျွန်ဂီနဲ့ အိုင်ယူတို့ရဲ့ ရုပ်ရှင်သစ် "Scarlet Heart" ထုတ်လွှင့်မည့်ရက်ကြေညာ

တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ လီဂျွန်ဂီနဲ့ ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်တဲ့အပြင် သရုပ်ဆောင်တစ်ဦးအဖြစ်ပါကျော်ကြားတဲ့ အိုင်ယူတို့ ခေါင်းဆောင်ပါဝင်ရိုက်ကူးထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်သစ် "Scarlet Heart"ကို စတင်ထုတ်လွှင့်မည့်ရက်အား ထုတ်ပြန်ကြေညာခဲ့ပါတယ်။

အဆိုပါရာဇဝင်ရုပ်ရှင်ကို တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံတွေမှာ တစ်ပြိုင်နက် ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး လာမယ့်စက်တင်ဘာလအတွင်း ယင်းရုပ်ရှင်ကို တောင်ကိုရီးယားနိုင်ငံ၌ SBS ရုပ်သံလိုင်းမှလည်းကောင်း၊ တရုတ်နိုင်ငံမှာ Youku မှလည်းကောင်း ထုတ်လွှင့်သွားမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

"Scarlet Heart"မှာ လီဂျွန်ဂီနဲ့ အိုင်ယူတို့ဟာ တောင်ကိုရီးယား မင်းဆက်တွေရဲ့ မင်းသားနဲ့ မင်းသမီးတွေအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး အခြားသောတောင်ကိုရီးယားအနုပညာကြယ်ပွင့်တွေဖြစ်ကြတဲ့ ဟောင်ဂျွန်ဟွန်း၊ အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့ "EXO" မှ အဖွဲ့ဝင် ဘက်ယွန်း၊ ကင်မ်ဆန်းဟို၊ ယိုဆန်ဝူး၊ နမ်ဂျိုဟွတ်၊ ဂျီစူး၊ ကန်ဟာနူး၊ ကန်ဟန်နာနဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "Girls' Generation" မှ အဖွဲ့ဝင် ဆိုးယွန်တို့လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရပါတယ်။





# "Santa Clarita Diet" တွင် ဒရူးဘယ်ရီမိုးပါဝင်သရုပ်ဆောင်မည်

ပြီးခဲ့တဲ့ မတ် ၁၉ ရက်က နက်ဖလစ်ဇ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်ဖော်ပြောကြားချက်အရ အဆိုပါ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သွားမည့် ဟာသစီးရီးသစ် "Santa Clarita Diet" တွင် ဟောလိဝုဒ်ကြယ်ပွင့် ဒရူးဘယ်ရီမိုး ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယူပီအိုင်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အဆိုပါ ဟာသစီးရီးများတွင် ဘယ်ရီမိုးနှင့်အတူ နာမည်ကျော်မင်းသားတစ်ဦးဖြစ်သည့် တင်မိုးသီအိုလီဖန့်လည်း ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။ ဘယ်ရီမိုးနှင့် အိုလီဖန့်တို့သည် အဆိုပါဇာတ်လမ်းတွဲများ၌ မင်္ဂလာဆောင်များတွင် ကြားဝင်စေ့စပ်ပေးရသည့် ကိုယ်စားလှယ်တွေအဖြစ် ပါဝင်သရုပ်ဆောင်ထားကြပြီး အဆိုပါရုပ်ရှင်များကို လာမည့် ၂၀၁၇ ခုနှစ်အတွင်း စတင်ထုတ်လွှင့်သွားနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

# "Indiana Jones 5" အတွက် ဇာတ်ညွှန်းရေးပေးမယ့် ဒေးဗစ်ကိုးပ်



ဟောလိဝုဒ်ရဲ့ နာမည်ကျော်စွန့်စားခန်း ရုပ်ရှင်တစ်ခုဖြစ်တဲ့ "Indiana Jones" ရုပ်ရှင်တွေရဲ့ ငါးကားမြောက်ရုပ်ရှင်အတွက် ဇာတ်ညွှန်းကို ဒေးဗစ်ကိုးပ်က တာဝန်ယူရေးသားပေးသွားမှာဖြစ်ကြောင်း ယူပီအိုင်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်တွေကိုထုတ်လုပ်ခဲ့တဲ့ ဒစ်စနေ ရုပ်ရှင်ထုတ်လုပ်ရေးက ပြီးခဲ့တဲ့သီတင်းပတ်အတွင်း "Indiana Jones 5" ကို နာမည်ကျော်ဒါရိုက်တာ စတီဗင်စပီးဘာ့ဂ်က တာဝန်ယူရိုက်ကူးပေးသွားမှာဖြစ်ပြီး ယင်းရုပ်ရှင်တွေရဲ့ အဓိကဇာတ်လိုက်ဖြစ်တဲ့ ပါမောက္ခအင်ဒီယာနာဂျုန်းစ်အဖြစ် မင်းသားကြီးဟယ်ရီစင်ဖော့ဒ်က ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ယခုတစ်ခါ ဇာတ်ညွှန်းအတွက် ဒေးဗစ်ကိုးပ်နဲ့ စာချုပ်ချုပ်ဆိုခဲ့ပြီဖြစ်ကြောင်း ဖွင့်ဟခဲ့တာဖြစ်ပါတယ်။

ပဉ္စမမြောက် အင်ဒီယာနာဂျုန်းစ်ရုပ်ရှင်ကို လာမယ့် ၂၀၁၉ ခုနှစ်မှာ ရုံတင်ပြသသွားနိုင်ဖို့ စီစဉ်ထားပြီး လတ်တလောအချိန်အထိ ယင်းရုပ်ရှင်သစ်အတွက်အမည်ကို မရွေးချယ်ရသေးပါဘူး။ "Indiana Jones"ရုပ်ရှင်တွေရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ရုပ်ရှင် "Indiana Jones and the Kingdom of the Crystal Skull" အတွက် ဇာတ်ညွှန်းကိုတော့ ဒါရိုက်တာစပီးဘာ့ဂ်က ပါဝင်ရေးသားခဲ့ပြီး ယခုထွက်ရှိမယ့်ရုပ်ရှင်သစ်မှာတော့ ဒေးဗစ်ကိုးပ်ရဲ့လက်ရာကို ပြောင်းလဲခံစားရမှာ ဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

# ပြန်အဆင်ပြေသွားကြပြီဆိုတဲ့ ကော့ထ်နေကာဒါးရှီးရန်းနဲ့ စကော့ထ်ဒီစစ်ခ်



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့စုံတွဲတွေ အကြားမှာ လူအများရဲ့ စိတ်ဝင်စားခြင်းခံရတဲ့ စုံတွဲတစ်တွဲဖြစ်တဲ့ သရုပ်ဆောင် ကော့ထ်နေ ကာဒါးရှီးရန်းနဲ့ သူ့ရဲ့ချစ်သူစကော့ထ် ဒီစစ်ခ်တို့ဟာ လတ်တလောမှာ နှစ်ဦးကြား ဆက်ဆံရေး ပြန်လည်သင့်မြတ်ခဲ့ပြီမို့ အတူတွဲရိုက်ထားတဲ့ဓာတ်ပုံတွေနဲ့ ဗီဒီယိုဖိုင်တွေကို သူတို့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေ တစ်ဆင့် တွေ့မြင်ခဲ့ကြရပါတယ်။

အသက် (၃၆)နှစ်အရွယ် ကာဒါးရှီးရန်းနဲ့ (၃၂)နှစ်ရှိပြီဖြစ်တဲ့ စကော့ထ်ဒီစစ်ခ်တို့နှစ်ဦးရဲ့ ပျော်ရွှင်နေတဲ့ပုံရိပ်ပေါင်းများစွာကို ပြီးခဲ့တဲ့အင်္ဂါနေ့က ထုတ်ဖော်ပြသရင်း သူတို့အကြားက ရင်းနှီးနွေးထွေးတဲ့ ဆက်ဆံရေးကို ဟောလိဝုဒ်စုံတွဲက လှစ်ဟပြခဲ့ကြောင်း ယူပီအိုင်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ကာဒါးရှီးရန်းနဲ့ ဒီစစ်ခ်တို့နှစ်ဦး လက်တွဲလာခဲ့ကြတဲ့ ကိုးနှစ်ကျော်ကာလအတွင်း သားသမီးသုံးဦးထွန်းကားခဲ့ပြီး အသက်ခြောက်နှစ်အရွယ်သားကြီး မက်စန်၊ သုံးနှစ်အရွယ်သမီးလေး ပန်နယ်လုပ်နဲ့ ဆယ့်ငါးလသားလေး ရင်းန်တို့ပဲဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက စတင်ပြီး ဆက်ဆံရေးအဆင်မပြေဖြစ်ကာ မကြာခဏဆိုသလို ကွဲသွားလိုက်၊ ပြန်အဆင်ပြေသွားလိုက်နဲ့ အခြေအနေမှာ ရှိနေခဲ့ကြတာပါ။

၂၀၁၆ အစပိုင်းမှာ ကာဒါးရှီးရန်းနဲ့ ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာတို့ ဇာတ်လမ်းဟာ ဟောလိဝုဒ်မီဒီယာတွေအကြား အလွန်ရေပန်းစားခဲ့ပါတယ်။ ဒါပေမယ့် မကြာခင်မှာပဲ ဂျက်စတင်ဟာ အခြားသော ငွေကြယ်ပွင့်တွေဆီကို ခြေဦးလှည့်ခဲ့ပြီး ကာဒါးရှီးရန်းနဲ့ဇာတ်လမ်းဟာ မြန်မြန်ဆန်ဆန်ပဲ အဆုံးသတ်ရပ်စဲသွားခဲ့ပါတယ်။ ဒီစစ်ခ်ကတော့ မကြာသေးမီကပဲ အသက်(၂၀)အရွယ်မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ခရစ်စတင်းဘာ့ခ်နဲ့ သတင်းတွေထွက်ခဲ့ပါတယ်။ ကာဒါးရှီးရန်းနဲ့အတူရိုက်ကူးထားတဲ့ ဓာတ်ပုံတွေနဲ့ ဗီဒီယိုတွေကို ထုတ်ဖော်ပြသခဲ့တဲ့နေ့မှာပဲ ဒီစစ်ခ်နဲ့ ခရစ်စတင်းတို့နှစ်ဦးကို လက်စ်ဗီးဂတ်စ်နဲ့ မက္ကဆီကိုမြို့တွေမှာ အတူတွေ့ခဲ့ရတာမို့ အဆင်ပြေသွားကြပြီဆိုပေမယ့် ကာဒါးရှီးရန်းနဲ့ ဒီစစ်ခ်တို့ရဲ့ဇာတ်လမ်းဟာ အချိန်မရွေး အပြောင်းအလဲတွေရှိလာနိုင်တဲ့ ဟောလိဝုဒ်ရဲ့ စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ပုဒ်အဖြစ် ရှိနေဆဲ ဖြစ်ပါတယ်။

# ဥရောပအောင်မြင်မှုကို ပြန်လည်ရှာဖွေဖို့ ဝေးကွာနေတဲ့ အင်္ဂလန်ကလပ်များ




အခုလို ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်(၁၆)သင်းအဆင့်ရှုံးထွက်ပွဲစဉ်တွေ ကစားပြီးတဲ့အချိန်မှာ အင်္ဂလန်ကလပ်တွေထဲက ချန်ပီယံလိဂ်မှာ မန်စီးတီး၊ ယူရိုပါလိဂ်မှာ လီဗာပူးတို့သာ ဥရောပပြိုင်ပွဲတွေကို ဆက်လက်ယှဉ်ပြိုင်ခွင့်ရတော့တဲ့ အနေအထားပါ။ အင်္ဂလန်နိုင်ငံဟာ ဘောလုံးဘိုးအေနိုင်ငံလို့ လူသိများကြတဲ့အတိုင်း ပရော်ဖက်ရှင်နယ်ဘောလုံးလောကစတင်ရာ နိုင်ငံများထဲက တစ်ခုဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာစကားဟာ ကမ္ဘာသုံးဘာသာစကားဖြစ်သလို အင်္ဂလန်မီဒီယာတွေရဲ့ အင်္ဂလန်ကလပ်အသင်းတွေ၊ ပရီမီယာလိဂ်မှာ ကစားနေတဲ့ ကစားသမားတွေရဲ့အကြောင်းတွေကို အလေးပေးရေးသားဖော်ပြလေ့ရှိတာကြောင့် အင်္ဂလန်ဘောလုံးလောကဟာ ကမ္ဘာ့ဘောလုံးပရိသတ်အများစု အားပေးရာ ရပ်ဝန်းတစ်ခုအနေနဲ့ တည်ရှိခဲ့ပါတယ်။

တခြားနိုင်ငံကလပ်တွေဟာ ဘောလုံးအဆင့်အတန်းမြင့်မားပေမယ့် မီဒီယာအများစုရေးသားအသုံးပြုတဲ့ မိခင်ဘာသာစကားဟာ တစ်ကမ္ဘာလုံးက ဘောလုံးပရိသတ်တွေနားလည်ဖို့ အတားအဆီးဖြစ်နေသလို ဘောလုံးပွဲအစီအစဉ်တင်ဆက်တဲ့ ဘာသာစကားကလည်း အင်္ဂလိပ်ဘာသာစကားမဟုတ်တာကြောင့် အင်္ဂလန်ကလပ်တွေလောက် ပရိသတ်နဲ့ ရင်းနှီးမှုမရှိပါဘူး။ ဒါ့ကြောင့်လည်း ကမ္ဘာ့ဘောလုံးပရိသတ်တွေဟာ အင်္ဂလန်အသင်းတွေကို ပိုပြီးသံယောဇဉ်ရှိတဲ့ပုံစံနဲ့ အားပေးတတ်ကြပါတယ်။

တကယ်တော့ အခုလို ကွာတားဖိုင်နယ်ပွဲစဉ်တွေ မကစားမီ ရှုံးထွက်ပွဲစဉ်တွေကတည်းက အင်္ဂလန်အသင်းတွေ ဗိုလ်စွဲဖို့ ရေပန်းစားခြင်းမရှိခဲ့ပါဘူး။ ထိပ်တန်းအင်အားကြီးအသင်းတွေ ပြည့်နှက်နေတဲ့ ချန်ပီယံလိဂ်မှာ ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်ကို တက်ရောက်လာတဲ့ မန်စီးတီး၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်အသင်းတွေဟာ ဗိုလ်စွဲဖို့မဖြစ်နိုင်ဘူးလို့ သုံးသပ်ကြတာဟာ သိပ်မဆန်းပေမယ့် ယူရိုပါလိဂ်မှာ ယှဉ်ပြိုင်ခဲ့တဲ့ မန်ယူ၊ စပါး၊ လီဗာပူးအသင်းတွေဟာလည်း ဒေါ့မွန်၊ ဆီဗီလာအသင်းတွေလို ဗိုလ်စွဲဖို့ရေပန်းမစားတာကတော့ အစဉ်အလာပိုင်းအရလို့ သုံးသပ်ရမှာပါ။ အင်္ဂလန်အသင်းတွေဟာ လွန်ခဲ့တဲ့ ငါးနှစ်ဟိုဘက်ကာလတွေမှာ အောင်မြင်မှုတွေရှာနိုင်ခဲ့ပေမယ့် ဒီနောက်ပိုင်းနှစ်တွေမှာ ပရီမီယာလိဂ်ပြိုင်ပွဲတွေမှာပဲ ပြိုင်ဆိုင်မှုပိုမိုပြင်းထန်နေပြီး ချန်ပီယံလိဂ်လို ပြိုင်ပွဲတွေမှာ အကြိုဗိုလ်လုပွဲအဆင့်ထိတောင် တက်ရောက်မလာနိုင်တာ တွေ့ကြရမှာဖြစ်ပါတယ်။ အခု ယူရိုပါလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွေ ယှဉ်ပြိုင်ရာမှာ ပရီမီယာလိဂ်မှာ ထိပ်တန်းခြေစွမ်းရှိပါတယ်ဆိုတဲ့ စပါးက ဒေါ့မွန်ကို နှစ်ကျော့ပေါင်း ငါးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်ခဲ့ပြီး ပြိုင်ပွဲက စောစောစီးစီးထွက်ခဲ့ရတာကိုကြည့်ရင် အားလုံးရဲ့ တွက်ဆချက်ဟာ အမှန်တရားနဲ့နီးစပ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာ အာဆင်နယ်က နှစ်ကျော့လုံး ဘာစီလိုနာကို ဂိုးပြတ်အရေးနိမ့်သလို ချယ်လ်ဆီးကလည်း ပီအက်စ်ဂျီကို နှစ်ကျော့လုံး အရှုံးပေးခဲ့ရပါတယ်။ မန်စီးတီးအသင်းတောင် ကွာတားဖိုင်နယ်တက်ရတာက ဒိုင်နမိုကိဗ်လို အသင်းနဲ့တွေ့ဆုံရလို့ဖြစ်ပြီး ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်တို့လို အသင်းတွေနဲ့တွေ့ရင် ဒီအဆင့်တောင် တက်ရောက်ဖို့ မလွယ်ပါဘူး။

ဒါပေမယ့် အင်္ဂလန်ကလပ်တွေရဲ့ အစဉ်အလာကို ပြန်ကြည့်ရင် ပြိုင်ပွဲနှစ်ရပ်စလုံးမှာ စပိန်၊ အီတလီကလပ်တွေပြီးရင် တတိယအအောင်မြင်ဆုံးလိဂ်အသင်းတွေပါ။ ပြည်တွင်းလိဂ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ကိုပဲ ဦးစားပေးယှဉ်ပြိုင်နေကြပေမယ့် တကယ်ပြိုင်ပွဲဝင်ခွင့်ရချိန်မှာတော့ အောင်မြင်မှုရအောင်လုပ်ဖို့ထက် နောက်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်ရရေးကိုပဲ ပိုပြီးအရေးထားလုပ်ဆောင်နေကြပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်ရမှ နောက်နှစ်ဘောလုံးရာသီ ကစားသမားအသစ်တွေကို သိမ်းသွင်းနိုင်မယ်၊ ဝင်ငွေတိုးမယ်၊ ပရိသတ်တွေကို ဆွဲဆောင်နိုင်မယ်စတဲ့ အချက်တွေကြောင့် ချန်ပီယံလိဂ်က သူတို့အတွက် တကယ်အရေးကြီးနေတဲ့ ကိစ္စရပ်ဖြစ်နေပါတယ်။ ဒါကြောင့် ပရီမီယာလိဂ် ထိပ်တန်းကလပ်အသင်းတွေအားလုံး ချန်ပီယံလိဂ်ဝင်ခွင့်ကိုပဲ စုပြုံတိုးဝှေ့နေတဲ့ အနေအထားပါပဲ။ ကျန်တဲ့ ပြိုင်ပွဲတွေမှာ ဘယ်လိုပဲအခြေအနေဆိုးဆိုး ရာသီကုန်ရင် ချန်ပီယံလိဂ်ဝင်ခွင့်ရရင်ပြီးရော ဆိုတာမျိုးသာ သဘောထားလာကြတာမျိုးဖြစ်နေပါတယ်။ ချန်ပီယံလိဂ်အုပ်စုအဆင့်က ထွက်ခဲ့ရပြီး ယူရိုပါလိဂ် ယှဉ်ပြိုင်ရချိန်မှာလည်း ပြိုင်ပွဲအပေါ် ဗိုလ်စွဲရေး အာရုံစိုက်မှုလျော့နည်းနေတာကြောင့် ၂၀၁၃ ခုနှစ် ယူရိုပါလိဂ်ပြိုင်ပွဲမှာ ချယ်လ်ဆီးအသင်း ဗိုလ်စွဲပြီးနောက်ပိုင်း ဘယ်ပရီမီယာလိဂ်ကလပ်ကမှ ဗိုလ်စွဲနိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။

အခုလည်း ကွာတားဖိုင်နယ်အဆင့်ရောက်လာချိန်မှာ ချန်ပီယံလိဂ်မှာ မန်စီးတီး၊ ယူရိုပါလိဂ်မှာ လီဗာပူးတို့သာ ကျန်ရစ်တော့တဲ့ အခြေအနေပါ။ ကွာတားဖိုင်နယ်ပွဲစဉ်တွေ မဲခွဲဆုံးဖြတ်ရာမှာလည်း မန်စီးတီးက ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီနဲ့ တွေ့ဆုံနေပြီး လီဗာပူးကလည်း စပါးကို ဂိုးပြတ်နဲ့ ဖြုတ်ချခဲ့တဲ့ ဒေါ့မွန်နဲ့ တွေ့ဆုံနေလို့ နောက်တစ်ဆင့်တက်ရေး မလွယ်ကူတဲ့အနေအထားပါ။ မန်စီးတီးအသင်းက ချန်ပီယံလိဂ်အောင်မြင်မှုရဖို့ ကြိုးစားနေတာကြာပြီဖြစ်ပေမယ့် ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်တို့လို အသင်းတွေကို ကျော်ဖြတ်ပြီး ချန်ပီယံဆုရယူဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အနေအထားပါ။ လွန်ခဲ့တဲ့ အနှစ် ၂၀အတွင်း ချန်ပီယံလိဂ်မှာ အင်္ဂလန်အသင်းတွေ လေးကြိမ်ဗိုလ်စွဲနိုင်ခဲ့ပြီး ယူရိုပါလိဂ်မှာတော့ နှစ်ကြိမ်ပဲ ဗိုလ်စွဲနိုင်ခဲ့ပါတယ်။ အင်္ဂလန်ကလပ်တွေက ပရီမီယာလိဂ်ဟာ ငွေသုံးကြမ်းနေပေမယ့် တကယ်ကစားသမားကောင်းတွေကို လာလီဂါကလပ်တွေလို မဆွဲဆောင်ဘူးဆိုတာကတော့ အောင်မြင်မှုကွာဟတဲ့ အနေအထားကြောင့်ဖြစ်ပါတယ်။

အင်္ဂလန် ကလပ်တွေရဲ့ ပြိုင်ပွဲအပေါ် ချဉ်းကပ်တဲ့အမြင်နဲ့ စပိန်ကလပ်တွေရဲ့ ပြိုင်ပွဲဝင်မှုပုံစံကို နှိုင်းယှဉ်သုံးသပ်ကြည့် ရအောင်ပါ။ လက်ရှိအချိန်မှာ စပိန်အသင်းတွေက ဥရောပ ပြိုင်ပွဲနှစ်ရပ်လုံးကို လွှမ်းမိုးထားတဲ့ အနေအထားရှိနေပြီး သီးခြားစစ်မျက်နှာနှစ်ခု ခွဲထုတ်ယှဉ်ပြိုင်မှုပုံစံနဲ့ အောင်မြင်မှုရှာဖွေနေတာပါ။ ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာတို့က ချန်ပီယံလိဂ်စစ်မျက်နှာဖွင့်ထားပြီး ဆီဗီလာ၊ ဗီလာရီးယဲလ်၊ ဘီဘာအိုတို့လို အသင်းတွေက ယူရိုပါလိဂ်ဘက်ကို အသေအချာ အာရုံစိုက်ယှဉ်ပြိုင်နေကြပါတယ်။ လာလီဂါမှာ အခြေအနေမလှတဲ့ ဗလန်စီယာလို အသင်းကတောင် ယူရိုပါလိဂ်ကို အသေအချာပြင်ဆင်ယှဉ်ပြိုင်နေပြီး အဝေးဂိုးကွာခြားချက်ကြောင့်သာ ၁၆ သင်းအဆင့်ရှုံးထွက်ပွဲစဉ်ကနေ လှည့်ထွက်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်သမိုင်းမှာ အအောင်မြင်ဆုံးအသင်းတွေက စပိန်အသင်းတွေဖြစ်နေတာ မဆန်းပါဘူး။

အခုလို ကွာတားဖိုင်နယ် မဲခွဲဆုံးဖြတ်မှုအပြီးမှာ ဘာစီလိုနာအသင်းကသာ ဗိုလ်စွဲဖို့ နံပါတ်(၁)နေရာမှာ ဆက်လက်ရေပန်းစားနေပြီး ဘိုင်ယန်မြူးနစ်၊ ရီးယဲလ်မက်ဒရစ်တို့က နံပါတ်(၂)နဲ့ (၃)နေရာတွေမှာ အစဉ်လိုက်ရပ်တည်နေပါတယ်။ အားလုံးနီးပါးကတော့ ဒီရာသီမှာလည်း စပိန်အသင်းတွေပဲ ဥရောပအောင်မြင်မှုကို ဆက်လက်ဆုပ်ကိုင်ထားနိုင်မှာဖြစ်ပြီး အင်္ဂလန်အသင်းတွေကတော့ အကြိုဗိုလ်လုပွဲတောင်ရောက်ဖို့ မလွယ်ဘူးလို့ ခန့်မှန်းနေကြပါတယ်။ ဒါကြောင့် ကမ္ဘာပေါ်မှာ ရုပ်သံထုတ်လွှင့်ကြေး အမြင့်ဆုံးရနေတဲ့ ကလပ်အသင်းတွေအနေနဲ့ ဥရောပအောင်မြင်မှု ပြန်လည်ရှာဖွေပြီး ပရိသတ်တွေ စိတ်ကျေနပ်မှုရအောင် စွမ်းဆောင်ပေးသင့်တယ်လို့ မျှော်လင့်ရင်း . . . ။

မေလွှဲသင်း

## ဂျူဗင်တပ်နှင့် အက်သလက်တီကိုမက်ဒရစ် ဆန်းချက်ဇ်အား မျက်စိကျနေ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား ဆန်းချက်ဇ်၏ လက်ရှိစာချုပ်သက်တမ်းကို ထပ်တိုးချုပ်ဆိုရန် မျှော်လင့်ထားသော်လည်း ဆန်းချက်ဇ်အားခေါ်ယူရန် ဥရောပကလပ်အသင်းများက စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဥရောပကလပ်အသင်းများအနက်မှ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းတို့သည် ကွင်းလယ်ကစားသမား ဆန်းချက်ဇ်အား ခေါ်ယူရန် ဆန္ဒပြင်းပြနေသည့်အသင်းများ ဖြစ်သည်။

ချီလီလက်ရွေးစင် ကစားသမား ဆန်းချက်ဇ်၏ အာဆင်နယ်အသင်းနှင့် လက်ရှိစာချုပ်သက်တမ်းသည် နှစ်နှစ်ကျန်ရှိနေသေးသော်လည်း နည်းပြ အာစင်ဝင်းဂါးက အာဆင်နယ်အသင်းတွင် ၂၀၂၀ ခုနှစ်တိုင်အောင် ဆန်းချက်ဇ် ဆက်ရှိနေစေရန် မျှော်လင့်ကာ စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိခဲ့သည်။

ဂျူဗင်တပ်အသင်းသည် အူဒီးနီးစ်အသင်း၌ ဆန်းချက်ဇ်ကစားစဉ်ကတည်းက ခေါ်ယူရန်စိတ်ဝင်စားခဲ့ခြင်းဖြစ်ပြီး ဆန်းချက်ဇ်မှာ အူဒီးနီးစ်အသင်းမှ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။ ဆက်လက်ပြီး ဘာစီလိုနာအသင်းမှ အာဆင်နယ်အသင်းသို့ ထပ်မံပြောင်းရွှေ့ခဲ့သည်။ ထို့ကြောင့် လက်ရှိ အာဆင်နယ်အသင်းက စာချုပ်သစ်ချုပ်ဆိုလိုသော်လည်း ဂျူဗင်တပ်အသင်းက ခေါ်ယူရန်ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ကွင်းလယ်ကစားသမား ဆန်းချက်ဇ်အား ခေါ်ယူမည်ဆိုပါက အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် အပြိုင်ကြိုးပမ်းရမည်ဖြစ်သည်။ သို့ရာတွင် နည်းပြ အာစင်ဝင်းဂါးအနေဖြင့် အာဆင်နယ်အသင်း တိုက်စစ်ပိုင်းအတွက် အဓိကဒေါက်တိုင်တစ်ခုဖြစ်သည့် ဆန်းချက်ဇ်အား ရောင်းချရန်မရှိကြောင်း သိရသည်။




ငွေကြယ်
စုစည်းသည်



## စီရိုနယ်လ်ဒိုကဲ့သို့ ဂိုးသွင်းနိုင်ရန် လိုအပ်နေဟု မာရှယ်ဝန်ခံ

အသက်(၂၀)အရွယ်ရှိ တိုက်စစ်မှူး မာရှယ်သည် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၁၂ ဂိုးသွင်းယူထားသော်လည်း ကစားသမားဘဝတိုးတက်လာရန်အတွက်မူ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုကဲ့သို့ ဂိုးသွင်းနိုင်ရန် လိုအပ်နေသေးကြောင်း မာရှယ်က ၎င်း၏ အားနည်းချက်ကို ဝန်ခံပြောကြားခဲ့သည်။

တိုက်စစ်မှူး မာရှယ်သည် ပြီးခဲ့သည့်နွေရာသီကာလအတွင်းက ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၆၁ ဒသမ ၅ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ လက်ရှိတွင် တိုက်စစ်မှူး မာရှယ်သည် ပွဲပေါင်း ၃၈ ပွဲ ပါဝင်ကစားပေးခဲ့ပြီးချိန်တွင် သွင်းဂိုး ၁၂ ဂိုးသာလျှင် သွင်းယူပေးထားနိုင်ခဲ့သည်။ ထို့ကြောင့် ၎င်း၏စံချိန်ကိုလည်း တိုးတက်မှုရှိရန်ကြိုးစားဖို့ လိုအပ်နေသေးကြောင်း မာရှယ်က ဝန်ခံပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆောင်းပါး

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ မြေထဲပင်လယ်မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထား သည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။
(စာတည်း)



(တက္ကသိုလ်ဟန်စိုးဦး)

# ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (၄)

**ဆက်စပ်လမ်းကြောင်းကွန်ယက်များ**

ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုနဲ့ ဆက်စပ်နေတဲ့ ဒေသတွေကတော့ အရှေ့အာဖရိက ဒေသနဲ့ တောင်အာရှဒေသတို့ဖြစ်ပါတယ်။ အရှေ့အာဖရိက၊ အထူးသဖြင့် ကင်ညာနိုင်ငံဟာ ပင်လယ်ရေကြောင်းပိုးလမ်းမရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ပြည်တွင်းဆိပ်ကမ်းများ အဆင့်မြှင့် တင်သွားဖို့နဲ့ နိုင်ရိုဘီမြို့နဲ့ မွန်ဘာဆာမြို့အကြား မီးရထားလမ်း ဖောက်လုပ်သွားဖို့ရှိပါတယ်။ တောင်အာရှဒေသမှာဆိုရင် တရုတ်-ပါကစ္စတန်စီးပွားရေးစင်္ကြံ (China-Pakistan Economic Corridor) နဲ့ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ လေးနိုင်ငံ စီးပွားရေးစင်္ကြံ (Bangladesh-China-India-Myanmar Economic Corridor-BCIM) တွေဟာ ရပ်ဝန်းတစ်ခု လမ်းကြောင်း တစ်ခုနဲ့ ဆက်စပ်နေတဲ့ အရေးပါတဲ့ ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်အစီအစဉ်တွေ ဖြစ်ပါတယ်။

**ဒေသအလိုက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ**

တရုတ်နိုင်ငံအနေနဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်နဲ့ အကျုံးဝင်နေတဲ့ နိုင်ငံများ၊ ဒေသများနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်လျက်ရှိရာမှာ တစ်နိုင်ငံချင်း အလိုက်ရော၊ ဒေသအလိုက်ပါ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိတာကို တင်ပြသွားလိုပါတယ်။

**(က) အာရှ/အာဖရိကနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ**

တရုတ်နိုင်ငံအနေနဲ့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုနဲ့ ဆက်စပ်နေတဲ့ အာရှနဲ့ အာဖရိကနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုမြှင့်တင်သွားဖို့ ရှိပါတယ်။ ၂၀၁၅ ခုနှစ် ဧပြီလအတွင်း အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့မှာကျင်းပပြုလုပ်ခဲ့တဲ့ အာရှ-အာဖရိက ထိပ်သီးဆွေးနွေးပွဲ (Asia-Africa Summit) မှာ တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်က တရုတ်နိုင်ငံအနေနဲ့ အာရှ၊ အာဖရိက နိုင်ငံများနဲ့ အပြန်အလှန်အကျိုးအမြတ် ဖြစ်ထွန်းစေမယ့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

သမ္မတရှီကျင့်ဖျင်က ၂၀၁၅ ခုနှစ်အကုန်ပိုင်းမှာ တရုတ်နိုင်ငံနဲ့ သံတမန်အဆက်အသွယ် ထူထောင်ထားတဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) က တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေအပေါ် အကောက်ခွန်နှုန်းထား ၉၇ ရာခိုင်နှုန်းအထိ လျှော့ချပေးသွားမှာဖြစ်ကြောင်းနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်ကိုလည်း နိုင်ငံရေးအရ နှောင်ကြိုးတွေ၊ ကြိုတင်ကန့်သတ်ချက်တွေ မပါရှိဘဲ အကူအညီတွေ ဆက်လက်ပေးအပ်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် လာမယ့် ၅ နှစ်အတွင်း အာရှနဲ့အာဖရိကဒေသက ကျောင်းသူ ကျောင်းသား တစ်သိန်းကို တရုတ်နိုင်ငံမှာ လာရောက်ပညာသင်ကြားနိုင်ဖို့ ပညာသင်ဆုတွေ ပေးအပ်သွားမှာဖြစ်သလို အာရှနဲ့အာဖရိက ဒေသက လူငယ် ၂၀၀၀ ကိုလူငယ်ချစ်ကြည်ရေးခရီးစဉ်အဖြစ် တရုတ်နိုင်ငံကို ဖိတ်ကြားသွားမှာဖြစ်ကြောင်း၊ အပြန်အလှန်ဖလှယ်မှုတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ဖို့ တရုတ်-အာရှ-အာဖရိက ပူးပေါင်းဆောင်ရွက်ရေးစင်တာတစ်ခုကိုလည်း တည်ထောင်သွားမှာ ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနဲ့ အာရှ-အာဖရိကဥပဒေအတိုင်ပင်ခံအဖွဲ့အစည်း (Asia Africa Legal Consultative Organization-AALCC) အကြား နိုင်ငံတကာဥပဒေကို လေ့လာသင်ကြားနိုင်မယ့် အစီအစဉ်တစ်ခုကိုလည်း တည်ထောင်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။




(ပါကစ္စတန်-တရုတ် စီးပွားရေးစင်္ကြံ အခြေပြမြေပုံ)

တရုတ်နိုင်ငံဟာ အာဖရိကနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ထိပ်သီးဆွေးနွေး ပွဲ (Forum on China-Africa Cooperation-FOCAC) ကိုလည်း ကျင်းပပြုလုပ်ခဲ့ရာမှာ ပထမအကြိမ်ထိပ်သီးအစည်းအဝေး ကို ၂၀၀၆ ခုနှစ်က ပေကျင်းမြို့မှာ ကျင်းပပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့ကနေ ၅ ရက်နေ့အထိ တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်နက်စဘတ်မြို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ၂၀၀၉ ခုနှစ်ကစတင်ပြီး အာဖရိကဒေသရဲ့ အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ် မှာ တရုတ်နိုင်ငံနဲ့အာဖရိကဒေသအကြား ကုန်သွယ်မှုပမာဏဟာ ဒေါ်လာ ၂၂၀ ဘီလီယံရှိခဲ့တဲ့အတွက် ၂၀၀၀ ပြည့်က အနေအထားနဲ့နှိုင်းယှဉ်ရင် ၂၂ ဆ တိုးမြှင့်လာခဲ့ပါတယ်။

တရုတ်နိုင်ငံနဲ့အာဖရိကဒေသအကြား ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်တဲ့ မိတ်ဘက်နိုင်ငံများဆက်ဆံရေး (Comprehensive Strategic Cooperative Partnership) တည်ထောင်သွားနိုင်ဖို့ တရုတ်နိုင်ငံဟာ အာဖရိကဒေသနဲ့ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း ၁၀ ခုကို ၂၀၁၈ ခုနှစ်မှာ စတင်အကောင်အထည်ဖော်သွားဖို့လည်းရှိပါတယ်။ ဒီစီမံကိန်းတွေထဲမှာ အာဖရိကဒေသစက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငွေကြေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းတွေ ပါဝင်ပါတယ်။ ဒီစီမံကိန်းကြီးတွေဟာ အာဖရိကဒေသဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်နေတဲ့ အခြေခံအဆောက်အအုံ ပြည့်စုံခြင်း မရှိမှု၊ ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ မလုံလောက်မှု၊ ငွေကြေးရန်ပုံငွေ ချို့တဲ့မှုကို ဖြေရှင်းပေးသွားနိုင်ဖို့ ရည်မှန်းထားပါတယ်။ ဂျိုဟန်နက်စဘတ်မြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ တရုတ်-အာဖရိကပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဒုတိယအကြိမ် ထိပ်သီးဆွေးနွေးပွဲကို တက်ရောက်ခဲ့တဲ့ တရုတ်သမ္မတရှီကျင့်ဖျင်က အာဖရိကဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေါ်လာ ၆၀ ဘီလီယံ ထောက်ပံ့ပေးသွားမှာ ဖြစ်ကြောင်း ကတိပြုခဲ့ပါတယ်။

**(ခ) ပါကစ္စတန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ**

ပါကစ္စတန်နိုင်ငံဟာ တရုတ်နိုင်ငံရဲ့ မြေပြင်အခြေစိုက် ပိုးလမ်းမစီးပွားရေးလမ်းကြောင်းနဲ့ ၂၁-ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမ နှစ်ရပ်စလုံးမှာ ဆက်နွယ်ထိစပ်နေတဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံဟာ ပါကစ္စတန်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု အများအပြား ပြုလုပ်သွားဖို့ရှိသလို ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုဆိုင်ရာ ပထမဆုံးသော ရင်းနှီးမြှုပ်နှံမှုကိုလည်း ပါကစ္စတန်နိုင်ငံမှာ ပြုလုပ်ခဲ့တာကို တွေ့မြင်ရပါတယ်။

တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်အနေနဲ့ ၂၀၁၅ ခုနှစ်၊ ဧပြီလအတွင်းက ပါကစ္စတန်နိုင်ငံကို သွားရောက်လည်ပတ်ခဲ့တဲ့ ခရီးစဉ်မှာ ပါကစ္စတန်နိုင်ငံမှာ ဒေါ်လာ ၄၆ ဘီလီယံ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမယ့် သဘောတူညီချက်တွေကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီရင်းနှီးမြှုပ်နှံမှုတွေရဲ့ အဓိကဦးတည်ချက်က တရုတ်နိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံအကြား စီးပွားရေးစင်္ကြံ (China-Pakistan Economic Corridor) ထူထောင်သွားဖို့ဖြစ်ပါတယ်။ ဒီစီးပွားရေးစင်္ကြံဟာ တရုတ်နိုင်ငံ အနောက်တောင်ဖက်မှာရှိတဲ့ ကက်ရှ်ဂါမြို့ (Kashgar) နဲ့ ပါကစ္စတန်နိုင်ငံရှိ အာရေဗျပင်လယ်ထဲက ရေနက်ဆိပ်ကမ်းတည်ရှိတဲ့ ဂွါဒါဆိပ်ကမ်းမြို့ (Gwadar Port) အကြား အရှည် ကီလိုမီတာ ၃၀၀၀ ကျော်ရှိတဲ့ မော်တော်ကားလမ်းနဲ့ ရထားလမ်း တည်ဆောက်သွားဖို့ ဖြစ်ပါ တယ်။ ဒါ့အပြင် နှစ်နိုင်ငံအကြား ရေနံနဲ့သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ဖို့နဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းတွေလည်း အကောင်အထည်ဖော်သွားဖို့ရှိပါတယ်။

တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံကို တည်ဆောက်ပြီးစီးခဲ့မယ်ဆိုရင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်များပြားလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပါကစ္စတန်နိုင်ငံ ရဲ့ အခြေခံအဆောက်အအုံတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို ပါကစ္စတန်နိုင်ငံရဲ့ စွမ်းအင်မလုံလောက်မှုကိုလည်း ဖြည့်ဆည်းပေးသွားနိုင်မှာဖြစ်တယ်လို့ သုံးသပ်ထားကြပါတယ်။ ရိုက်တာသတင်းဌာနရဲ့ ဖော်ပြမှုအရ တရုတ်နိုင်ငံဟာ ပါကစ္စတန်နိုင်ငံမှာ ကျောက်မီးသွေး၊ လေအား၊ ရေအားနဲ့ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ လျှပ်စစ်ထုတ်လုပ်မှု စီမံကိန်းကြီးတွေကို ဒေါ်လာ ၁၅ ဒသမ ၅ ဘီလီယံရင်းနှီးမြှုပ်နှံကာ ၂၀၁၇ ခုနှစ်အပြီး တည်ဆောက်သွားမှာဖြစ်ပြီး ဒီစီမံကိန်းကြီးတွေကနေ ပါကစ္စတန်နိုင်ငံအတွက် လျှပ်စစ်ဓာတ်အား ၁၀၄၀၀ မဂ္ဂါဝပ် ထပ်မံရရှိလာမှာဖြစ်ကြောင်း၊ ဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် ဒေါ်လာ ၁၈ ဒသမ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံမယ့် နောက်ထပ်စီမံကိန်းကြီးတွေကနေ ပါကစ္စတန်နိုင်ငံဟာ ၂၀၂၁ ခုနှစ်ကျရင် လျှပ်စစ်ဓာတ်အား ၆၁၂၀ မဂ္ဂါဝပ် ထပ်မံရရှိမှာ ဖြစ်ပါတယ်။ ပါကစ္စတန်နဲ့ တရုတ် နှစ်နိုင်ငံအကြားမှာ အလင်းဖန်မျှင်ဆက်သွယ်ရေးကေဘယ်လ်ကြိုးတပ်ဆင်ရေးစီမံကိန်းကိုလည်း ဒေါ်လာ ၄၄ သန်း ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်သွားဖို့ ရှိပါတယ်။




(တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်ရေးထိပ်သီးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်နက်စဘတ်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်ခဲ့သည်)

တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ ပါကစ္စတန်နိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုကို လက်ရှိ ဒေါ်လာ ၁၆ ဘီလီယံကနေ လာမယ့် ၃-နှစ်အတွင်း ဒေါ်လာ ၂၀ ဘီလီယံအထိ ရှိလာစေဖို့ ကြိုးပမ်းဆောင်ရွက်သွားကြဖို့လည်း သဘောတူညီခဲ့ကြပါတယ်။ တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံနဲ့ ပတ်သက်ပြီး ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှာရစ်က “ဒီစီးပွားရေးစင်္ကြံဟာ ပါကစ္စတန်နိုင်ငံရဲ့ ပြည်နယ်နဲ့ ဒေသတွေအားလုံးအတွက် အကျိုးအမြတ် ရရှိလာစေမှာဖြစ်သလို ပါကစ္စတန်နိုင်ငံကိုလည်း ဒေသတွင်းမှာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအရ ဗဟိုချက်ဒေသတစ်ခုအဖြစ် ပြောင်းလဲသွားစေမှာဖြစ်ကြောင်း၊ ဒါ့အပြင် စီးပွားရေးစင်္ကြံဟာ တရုတ်နိုင်ငံအတွက် တောင်အာရှဒေသ၊ အလယ်ပိုင်း အာရှဒေသ၊ အနောက်ပိုင်းအာရှဒေသ၊ အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကဒေသတွေနဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု လမ်းကြောင်းကို ကျုံ့သွား စေမှာဖြစ်တဲ့အတွက် ကုန်ပစ္စည်းတွေလည်း ဈေးနှုန်းသက်သာလာစေမှာဖြစ်ကြောင်း၊ ဒါကြောင့် ဒီစီးပွားရေးစင်္ကြံဟာ ငြိမ်းချမ်းရေးနဲ့ ကြွယ်ဝချမ်းသာမှုအတွက် သင်္ကေတတစ်ရပ် ဖြစ်လာဖို့ရှိကြောင်း” ပြောကြားခဲ့ပါတယ်။

တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ ပါကစ္စတန်နိုင်ငံ ခရီးစဉ်အတွင်းမှာ သဘောတူညီမှုရရှိခဲ့တဲ့ အချက်များအနက် ပါကစ္စတန်နိုင်ငံရဲ့ ကာရော့ရေအားလျှပ်စစ်စီမံကိန်း (Karot Hydropower Project) ဟာ တရုတ်နိုင်ငံက ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း စတင်ဖော်ထုတ်ခဲ့တဲ့ ဒေါ်လာ ဘီလီယံ ၄၀ ချမှတ်ထားတဲ့ ပိုးလမ်းမရန်ပုံငွေကနေ ပထမဆုံး အထောက်အပံ့ပေးတဲ့ စီမံကိန်းတစ်ခုဖြစ်လာခဲ့ပါတယ်။ ဒီရေအားလျှပ်စစ်စီမံကိန်းဟာ ဒေါ်လာ ၁ ဒသမ ၆၅ ဘီလီယံ ကုန်ကျဖို့ရှိပြီး စီမံကိန်းကို ၂၀၂၀ ပြည့်နှစ်မှာ လုပ်ငန်းတွေ စတင်လည်ပတ်ဆောင်ရွက်သွားဖို့ရှိပါတယ်။ သဘောတူညီချက်အရ တရုတ်နိုင်ငံဟာ ဒီရေအားလျှပ်စစ်စီမံကိန်းကို နှစ် ၃၀ ကြာ လည်ပတ်လုပ်ကိုင်သွားမှာဖြစ်ပြီး အဲဒီနောက်ပိုင်း ပါကစ္စတန်နိုင်ငံကို ပြန်လည်လွှဲပြောင်းပေးသွားမှာ ဖြစ်ပါတယ်။

# ကျေးလက်နေပြည်သူများ နွေရာသီတွင် သောက်သုံးရေ အခက်အခဲမရှိစေရန် စက်ရေတွင်းတူးဖော်ဆောင်ရွက်



**ငါးသရောက် မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ် အိုရင်းကျေးရွာအုပ်စု နှပ်ချိုတောကျေးရွာမှ ကျေးလက်နေပြည်သူများ နွေရာသီတွင် သောက်သုံးရေအခက်အခဲမရှိစေရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၃ သန်းဖြင့် ဂါလန် ၂၀၀၀ ဆံ့ရေအုတ်ကန်နှင့် ရေစက်ရုံအပါအဝင် ပေ ၈၀၀ ခန့်ရှိ လေးလက်မ အဝီစိစက်ရေတွင်းတစ်တွင်းတူးဖော်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းတူးဖော်ဆောင်ရွက်မှု လုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘတ်ဂျက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ညောင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီမံဆောင်ရွက်ပေးနေကြောင်း၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို မကွေးတိုင်းဒေသကြီးမှ စက်ရေတွင်းတူးဖော်ရေး လုပ်ငန်းအဖွဲ့သားများက တာဝန်ယူဆောင်ရွက်ပေးနေကြောင်း၊ လုပ်ငန်းပြီးစီးမှု ၃၀ ရာခိုင်နှုန်းခန့်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အလားတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃ ဒသမ ၆ သန်းဖြင့် ညောင်ဦးမြို့နယ် ထီပုကျေးရွာမှ စက်ရေတွင်းအား ပြန်လည်ပြုပြင်ပြီး ယင်းစက်ရေတွင်းမှ ညောင်ပင်သာကျေးရွာထိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ရေအုတ်ကန်ဆောက်လုပ်ကာ ညောင်ပင်သာကျေးရွာနေ ပြည်သူများသောက်သုံးရေရရှိရေး အတွက် လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းအပြင် မြေဖြူကန်ဘုန်းတော်ကြီးကျောင်းရှိ စက်ရေတွင်းမှ တောပုံဝကျေးရွာသို့ ခွင့်ပြုငွေကျပ် ၃ ဒသမ ၆ သန်းဖြင့် ရေပိုက်လိုင်းများသွယ်တန်းခြင်းနှင့် ရေလှောင်အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး တောပုံဝကျေးရွာနေ ပြည်သူများ သောက်သုံးရေရရှိရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယင်းကျေးရွာများတွင်လည်း လုပ်ငန်းပြီးစီးမှု ၃၀ ရာခိုင်နှုန်းခန့် ရှိနေပြီဖြစ်ကြောင်းသိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## သန်းခေါင်စာရင်းအချက်အလက်များဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ဖာပွန် မတ် ၂၀**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရရှိခဲ့သည့် သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းဆင့်ပွား အလုပ်ရုံဆွေးနွေးပွဲကို ယွန်းစလင်းခန်းမဆောင်၌ မတ် ၁၄ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးမှူး ဦးဝင်းဇော်အောင်က သန်းခေါင်စာရင်း အချက်အလက်များဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းဦးက မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၃၀ ကြာ မကောက်ယူနိုင်ခဲ့သည့် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် ဧပြီလတွင် ကောက်ယူနိုင်ခဲ့မှုနှင့် ဖာပွန်မြို့၏ လူဦးရေစာရင်းအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် သန်းခေါင်စာရင်းကောက်ယူသည့်နည်းလမ်းများနှင့် သရုပ်ပြသမှု၊ လူဦးရေဆိုင်ရာ အချက်အလက်များ၊ ပြည်တွင်းပြည်ပပြောင်းရွှေ့သွားလာခြင်း၊ ကလေးမွေးဖွားမှု၊ သေဆုံးမှုအကြောင်းအရာများ၊ ပညာရေး၊ စီးပွားရေးအချက်အလက်များ၊ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား၊ မသန်စွမ်းအကြောင်းအရာ၊ အိမ်အကြောင်းအရာ စသည့်အကြောင်းအရာများကို မတ် ၁၄ ရက်မှ ၁၆ ရက်ထိ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

## နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေး ဘုတလင်တွင် ကွင်းဆင်းဆောင်ရွက်

**ဘုတလင် မတ် ၂၀**

ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးနှင့် နွေရာသီတွင် သောက်သုံးရေရရှိရေး၊ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရန် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မတ် ၁၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်းရှိ ကုန်းသာကျေးရွာအုပ်စုတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမင်းဝေက "ကျွန်တော်တို့အဖွဲ့တွေရယ် အင်ဂျင်နီယာတွေရယ် ပူးပေါင်းပြီး လက်ရှိရေမပြတ်လပ်သော်လည်း ရာသီဥတုပြောင်းလဲပါက ရေရှားပါးနိုင်တဲ့ ကုန်းတွင်းလိုနေရာမျိုးတွေနဲ့ ရေရှားပါးနိုင်ရှိတဲ့ ကျေးရွာတွေကို ကွင်းဆင်းပြီး သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်အောင် ကြိုတင်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို ကျေးရွာတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အကယ်၍ ရုတ်တရက် သောက်သုံးရေ ပြတ်လပ်မှုဖြစ်ပေါ်ခဲ့ရင်လည်း ဌာနက ဆောင်ရွက်ရမယ့်နည်းလမ်းတွေကိုလည်း စီမံဆောင်ရွက်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**






## ဂုဏဝိသိဋ္ဌပူဇာသဘင်ဖိတ်ကြားလွှာ

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာကြီးများ၏ ဦးစီးပဓာနနာယက၊ သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းနှင့် ယောနသံစင်ရော်၏ နက်နဲသောပဟေဠိများကိုဖွင့်ဆိုခြင်း ကျမ်းပြုဆရာတော် ဘဒ္ဒန္တစန္ဒိမာ(အောင်လံ) အရှင်သူမြတ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် "အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ"ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူသဖြင့် ကျေးဇူးတော်ရှင် အောင်လံဆရာတော်ကြီးအား ဂုဏဝိသိဋ္ဌထပ်ဆင့် ဂုဏ်ပြုပူဇော်ခြင်းအခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါ သောကြောင့် အောင်လံဆရာတော်ကြီး၏တပည့် ယောဂီသူတော်စင်အပေါင်းတို့အား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန် သဒ္ဓါတရား ထက်သန်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(က) ကျင်းပမည့်နေ့ရက် - ၂-၄-၂၀၁၆ ရက်(စနေနေ့)
(ခ) ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီတိတိ
(ဂ) ကျင်းပမည့်နေရာ - တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ ရန်ကုန်ရိပ်သာကြီး၊ ကုန်းတလပေါင်စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဗဟိုဥပဋ္ဌာကအဖွဲ့

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**Tender No.3-37(T) /MESC/2015-2016**

၁။ လက်ပံလှ-ဇရပ်ကွင်း ၆၆ ကေဗွီ ဓာတ်အားလိုင်း(၂၃)မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား (ဌာနပစ္စည်းဖြင့်) ဆောင်ရွက်လိုပါသဖြင့် တည်ဆောက်မည့်ကုမ္ပဏီများအား လုပ်ငန်းအပ်နှံဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါရောင်းချမည့်နေ့ - ၁၉-၃-၂၀၁၆ ရက်
တင်ဒါပိတ်မည့်နေ့၊ အချိန် - ၂၂-၃-၂၀၁၆ ရက် ၁၃း၀၀ နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)
၇၇ လမ်း၊ ၂၆×၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၇၃၈၀၁

## မြတ်ဘိုးဘွားများရိပ်သာ (ရန်ကုန်) အကြိမ်အထူးတရားပွဲဖိတ်ကြားခြင်း

၁။ ဗုဒ္ဓမြတ်စွာဘုရား၏ လမ်းစဉ်နှင့် တရားတော်များကို ကျင့်ကြံအားထုတ်လိုသော ပုဂ္ဂိုလ်များအတွက် ဓမ္မဒါနအလှူရှင်များမှ မြိတ်ဇာတိဖွားဆရာတော်များဖြစ်သော The World Buddhist Outstanding Leader Award၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ (မန္တလေး) နှင့် အရှင်ဝိစာရ ဓမ္မာစရိယ BA သာသနရက္ခိဘုရားကုန်းကျောင်း၊ လှည်းကူးမြို့နယ် (ဖောင်ကြီး) တို့မှ မြိတ်နယ်သူ၊ နယ်သားများနှင့် ဆရာတော်၏ တပည့်များအတွက် (၁၂. ၄. ၂၀၁၆) မှ (၁၈. ၄. ၂၀၁၆) ထိ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပေါင်းကူညာဏရပ်ကွက်၊ ဂန္ဓမာလမ်းရှိ "လောင်းတော်ဦး သစ္စာအောင်မြေ ဓမ္မရိပ်သာ" ၌ (၇)ရက် အထူးတရားစခန်းပွဲကို ချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၂။ တရားအားထုတ်လိုသောပုဂ္ဂိုလ်များအတွက် မြိတ်ဘိုးဘွားများရိပ်သာ (ရန်ကုန်)၊ လောင်းတော်ဦး သစ္စာအောင်မြေဓမ္မရိပ်သာ၊ ပတ္တမြားဓမ္မရိပ်သာတို့တွင် နေရာစီစဉ်ချထားပေးမည် ဖြစ်ပါသည်။

၃။ တရားအားထုတ်လိုသောပုဂ္ဂိုလ်များသည် အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ (၅. ၄. ၂၀၁၆) နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

၁။ ဦးဝင်းထိန်-၀၉၅၁၁၈၅၀၀ ၂။ ဒေါ်ရီရီဆွေ-၀၁၂၃၀၀၈၀၆ ၃။ ဒေါ်ချိုနွယ်ဦး- ၀၉၅၀၂၀၅၂၇
၄။ ဒေါ်တင်တင်ထွေး (ခ) ဒေါ်ပိန်-၀၉၂၅၀၀၂၉၆၄၄ ၅။ ဦးသန်းဌေး-၀၉ ၄၂၀၀၀၆၆၈၉

## အထူးပင်ရှင်လန်းဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ချစ်သမီး မဂျက်စမင်ဆွေ [Grade-10၊ အထက(၁)မိတ္ထီလာ]သည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဘက်စုံထူးချွန်(လူရည်ချွန်)အဖြစ် ရွေးချယ်ခံရပါသဖြင့် အထူးပင် ရွှင်လန်းဝမ်းမြောက်ဂုဏ်ယူမိပါသည်။

သမီးလေး ကျန်းမာအသက်ရှည်စွာဖြင့် ပညာရေးတွင် ဆက်လက်ထူးချွန်ပါစေကြောင်းနှင့် နိုင်ငံ့အကျိုးသယ်ပိုးနိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

မေမေ ကြီးကြီး
ဖေဖေ ဦးခင်မောင်ဆွေ**(Galaxy)** မိတ္ထီလာ၊
မေမေ ဒေါ်တူးတူးမာ**@**ဒေါ်သဇင်လွင်၊ ကျောင်းအုပ်ဆရာမကြီး၊ အထက(၂)မန္တလေး
မမကြီး ကေသရီဆွေ**@Cynthia Swe(Final Part II-IMM)**
ဦးဦးများနှင့်အန်တီများ

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
**09-6809893**
**09-5120620**

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများအနေဖြင့် တက်ရောက်လိုပါက ဦးစိုးအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဖုန်းနံပါတ်-၀၁-၃၀၅၇၇၅၈၊ ၀၁-၂၄၅၀၈၆၊ ၀၉-၇၉၄၆၁၄၁၁၇ ထံသို့ ဆက်သွယ်၍ အမည်စာရင်းပေးသွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၆-၃-၂၀၁၆ ရက်
ကျင်းပမည့်အချိန် - နံနက် ၁၀ နာရီ
ကျင်းပမည့်နေရာ - ရုံးအမှတ်(၂၂၈/၂၄၀)၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ညီလာခံခန်းမ၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန
ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန



ဂျပန်နိုင်ငံမှ IT ပညာရပ်များကို လေ့လာသင်ယူနိုင်မည့် IT သင်တန်းကျောင်းကိုမြန်မာနိုင်ငံ၌
၂၀၁၅ ခုနှစ်ဝင်ဘာလတွင်စတင်ဖွင့်လှစ်ခဲ့ပြီး၊ ၂၀၁၆ ဇွန်လတွင်တန်းခွဲသစ်များကိုထပ်မံဖွင့်လှစ်ပါတော့မည်

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးဂျပန်နိုင်ငံ၏ကိုင်တီစီးပွားရေးလုပ်ငန်းများတွင်
အလုပ်ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် . . .

2016 June Start !

METRO
IT & Japanese Language Centre

ဂျပန်နိုင်ငံမှာ IT ပညာရှင်များစွာ လိုအပ်လျက်ရှိနေတယ် ဆိုတဲ့သတင်းက အမှန်ပဲလား ?

METRO IT ကျောင်းနဲ့ ဂျပန် IT ကုမ္ပဏီ ဘယ်လိုများ ဆက်စပ်နေပါလိမ့်... ?

METRO IT ကျောင်း မှာ ဂျပန်ဘာသာကော သင်ပေးမှာလား... ?

ဂျပန် IT ကုမ္ပဏီမှာ အလုပ်လုပ်ရင် ဘယ်လို အခွင့်အရေးတွေရနိုင်မလဲ... ?



March လ 31 ရက်နေ့နောက်ဆုံးထား၍ ကျောင်းအပ်နှံပါက ပထမနှစ်ကျောင်းလခ၏
5% Discount အကျိုးခံစားခွင့်ရရှိပါမည်

အိုင်တီနှင့်ဂျပန်စာကိုအတူလေ့လာရင်းဂျပန်
အိုင်တီကုမ္ပဏီများတွင်အလုပ်လုပ်ကြရအောင်

IT & Japanese Language Centre
သင်တန်းကျောင်း၏ သင်ကြားရေးနှင့် ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ
( Great Chance Seminar )

**Date** : 27.3.2016 (Sunday)
**Time** : 1:00 ~ 3:00
**Venue** : METRO IT & Japanese Language Centre

လူဦးရေကန့်သတ်ထားပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်း၍ **အခမဲ့** တက်ရောက် ဆွေးနွေးနိုင်ပါသည်။

ဆက်သွယ်ရန် - အမှတ် ၁၀၅(ဘီ)၊ ဒုတိယထပ်၊ ဦးရန်အောင်တိုက်၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၂၃၁၅ ၇၅၂ ၊ ၀၉-၂၅၃ ၅၅၇ ၁၄၄ ၊ ၀၉-၉၇၆၃၃၄၁၆၀ ။ www.metro-myanmar.com/mic
Email : mminfo@metro-myanmar.com www.facebook.com/metrogroupmyanmar

**Global Asia Myanmar** Travels & Tours Co.,Ltd

မဟာသင်္ကြန်နှစ်သစ်ကူးခရီးစဉ်များ

Let's go around the World!

| | | |
|---|---|---|
| (၁) | အမေရိကား | 3500 USD |
| (၂) | အမေရိကား | 4500 USD |
| (၃) | အမေရိကား | 6500 USD |
| (၄) | အင်္ဂလန် + စကော့တလန် +အိုင်ယာလန် | 5500 USD |
| (၅) | ဥရောပ | 4000 USD |
| (၆) | ဂျပန် | 2800 USD |
| (၇) | ကိုရီးယား | 2500 USD |
| (၈) | ဟောင်ကောင် | 1600 USD |
| (၉) | ဘန်ကောက် | 690 USD |
| (၁၀) | ဖူးခက် | 790 USD |
| (၁၁) | ဗီယက်နမ် | 950 USD |
| (၁၂) | ဗီယက်နမ် + ကမ္ဘောဒီးယား | 1250 USD |
| (၁၃) | စင်္ကာပူ | 950 USD |

"ရွှေမြန်မာတိုင်း ကမ္ဘာပတ်နိုင်စေရမည်"

အမှတ် (၁၈၀)၊ ဓမ္မစေတီလမ်း၊ စင်္ကာပူသံရုံးအနီး၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
အမှတ်(၁၆၇)၊ ၃၈ - လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
01-388911, 01-382988, 01-536400, 01-501202, 01-391619, 09-5152580
09-450043884,09-440009127, 09-440009128, 09-250032489

**မြတ်ဗောဓိ** ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့

"သာသနာပြုခရီးသည်များ စိတ်ချမ်းမြေ့စွာဘုရားဖူးဖို့ မြတ်ဗောဓိသာရွေးချယ်ပို့"

၁။ (၉) ရက် } ဗုဒ္ဓဂယာ၊ ဗာရာဏသီ (၈) မိဂဒါဝုန်- သာဝတ္ထိ- လုမ္ဗိနီ ( နီပေါ )- ကုသိနာရုံ- ဝေသာလီ- ပတ္တနား- ရာဇဂြိုဟ် -နာလန္ဒာ-ဗုဒ္ဓဂယာ ( သံဝေဇနီယ (၄) ဌာန ၊ အဋ္ဌမဟာ (၈) ဌာန )

၂။ (၁၄) ရက် } ဗုဒ္ဓဂယာ၊ ဗာရာဏသီ (၈) မိဂဒါဝုန်- သင်္ကဿနဂိုရ်-အာဂရာ (တပ်ချ်မဟာ)- နယူးဒေလီ- သာဝတ္ထိ -လုမ္ဗိနီ -ကုသိနာရုံ- ဝေသာလီ- ပတ္တနား- ရာဇဂြိုဟ်- နာလန္ဒာ-ဗုဒ္ဓဂယာ (သံဝေဇနီယ(၄)ဌာန ၊ အဋ္ဌမဟာ(၈)ဌာန)

ရဟန်းတော်၊ သီလရှင်၊ ပင်စင်စားပုဂ္ဂိုလ်တစ်ဦးလျှင်-၁၀၀၀၀ိ/-passportရှိသူ-၃၀၀၀၀ိ/-(၅)ဦးတစ်စုလျှင်-၅၀၀၀၀ိ/(၁၀)ဦးတစ်စုလျှင်-၂၀၀၀၀ိ/-လျှော့ပေးသည်။ (၁၆)ဦး တစ်စုလျှင် တစ်ဦးအခမဲ့ လိုက်ပါခွင့်ပြုပါသည်။ နယ်မှခရီးသည်များအတွက်ကြို-ပို့တည်းခိုနေထိုင်ရေး စီစဉ်ပေးသည်။ သစ်သီးဆွမ်း၊ ယာနာဆွမ်း၊ ရေချမ်းပန်းနှင့် India GSM Simcard နှင့် Internet wifi မေတ္တာလက်ဆောင်ပေးပါသည်။ခရီးလမ်းတလျှောက်တွင် စားသောက်စရာများကိုလိုလေသေးမရှိပြည့်စုံစွာကျွေးမွေးဧည့်ခံပါမည်။ဘုရားဌာန(၄)ဌာနများတွင်စုပေါင်းကြာသင်္ကန်း(၁၁)ထည်ဆက်ကပ်မည်။ကားညမောင်းခရီးစဉ်(လုံး၀)လုံး၀မပါပါ။ မိသားစုအဖွဲ့အစည်းများအတွက် အထူးခရီးစဉ်များ စီစဉ်ပေးပါသည်။

၁၃ညအိပ် ၊ ၁၄ ရက် - { April - 9 သင်္ကြန်အထူးခရီးစဉ် }
၈ညအိပ် ၊ ၉ ရက် - { April - 9 သင်္ကြန်အထူးခရီးစဉ် }

အမှတ်(၁၃၃၊ ၁၃၅၊ ၁၃၇)၊အခန်း(၃/အေ)၊လမ်း(၄၀)၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြားကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
Ph:01-377129, 09-49338595, 263125261, 788304828, 420134528 E-mail:myatbodhi@gmail.com

**ရခိုင်ပြည်ဘုရားဖူးခရီး** ကောင်းထက်စံနှင့်အဖွဲ့ လက်မှတ်အိမ်ပို့ပေးသည်

ကျောက်တော်မဟာမြတ်မုနိဘုရား၊ မြောက်ဦးဘုရားပုထိုးများ၊ ပုဏ္ဏားကျွန်းစစ်တွေ၊ ပို့င်ကမ်းခြေ၊ သံတွဲဘုရားများ၊ ငပလီကမ်းခြေ (ဟိုတယ်)တည်း၊ငြိမ်းနန်းနက်နေ့လည်၊ညနေ၊စား၊ငြိမ်း။200000/(၅ည ၆ရက်) ဘုန်းကြီးကျောင်းတည်း 150000/(25-3-16) သင်္ကြန်(12-4-16) ထွက်မည်။ ဗီဒီယိုမှတ်တမ်းလက်ဆောင်။ Ph:09 448003431,0949660481,09 798860461

**ဆောင်းနွေမိုး** အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်း (၄)ရက်ခရီး တောင်ကြီး၊ အင်းလေး၊ ကလောပြည်နယ်လွှိုင်ကော် (၆)ရက်ခရီး ထားဝယ် ခွင်ဘဲ့ငွေ့၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်ကျိုက်ထီး၊ စတော်ဘ (၇)ရက်ခရီးစဉ် ရွှေဆံတော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (၅)ရက်ခရီး၊ ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ ကျောက်စိမ်း (၅)ရက်ခရီး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၅)ရက်ခရီး

Ph : 09 448004288, 09 448004289

**GOLDEN TRIANGLE** Travels & Tours

* ရန်ကုန်-မဲဆောက်-ဗန်ကောက်-ကမ္ဘောဒီယား-ဗန်ကောက်-အယုဒ္ဓယ-မဲဆောက်-ရန်ကုန် (4.5 သိန်း)
(ကားဖြင့်သွားပါမည်) 8D/7N 12 - April - 2016

Ph : 09 4000 11689 / 09 7800 34656

**သုခလမ်းညွှန်** Travels & Tours

ခရီးစဉ်များအားလုံးအတွက် Scania Car တစ်မျိုးတည်းကိုသာ အသုံးပြုထားပါသည်။

| | | | |
|---|---|---|---|
| မန္တလေး - ပြင်ဦးလွင် - မုံရွာ(အလောင်းတော်ကဿပ) | April-11,17 | 195000 | (5N-6D) |
| မင်းကွန်း - စစ်ကိုင်း - မန္တလေး - ပြင်ဦးလွင် - ဂုတ်ထိပ်တံတား | April-11,17 | 185000 | (4N-5D) |
| တောင်ကြီး - အင်းလေး - ပင်းတယ - လွိုင်ကော် - ဒီမောဆို | April-11,17 | 195000 | (5N-6D) |
| တောင်ကြီး - အင်းလေး - ပင်းတယ - ကလော | April-11,17 | 175000 | (4N-5D) |
| ပုဂံ - ညောင်ဦး - ပုပ္ပါး - ပခုက္ကူ - ရွှေစက်တော် | April-11 ,17 | 225000 | (5N-6D) |
| ပုဂံ - ညောင်ဦး - ပုပ္ပါး - ပခုက္ကူ | April-11 ,17 | 185000 | (4N-5D) |
| နတ်မတောင် - ကျားဒိုရှာ - မင်းတပ် | April-11,17 | 289000 | (5N-6D) |
| နတ်မတောင် - မင်းတပ် - ဘုံတလာရေတံခွန် | April-11 | 245000 | (5N-6D) |
| တောင်ကြီး - ကျိုင်းတုံ - တာချီလိတ် - ရွှေကြိုင် - မယ်ဆိုင် - ချင်းမိုင် | April-11 | 465000 | (7N-8D) |
| မိုင်းလား(ကာစီနိုမြို့တော်) - ကျိုင်းတုံခရီးစဉ် | April-14,15 | 450000 | (3N-4D) |
| ထားဝယ် - ရှင်ကိုရှင် - ကန်ချုံနာမူရီ | April-17 | 345000 | (5N-6D) |
| မြဝတီ - မဲဆောက် - ဘားအံ | April-11,17 | 175000 | (4N-5D) |
| မြဝတီ - မဲဆောက် | April-11,17 | 145000 | (3N-4D) |

**ဒီနှစ်သင်္ကြန်မှာလဲ ပျော်ပျော်ပါးပါး တိုး ဒီ နဲ့ GO ပြီ**

- မန္တလေး - ဝန်ကောက် (6D/5N) April-13~18 USD-800
- စင်ကာပူ သီးသန့် (5D/4N) April-10~14 USD-890
- ကွမ်ကျိုး - မကာအို - ဟောင်ကောင် (8D/7N) April-12~19 USD-1600
- ဝန်ကောက် - ပတ္တရား (6D/5N) April-11~16 USD-650
- သီရိလင်္ကာ - ဝန်ကောက် (6D/5N) 22 April ~ 02 May USD-1650

အမှတ်(၁၀၉)၊ (ပ)ထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
01-378 503, 378 127, 250 734, Viber - 09-779999146/47, 09-5150195




DONGFENG MOTOR
DRIVING SUCCESS

YANGON SHOWROOM
No.19,Baho Road,Sanchaung Township,Yangon.
Ph: 01-230 4801, 230 4802
www.DongFeng-Myanmar.com | DFM-Myanmar

DFM

UNIQUE

# UNIQUE STAR TRAVELS & TOURS

Cambodia - Bangkok (6D) ($ 550)
Phuket - Bangkok (6D) ($ 550)
Chiangmai-Bangkok (6D) ($ 450)
Bangkok-Phuket-Chiangmai ($ 650)
Chiangmai (4D) ($ 350)
Phuket (4D) ($ 350)

Bangkok-Pattaya-Ayuttaya (6D)
[Tiger Zoo, Alcaza Show, Nong Nooch Garden, Coral Island , Kao Chee Chan, King Power, Dream World, Safari World, Emerald Buddha, Baiyoke Sky Dinner, Cruise Dinner, Ayutthaya]
Mar: 23 , 26 / Apr: 2 ($ 350 / $ 400)
Apr: 10, 11, 12, 13, 14 ($ 400/ $ 450 )

| | | | |
|---|---|---|---|
| Europe<br>Apr: 9, 12 ($ 4200) | America<br>Apr: 8,12 ($ 5700) | Australia<br>Apr:10,13 ($ 3400) | Greece<br>Apr: 9,12 ($ 3700) |
| Bali<br>Apr:12,14 ($ 950) | Japan<br>Apr:11,12,13 ($ 2900) | Singapore<br>Apr:11,14 ($ 900) | Hongkong<br>Apr:10,11 ($ 1600) |
| Thai-Cambodia-Vietnam<br>Apr:10,13,14 ($ 1300) | Cambodia-Vietnam<br>Apr:11,13,14 ($ 950) | Vietnam<br>Apr: 9,11,13 ($ 650) | |
| Thai-S'pore-Malay<br>Apr:10,13,14 ($ 1300) | Singapore-Malay<br>Apr:10,11,13,14 ($ 950) | Langkawi-S'pore<br>Apr:11,13,14 ($ 1200) | |

Yangon/Mandalay-Bangkok Airticket များကိုလက်ကားဈေးဖြင့်ရောင်းချနေပါသည်။
70/A, Kabaaye Pagoda Rd,860 4964-65-66, 708 353, 705 723, 09 7310 9133- 44- 55- 66.
No(126), 42th Street, 83rd x 84th St, Mandalay.Ph: 099 - 7200 3797, 09 - 514 8079.

## NEW MOTION Travels & Tours Co.,Ltd.

ခရီးသွားဧည့်သည်အနည်းနှင့် ခရီးစဉ်
ရန်ကုန် – ငွေဆောင် ခရီးစဉ်
April - 12 ~ 15
(Myanmar Treasure Resort, Aureum Resort & Spa)
မန္တလေး – ငွေဆောင် ခရီးစဉ်
April - 11 ~ 18
(Myanmar Treasure Resort, Aureum Resort & Spa)
ရန်ကုန် – ငပလီ ခရီးစဉ်
April - 12 ~ 15
(Thande Beach Hotel , Aureum Resort & Spa)
မန္တလေး – ငပလီ ခရီးစဉ်
April - 12 ~ 15
(Thande Beach Hotel)
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
အမှတ်-16 ၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 01 527 922, 01 538 811, 09 731 489 22, 09 260 792 878.
အမှတ်-234, 33လမ်း, 81 × 82 လမ်းကြား။ Ph; 09 431 478 79, 09 259 033 443

## Royal Gandamar

Plan ur travel with us! Save time, save money!

| | | | |
|---|---|---|---|
| ၁.ပုဂံ-ရွှေစက်တော်-စွယ်တော်(၄)ဆူ-ပုပ္ပါး-ပခုက္ကူသီဟိုဠ်ရှင်(၅ရက်) | | Mar 25 | ၁၆၅၀၀၀ |
| ၂.အလောင်းတော်ကဿပ-ဇော်ဓိတစ်တောင်-ကျောက်ကာရွှေဂူနီ (၄ရက်) | | Mar 25 | ၁၆၀၀၀၀ |
| ၃.ချောင်းသာ (Mar 22) (*Hotel ၁ ည) | S.SeaView: ၁၁၉၀၀၀ | GardenView: | ၁၀၄၀၀၀ |
| (*Hotel ၂ ည) | S.SeaView: ၁၉၉၀၀၀ | GardenView: | ၁၆၉၀၀၀ |

4.ဖားအံ - ကျိုက်ထော် ရေတံခွန် - ဆဒ္ဒန်ဂူ
5.မော်လမြိုင်- ကျိုက်ခမီ - စက်စဲကမ်းခြေ
6.တောင်ငူ - သံတောင် - ဖိုးကျားဆင်စခန်း
Mar 19,22,26
3*Hotel, Scania Express, Meals, Guide စရိတ်ငြိမ်း
အမှတ်(၁၈၅/၁၈၇) မဟာဗန္ဓုလလမ်း နှင့်၅၂လမ်းထောင့် Yurimieko ရှေ့,ဗိုလ်တစ်ထောင်မြို့နယ်
Ph-01-397484, 09-333 53275,09-3659 2255,09-25089 2626

## ကိုညာဏ် KO NYAN

Car Rental & Travel Service
ဘုရားဖူးခရီးစဉ် အမျိုးမျိုးနှင့်လချုပ်အတွက် Model မြင့် ကားသစ် မျိုးစုံ ဖောင်း/ထယ်/ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

## မြတ်သုခ Travel & Tours

09 5144756, 09 793144756
▲ မန်းရွှေစက်တော်၊ ပင်းဘူး၊ မင်းကွန်း၊ မြည်၊ ဘုရားစုံ Apr 1, 12, 13 90000/-
▲ ရွှေစက်တော်၊ ပုဂံ၊ ပခုက္ကူ၊ ဘုရားစုံ Apr 12, 13 160000/-
▲ စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ ဝေသာလီ Apr 12, 13, 190000/-
ခရီးစဉ်များအလိုက် ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။

## ချိ

ချိန်ခရီးသွားရတာ အရှမ်းအဆင်ပြေတော်ဆိုတဲ့....?
Holiday /သင်္ကြန်အထူး 50% Discounts ခရီးစဉ်များ အားလုံးကို (Hotel/ခရီးစဉ်ငြိမ်း) Restaurant,Hotel,VIP, SCANIA ကားသစ်ကြီးများဖြင့်

| | | |
|---|---|---|
| ပုဂံ – ညောင်ဦး – ပုပ္ပါး – ပခုက္ကူ။ (စွယ်တော်လေးဆူဖြည့်ငါးဖြည့်)<br>ရှေးဟောင်းပုဂံမြို့ရှိ ရိုးရာဝလေ့များ လေ့လာရင်း (ညပိုင်း Dinner စားရင်း ပျော်ပြေမှုပါ။) ၄ည/၅ရက် | VIP 2+1 အထူး180000 | Apr-12 |
| တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–မွေတော်ကက္ကူ–ထမ့်စမ်း<br>(ကံ့လုံ့ဆရာတော်၏ ထူးခြားဖြစ်စဉ်ဖူးမျှော်ရန်) ၄ည/၅ရက် | ~~360000~~ 180000 | Apr-12 |
| ပုဂံ–မန္တလေး–စစ်ကိုင်း–ပြင်ဦးလွင် (စွယ်တော်လေးဆူဖြည့်ငါးဖြည့်)<br>ကျောက်စိမ်းဘုရား နှင့် ရှေးဟောင်းပုဂံမြို့ရှိ ရိုးရာဝလေ့များ လေ့လာရင်း ၄ည/၅ရက် | ~~360000~~ 180000 | Apr-12 |

2016 သင်္ကြန်အတွက်ခရီးစဉ်တိုင်းကိုသီးသန့်အဆင့်မြင့်စရိတ်ငြိမ်းခရီးစဉ်အားလုံးကြိုတင်စာရင်းပေးနိုင်ပါသည်။
ကုမ္ပဏီ အဖွဲ့အစည်းနှင့် မိသားစုများအတွက် ခရီးစဉ် ကားမျိုးစုံ ကားစီးလုံး ငှားစီစဉ်ပေးသည်။
E-mail: sweet1975.sweet@gmail.com
Ph: 09-420073607, 09-73211079, 09-31013761, 09-49250637



AUNG NAING SCHOOL OF ACCOUNTANCY

ဦးအောင်နိုင် (ရွှေတံဆိပ်ဆုရှင်-CPA)

B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)

# LCCI & ACCA

March လ တန်းခွဲသစ်များ

ကျောင်းအပ် လက်ခံပြီ

တက္ကသိုလ်ဝင်တန်း(၁၀ တန်း)ဖြေဆိုထားပြီးသူများ
LCCI Level 1,2 မှစတင်တက်ရောက်နိုင်ပါသည်။
ACCA အတွက် ပထမဆုံးအပ်နှံသူ (၄၀)ဦးကို
US$ 115 နှင့်ညီမျှသော Scholarship နှင့်
သင်တန်းကြေးသက်သာခွင့်များ
ပြန်လည်ပေးအပ်သွားပါမည်။

အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)။ Tel: 01-377610, 09-730 66231, 09-730 99752, 09-320 60060



နိုင်ငံတကာလေကြောင်းလိုင်းများတွင် လေယာဉ်မောင်/မယ်များအဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(M.T.F)၏ အသိအမှတ်ပြု Training Centre
အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်း သတ်မှတ်ထားသောသင်ရိုးညွှန်းတမ်း

## International Flight Attendant Course



* အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေး အဖွဲ့အစည်း၏သတ်မှတ် သင်ရိုးညွှန်းတမ်းများဖြင့် နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမ များကိုယ်တိုင် တက်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးပါသည်။
* သင်တန်းတက်နေစဉ်အတွင်း လေကြောင်းလိုင်းမှ Interview များဝင်ရောက်ဖြေဆိုနိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးပါသည်။
* ပြည်တွင်းပြည်ပ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်အတွက် ကူညီပေးသည်။

* သင်တန်းဝင်ခွင့်လျှောက်လွှာပိတ်ရက် (4.4.2016) * လူဦးရေကန့်သတ်ထားပါသည်။

STAR RESOURCES
တိုက် (၂၆၇)၊ အခန်း (၂၀၂)၊ ပြည်လမ်း၊ မြေနီကုန်း(ရိုးမဘဏ်အနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
☎ 01- 523 200၊ 230 4020၊ 230 4021၊ 523 623၊ 09 5020 302။ www.star-resourcesacademy.com



# ဦးအောင်ဟိန်းကျော်

ရေးပြောဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ

writing (essay, letter) grammar

အင်္ဂလိပ်စကားပြော သင်တန်း
▪ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

၁၆၇၊ ၃ထပ်၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ လယ်၊ ရန်ကုန်
▪ ဇဂ်မအိမ်ရာ၊ ဇဂ်မလမ်း၊ ရုပ်ရှင်ရုံနှင့်ထူပါရုံကြား၊ ၂ မြောက်၊ သာကေတ
▪ 09785171841 ▪ 392468 09517184



ပန်းတိုင် (ကျော်) အုပ်စု ဝန်ဆောင်မှုကုမ္ပဏီလီမိတက် မှ
အလှူရှင်ကမ္ဘည်းများအား ၁၂၀၀၀ ကျပ်နှင့်
၆၅၀၀ ကျပ်ဖြင့်
အိမ်/ခြံနံပါတ်များအား စတီးရွှေ/ငွေ/ကြေးပြားများဖြင့် ပြုလုပ်ပေးနေပါသည်။



Scaffolding & Pipe Support

ငြမ်း၊ T တိုင် - ငှားရန်ရှိသည်

Eagle-ဆက်သွယ်ရန်ဖုန်းနံပတ် ၀၉- ၇၈၃၈၆၆၈၆၃
၀၉-၄၂၂၅၂၇၄၅၉၊



21 Ton- ၂.၃ သိန်း
25 Ton- ၂.၅ သိန်း
ငှားမည်




73113100
73188101



၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်၊ ပုဂ္ဂလိကကျောင်းအားလုံးတွင် မင်္ဂလာဒုံတစ်မြို့နယ်လုံးပထမ၊ မြောက်ပိုင်းတစ်ခရိုင်လုံးဒုတိယ

Since 1996

# ပုလဲ

ဆရာဝန်များဦးစီးသော
စံပြဘော်ဒါနှင့်
(၅တန်းမှ ၁၀တန်း) ကိုယ်ပိုင်အထက်တန်းကျောင်း

ဆိတ်ငြိမ် ခြံဝင်းကျယ် အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။
ကွန်ပျူတာ၊ အင်္ဂလိပ် (4 Skill)၊ အားကစား၊ တေးဂီတ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ၊
(၁၀) တန်းပီပီတို့ ဆရာဝန်ဖြစ်ရန်လေ့ကျင့်ခဲ့သည့်အတိုင်း ဂုဏ်ထူးထွက်အောင်မြင်စေရန် လေ့ကျင့်ပေးသည်
(၈) တန်းအစိုးရစစ် အတွက်လည်း အထူးလေ့ကျင့်ပေးသည်။ ဘွဲ့ရအဆောင်မှူး/Guide နှင့် လယ်/ထက်(ဘာသာပြ) များအလိုရှိသည်
(၉) တန်းအထူး - သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀) တန်းတပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
(၁၀)တန်း (၄)ဘာသာဂုဏ်ထူးနှင့်အထက် နှင့် (၈/၉) တန်းကျောင်းတွင်း ပထမဆုရကျောင်းသားများကို နိုင်ငံခြားတက္ကသိုလ် လေ့လာရေး အခမဲ့ပို့ဆောင်ပေးသည်။
အမှတ် (၇၇) ငုဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း - ၀၉ ၅၁၅၈၈၅၁၊ ၀၉ ၇၁၂၉၉၇၂၆။






Since 1986

# KMD Institute

နိုင်ငံတကာအရည်အသွေးစံချိန်မီ
ISO 9001:2008 လက်မှတ်ရ

www.facebook.com/kmdedu.mm
www.kmd.com.sg



## အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာသင်တန်းများတက်ရောက်နိုင်ပါသည်။

### လုပ်ငန်းခွင်သုံး ကွန်ပျူတာ သင်တန်းများ

- i-Office 2013
- Layout Design Course
- Graphic Design Course
- Effective Presentation with Power Point
- LCCI Computerized Accounting (MYOB)
- LCCI Level I, II, III(Book Keeping & Accounting)
- Autocad 2014
- 3D Max Engineering
- Revit Architectural
- Excel in Business Application
- Computer For Kids

### ဘာကြောင့် KMD မှာ တက်ရောက်သင့်တာလဲ ?

- မြန်ဆန်သော အင်တာနက်အသုံးပြုနိုင်ခြင်း
- သင်ထောက်ကူပစ္စည်းများနှင့် သင်ရိုးညွှန်းတမ်းကောင်းမွန်စုံလင်ခြင်း
- အတွေ့အကြုံရင့်ကျက်သော ဆရာ/မ များမှ စနစ်တကျသင်ကြားပေးခြင်း
- စိတ်အေးချမ်းသာမှုရှိသော အဲယားကွန်းအခန်းထဲတွင် စာသင်ကြားနိုင်ခြင်း
- စင်တာခွဲပေါင်း (၁၃၈)စင်တာရှိခြင်းကြောင့် နီးစပ်ရာကျောင်းများတွင်အလွယ်တကူ တက်ရောက်နိုင်ခြင်း

Hotline: 09 262 600450
(ပန်းဆိုးတန်း) ၃၈၁၀၃၅၊ ၃၈၅၈၇၇
(သိမ်ကြီးဈေး) ၃၈၄၂၆၈၊ ၃၈၄၆၄၁
(တာမွေ-၁၂) ၅၄၁၃၂၈၊ ၅၄၆၆၀၀
(မြေနီကုန်း) ၅၂၇၄၃၆၊ ၅၀၂၂၃၃
(လမ်းမတော်) ၂၂၀၅၅၅၊ ၂၃၀၃၀၈၁
(လှည်းတန်း-၁၂) ၅၂၄၄၀၀၊ ၅၀၂၂၁၁

Hot Line No-0930500100

# ၅၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ သီလဝါအထူးစီးပွားရေးဇုန်၌ ဖွင့်လှစ်



**ရန်ကုန် မတ် ၂၀**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ဆောက်ထားသည့် (သီလဝါ) ၅၀ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်တောင်ပိုင်းခရိုင်ရှိ အဆိုပါ ဓာတ်အားပေး စက်ရုံဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မြန်မာနိုင်ငံတွင် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း များ ဖွံ့ဖြိုးလာခြင်းကြောင့် လျှပ်စစ် ဓာတ်အားလိုအပ်ချက် များပြား လျက်ရှိရာ နယ်မြေအနှံ့ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးနိုင်ရန် လျှပ်စစ် စွမ်းအားဝန်ကြီးဌာနက နိုင်ငံခြားငွေ၊ ပြည်တွင်းငွေ သန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆

**မန္တလေး၌ ကျင်းပမည့် Job Fair 2016 တွင် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပါဝင်မည်**
စာမျက်နှာ – ၂

**အကယ်ဒမီပွဲအတွက် ရွှေကြိုရွေးချယ်**
စာမျက်နှာ – ၉

**ခရီးသွားဧည့်သည်များ ကော့သောင်းခရိုင် ကမ်းရိုးတန်းဒေသအတွင်းသို့ လာရောက်လည်ပတ်မှု ပိုမိုများပြား**
စာမျက်နှာ – ၁၀

# ငမိုးရိပ်ချောင်းဖြတ် ရွှေပေါက်ကံတံတားဖွင့်လှစ်



သတင်းနှင့်ဓာတ်ပုံ – စောသိန်းဝင်း

**ရန်ကုန် မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(အရှေ့)မြို့နယ်နှင့် ရွှေပေါက်ကံမြို့သစ်တို့ကို ဆက်သွယ်တည်ဆောက်ထားသော ငမိုးရိပ်ချောင်းဖြတ် ရွှေပေါက်ကံ တံတားသစ်ဖွင့်ပွဲနှင့် ကျန်စစ်သား လေးလမ်းသွား ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ မုခ်ဦးများရှေ့၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က တံတားမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်ဝန်ဦးလှမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်၊ တံတား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်စိုးတို့က တံတားသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရွှေပေါက်ကံတံတားနှင့် ဆက်စပ်လျက်ရှိသော ကျန်စစ်သား လေးလမ်းသွား ကွန်ကရစ်လမ်းသစ်ကို ဆက်လက်ဖွင့်လှစ်ပေးကြသည်။

ရွှေပေါက်ကံ လေးလမ်းသွားတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး တံတားအထူးအဖွဲ့(၁၁)က ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားအရှည် ၂၄၂ မီတာ၊ အကျယ် ၁၄ ဒသမ ၆ မီတာ လေးလမ်းသွား၊ ရေလမ်းကင်းလွတ် အမြင့် ၅ ဒသမ ၅ နှင့် ရေလမ်းအကျယ် မီတာ ၃၀၊ ခွင့်ပြုယာဉ်အလေးချိန် ၇၅ တန်၊ စီမံကိန်း တန်ဖိုးကျပ် ၇၆၅၅ သန်းကို လျာထားတည်ဆောက်ခဲ့ရာ တံတားတန်ဖိုး ကျပ် ၅၂၅၅ သန်းနှင့် ချဉ်းကပ်လမ်းတန်ဖိုး ကျပ်သန်း ၂၄၀၀ တို့ ကုန်ကျကာ တံတားအမျိုးအစားမှာ အုတ်မြစ် မီတာ လွန်တူးပိုင်၊ အောက်ထည်သံကူကွန်ကရစ်နှင့် အပေါ်ထည် Steel box girder တို့ ပေါင်းစပ်ထားသော သံကူကွန်ကရစ်တံတားဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱

၂၀၁၅ တက္ကသိုလ်ဝင်တန်း Top Ten နှင့် ဘာသာစုံ ဂုဏ်ထူးရှင်များ ထွက်ရှိရာ . . .
သဉ္ဇာသန်းနိုင် တည်ထောင်သည့် ကိုယ်ပိုင်အထက်တန်းကျောင်း
ကျောင်းကြီး ၊ ကျူရှင် ၊ ဘိုင်၊ တက်စရာ မလိုတော့ပါ။ DAY CAMP စာကျက်ဝိုင်း စီစဉ်ပေးသည်။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ Grade 11 (မတ် ၃၀)၊ Grade 10 (ဧပြီ ၂၅)၊ Grade 9.8.7.6 (မေ ၄) စ,မည်]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း၊ မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
FORWARD အဆင့်မြင့်စာသင်ဝိုင်း
Grade 10,11 (တက္ကသိုလ်ဝင်တန်း) [ဘာသာစုံ]
Grade 11 [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
Grade 11 (မတ် ၂၈)၊ Grade 10 (ဧပြီ ၂၉)၊ Grade 9 (ဧပြီ ၃၀)၊ စ,မည်။
ကျောင်းပြန်ကား ferry စီစဉ်ပေးသည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
ကိုယ်ပိုင်အထက်တန်းကျောင်း (သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း

